The **Commerce** Journal
http://www.commercejournal.com.mm
စီးပွားရေးသတင်းဂျာနယ်
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 16, NO . 11 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | March 14 , 2016



# စတော့ရှယ်ယာတွေနဲ့ ပတ်သက်လို့ နည်းနည်းပြောပါရစေ

| ခင်မောင်ညို (ဘောဂဗေဒ) | ၁၈

## စားသုံးဆီပြဿနာ အမြေရှာ



၁၂

ထိုင်းအမှတ်တံဆိပ် ကုန်စည်ပြပွဲ
(Top Thai Brand Fair 2016 )
သတင်းစာရှင်းလင်းပွဲကျင်းပ ၁၅

ဒန်စင်ခွန်ဂိတ်ကို တရားဝင်ဂိတ်အဖြစ်
ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဟုဆို ၁၆

MPT က မဟာသင်္ကြန်ကာလကို
ရန်ကုန်တွင် Lucky Hand နှင့်
မန္တလေးတွင် Iron Cross တို့ဖြင့် ဆင်နွှဲမည် ၂၂



Mobil Delvac™
အင်ဂျင်သက်တမ်း ကြာရှည်ရန်အတွက်
အကောင်းဆုံး အင်ဂျင်ဝိုင်
Mobil Delvac
90 years
For Long Engine Life
Mobil Delvac™
MX
15W-40
5L Diesel Engine Oil
It pays to keep your engines running.
MJL & AKT PETROLEUM COMPANY LIMITED
Main Office : No.4-A, May Kha Road, Mayangone Township, Yangon, Myanmar.
Tel: (951) 661158, 656950, 656951, (959) 799 799 801, 802, 803, 804
Mandalay Office : No.(42), 35-St., Bet: 73-74 St., Chan Aye Thar San Township, Mandalay, Myanmar.



Ahlone International Port Terminal (1)
MYANMAR
MYANMAR ECONOMIC CORPORATION
MEC
CAPABILITY FOR QUALITY PRODUCT
EVERGREEN
ITALIA
Ahlone Road, Ahlone Township, Yangon, Myanmar. Ph: (+951) 2302216, 2302217, Fax (+951) 2302215

# Trade Promotion & MYANTRADE Organization ရက်တိုသင်တန်းဖွင့်လှစ်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ် (၅၂) တွင် ၂၀၁၆ ခုနှစ်၊ မတ် ၇ ရက်၌ "Trade Promotion & MYANTRADE Organization "ရက်တိုသင်တန်းကို ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ မတ် ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်တာဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိပါတယ်။

သင်တန်းကို မတ် ၇ ရက် နံနက် ၀၉း၃၀ နာရီတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။

"Trade Promotion & MYANTRADE Organization" သင်တန်းဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်မှာ MYANTRADE ဖွဲ့စည်းရာတွင် အထောက်အကူဖြစ်စေပြီး ထိရောက်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရေး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်မားစေရေး၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေး ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။

ဆက်လက်ပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့အစည်းMYANTRADE ကိုဖွဲ့စည်းတည်ထောင်ဖို့ ဆောင်ရွက်နေခြင်းကလည်း မြန်မာနိုင်ငံကုန်သွယ်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများအကောင်အထည်ဖော်ရာတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်၊ စက်မှုကဏ္ဍမှာ ကုန်ထုတ်လုပ်မှုလုပ်ငန်းပြိုင်ဆိုင်မှု ပိုမိုခိုင်မာလာစေရန်၊ ကုန်ထုတ်လုပ်ငန်းမှ ပို့ကုန်အမယ်များတိုးမြှင့်ရေး ဆောင်ရွက်နိုင်ရန်၊ SME လုပ်ငန်းများအတွက် ပို့ကုန်ဈေးကွက်သစ်ရှာဖွေနိုင်ရန်၊ သတင်းအချက်အလက် (IT) ဆိုင်ရာ ဝန်ဆောင်မှုများပေးရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး စီးပွားရေးစဉ်ဆက်မပြတ်တိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန်အတွက် ဖြစ်ပါတယ်။



ဒီသင်တန်းမှာ KOICA နှင့် KOTRA မှ ကျွမ်းကျင်သူများနှင့် GIZ မှ ကျွမ်းကျင်ပညာရှင်တို့က လာရောက်ပူးပေါင်းပြီး ဌာနမှ အဆင့်မြင့်အရာထမ်းများနဲ့အတူ သင်ကြားပို့ချပေးခဲ့ပါတယ်။

သင်တန်းသို့ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း ၇ ဦးနဲ့ အမှုထမ်း ၂၄ ဦး၊ စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၃၁ ဦး တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

အလားတူ သင်တန်းမျိုးကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးရှိ Trade Training Institute (TTI) စတုတ္ထထပ် သင်တန်းခန်းမတွင် မတ် ၉ ရက်မှ ၁၀ ရက်အထိ နှစ်ရက်ထပ်မံဖွင့်လှစ်ခဲ့ကြောင်းနှင့် သင်တန်းသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း ၁၂ ဦး၊ အမှုထမ်း ၂၀ ဦး စုစုပေါင်းသင်တန်းသား၊ သင်တန်းသူ ၃၂ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။

**သန်းသန်းနု (IT) - DTPCA**

# United Overseas Bank(UOB) ၏ တက္ကသိုလ်ပညာသင်ဆုအစီအစဉ်မှ ထူးချွန်မြန်မာ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦးအား ထပ်မံရွေးချယ်ချီးမြှင့်

United Overseas Bank (UOB) သည် မြန်မာနိုင်ငံအတွင်း ပညာရှင်လူငယ်များ ပိုမိုပေါ်ထွက်လာစေရေးအတွက် ၎င်း၏ကြိုးပမ်းဆောင်ရွက်မှု တစ်စိတ်တစ်ဒေသအဖြစ် ထူးချွန်ကျောင်းသားကျောင်းသူ ၁၅ ဦးကို ထပ်မံရွေးချယ်ခဲ့ကြောင်း UOB ဘဏ်၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ပညာသင်ဆုရရှိသူကျောင်းသားကျောင်းသူများအား ၎င်းတို့၏ ပညာရေးထူးချွန်မှု၊ ဘာသာစကားကျွမ်းကျင်မှုနှင့် ၎င်းတို့၏အသက်မွေးဝမ်းကြောင်းဆိုင်ရာ ရည်မှန်းချက်များကို သုံးသပ်၍ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ပညာသင်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား UOB ဘဏ်မှ လိုအပ်သောငွေကြေးထောက်ပံ့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် တစ်တပ်တစ်အားပါဝင်လိုသော ၎င်းတို့၏ရည်မှန်းချက်များကို ပံ့ပိုးသည့်အနေဖြင့် အလုပ်သင် အခွင့်အလမ်းများကိုပါ UOB ဘဏ်မှ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

UOB ဘဏ်၏ တက္ကသိုလ်ပညာသင်ဆုအစီအစဉ်ကို ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအစီအစဉ်ကို UOB ဘဏ်၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။အဆိုပါ ပညာသင်ဆုအစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ချို့တဲ့နွမ်းပါးသော မိသားစုများအပါအဝင် မိသားစု အခြေအနေမျိုးစုံမှပေါက်ဖွားလာသော ထူးချွန်ကျောင်းသားကျောင်းသူများအား ၎င်းတို့၏ရည်မှန်းချက်နှင့် အိပ်မက်များကို အကောင်အထည်ဖော်ရာတွင် ကူညီပံ့ပိုးသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။




ပညာသင်ဆုအစီအစဉ်၏ ဒုတိယအသုတ်တွင် ရန်ကုန်တက္ကသိုလ်မှ ထူးချွန်ပထမနှစ် ကျောင်းသားကျောင်းသူငါးဦးနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ထူးချွန်ပထမနှစ်ကျောင်းသားကျောင်းသူ ၁၅ ဦးကို ရွေးချယ်ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပညာသင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို UOB ဘဏ်က ၎င်းတို့ ကျောင်းပြီးဆုံးသည်အထိ ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

UOB သည် ၎င်း၏ သုံးနှစ်တာ တက္ကသိုလ်ပညာသင်ဆုအစီအစဉ်အရ မြန်မာကျပ်ငွေ ၁၈၉သန်း(အမေရိကန်ဒေါ်လာ ၁၇၈၀၀၀)ကိုရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ပြီးရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ဘွဲ့ကြို ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၅ ဦးကို ပညာသင်ဆုထောက်ပံ့ရေးအစီအစဉ်ဖြင့် ရွေးချယ်သွားမည်ဖြစ်သည်။

**မယ်သီတာ**

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မှူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ၊
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပေါ်ဆန်းစပါးဈေးမြင့်တာကြောင့် ပေါ်ဆန်းဆန်အဝင်ပါးလို့ဈေးမာ

ရန်ကုန်မြို့၊ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း) ရုံး၌ ၂၀၁၆ ခုနှစ် မတ် ၁၁ ရက်နေ့လယ် ဆန်ဈေးနှုန်းများ မှာ ဖျာပုံပေါ်ဆန်းဆန်ထိပ်စတစ်အိတ် ၃၁၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၉၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ထိပ်စတစ်အိတ် ၁၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးမြင့်လာတာ တွေ့ရပါတယ်။

မြောင်းမြ၊ ပုသိမ်ပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ၃၄၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၂၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်လျှင် ထိပ်စ/လတ်စတစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ နယ်စုံပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ၃၁၅၀၀ ကျပ်၊ လတ်စတစ်အိတ် ၃၀၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ဈေးနှုန်းနှိုင်းယှဉ် ကြည့်ပါက ထိပ်စ ၅၀၀ ကျပ်ခန့်၊ လတ်စတစ်အိတ် ၁၅၀၀ ကျပ်ခန့်ဈေးမြင့်လာကြောင်း၊ ရွှေဘိုပေါ်ဆန်း ဆန်သစ် ဈေးနှုန်းကတစ်အိတ်ကို ၃၉၀၀၀ ကျပ်မှ ၄၁၅၀၀ ကျပ်ဖြစ်ကြောင်း၊ ဝါးတန်းကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ပေါ်ဆန်းစပါးဈေးမြင့်နေလို့ ရန်ကုန်ဆန်ဈေးကွက်နဲ့ စပါးဈေးဆန်မကိုက်တာကြောင့် ပေါ်ဆန်းဆန်ဒိုင်သို့ အဝင်ပါးပြီး ဝယ်လိုသူနဲ့အဝင်မမျှလို့ ဈေးမြင့်ရခြင်းဖြစ်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

ဒီတစ်ပတ် မတ် ၁၁ ရက်ရဲ့ ဆန်ကြမ်းများဖြစ်တဲ့ ဧည့်မထဆန်ထိပ်စတစ်အိတ် ၂၃၀၀၀ ကျပ်၊ လတ်စတစ်အိတ် ၂၂၀၀၀ ကျပ်၊ မနောသုခရှယ်သစ်ဈေးနှုန်း ဆန်တစ်အိတ် ၂၃၅၀၀ ကျပ်မှ ၂၄၅၀၀ ကျပ်၊ ရေကျနောက်စိုက်ဧည့်မထ ဆန်တစ်အိတ် ၂၂၂၀၀ ကျပ်မှ ၂၃၀၀၀ ကျပ်နဲ့ နွေရှယ်ဆန် (သီးထပ်) ဧည့်မထ တစ်အိတ်ဈေး ၂၁၀၀၀ ကျပ်မှ ၂၂၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းပြောင်းလဲမှု မရှိဘဲ ဈေးငြိမ်နေကြောင်း သိရှိရပါတယ်။ ဧည့်မထဆန်မှာ ပြည်တွင်းဈေးကွက်သာရှိပြီး ရန်ကုန် FOB နဲ့ တရုတ်လိုင်းတို့အတွဲ သိပ်မရှိတာကြောင့် ပုံမှန်အတိုင်း ဈေးငြိမ်နေကြောင်း၊ ကုန်စည်ဒိုင်သို့လည်း အဝင်ပါးပြီး အရောင်းအဝယ်မှာ ပုံမှန်သာရှိနေကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

တရုတ်လိုင်းဖြစ်တဲ့ မူဆယ်ဆန်ဈေးကွက်ရဲ့ မတ်လ ၁၁ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မော်ဘီတစ်အိတ် ၁၄၅-၁၅၀ ယွမ်၊ စူပါတစ်အိတ် ၁၄၅-၁၄၈ ယွမ်၊ ဧည့်မထ ၁၀ မှတ်မော်ဘီတစ်အိတ် ၁၄၂-၁၄၄ ယွမ်၊ စူပါတစ်အိတ် ၁၄၂-၁၄၃ ယွမ်၊ ဧည့်မထ ၁၅ မှတ် မနောသုခတစ်အိတ် ၁၄၀-၁၄၂ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခတစ်အိတ် ၁၃၇-၁၃၉ ယွမ်၊ ရွှေဝါထွန်း ၁၃၇-၁၃၉ ယွမ်၊ ဧည့်မထ ၃၅ မှတ် ရွှေဝါထွန်း တစ်အိတ် ၁၃၅-၁၃၆ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၄၀-၁၄၅ ယွမ်၊ ငစိန် ၁၅ မှတ်တစ်အိတ် ၁၃၈-၁၃၉ယွမ်၊ ငစိန် ၂၅ မှတ်တစ်အိတ် ၁၃၆-၁၃၇ ယွမ် အသီးသီးဖြစ်ပြီး ယခင်တစ်ပတ်အတိုင်းဈေးငြိမ်နေကြောင်း၊ ယနေ့ မတ် ၁၁ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၇၉ ဒသမ ၅၃ ကျပ်ဖြစ်ပြီး တရုတ်ဘက်၌ အဖမ်းအဆီးရှိတာကြောင့် လာရောက်ဝယ်ယူသည့် တရုတ်ကုန်သည် အဆွဲနည်းတာကြောင့် အရောင်းအဝယ်အေးလျက်ရှိကြောင်း မူဆယ်ဆန်ဈေးကွက်မှာ စုံစမ်းသိရှိရပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန်တစ်ရက်ပျမ်းမျှ ၅၂၈ တန်ကျော်ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်အတွင်းစုစုပေါင်း ဆန်တန်ချိန် ၂၆၄၁ တန်ဝင်ရောက်ခဲ့ တယ်လို့ စုံစမ်းသိရှိရပါတယ်။

မြန်မာ့ ဆန်နဲ့ ဆန်ကွဲပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ မတ် ၄ ရက်အထိ တန်ချိန် ၁၄၁၁၂၅၅ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၉၆ သန်းကျော်ဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှု အနေနဲ့ တန်ချိန် ၁၀၆၇၂၉၁ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၉၀ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာ နှစ်ကာလတူထက်တန်ချိန် ၂၂၁၆၆၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၉ သန်းကျော်ဖိုးလျော့နည်းတင်ပို့ခဲ့ပါတယ်။

ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၄၃၉၆၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀၆ သန်းကျော်ရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက်တန်ချိန် ၉၄၈၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃ သန်းကျော်ဖိုးလျော့နည်းတင်ပို့ခဲ့ကြောင်း သိရပါတယ်။

**သန်းသန်းနု (IT) - DTPCA**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၃-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၈၈ | ၃၉၁ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၈၀ | ၃၈၃ | △ | ၃၅၅ | ၃၆၅ | △ | ၃၆၅ | ၃၆၅ | □ | ၃၃၅ | ၃၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၁ | ၃၇၃ | △ | ၃၄၅ | ၃၅၅ | △ | ၃၃၀ | ၃၃၀ | □ | ၃၀၅ | ၃၀၅ | □ |
| ပေါင်းဆန် | ၃၆၅ | ၃၆၅ | □ | - | - | - | ၃၅၅ | ၃၅၅ | □ | - | - | - |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၃-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၅၅ | ၄၄၀ | ▽ | ၄၄၅ | ၄၄၅ | □ | ၄၃၅ | ၄၃၅ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၆၀ | △ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၁-၃-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၆၀၀ | □ | ၂၁၅၀၀ | □ | ၇၇၂၈ | △ | ၃၃၀၀၀ | △ |
| ပုသိမ် | ၅၉၈၀ | □ | ၂၃၀၀၀ | ▽ | ၇၁၈၀ | □ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၆၉၀၀ | □ | ၂၉၀၀၀ | □ |
| ရွှေဘို | ၆၇၅၀ | □ | ၂၅၀၀၀ | □ | ၁၂၀၀၀ | □ | ၃၄၅၀၀ | □ |
| စစ်တွေ | ၅၀၀၀ | △ | ၂၁၀၀၀ | △ | ၇၄၀၀ | △ | ၂၉၀၀၀ | □ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၈၀ | □ | ၂၂၀၀၀ | □ | - | - | ၃၀၅၀၀ | △ |
| မန္တလေး | ၇၀၀၀ | □ | ၂၅၀၀၀ | □ | - | - | ၃၂၀၀၀ | □ |
| မကွေး | ၈၀၀၀ | △ | ၂၅၀၀၀ | ▽ | - | - | ၃၅၀၀၀ | ▽ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၆၇၀၀ | □ | ၂၆၀၀၀ | □ |
| လားရှိုးကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၄၀၀၀၀ | △ |
| မြိတ် | ၅၀၀၀ | □ | ၂၆၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| ဘားအံ | ၅၉၀၀ | □ | ၂၂၀၀၀ | □ | - | - | ၂၇၅၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | □ | - | - | ၃၆၀၀၀ | ▽ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လွိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ပြည်ဆန် / စပါးဈေးကွက်သို့နယ်မှတင်ပို့ပြီး အရောင်းအဝယ်ပုံမှန်ရှိ

ယခုတစ်ပတ် ပြည်မြို့အနီးဆန်စက်နှင့် ဆန်ပွဲရုံများတွင် စပါးဈေး၊ ဆန်ဈေးအနည်းငယ်တက်ပြီး အရောင်းအဝယ်ကတော့ နယ်ရောဒေသတွင်းပါ ပုံမှန်ဖြစ်နေကြောင်း သိရပါတယ်။ ရန်ကုန်သို့ တောင်ပျံမွှေး ဆန်တွေတင်ပို့နေပါတယ်။ ဧည့်မထဆန်ချောများကို မန္တလေးသို့တင်ပို့ရကြောင်းလည်း သိရပါတယ်။ ရန်ကုန်သို့ တစ်ပတ်ကို အိတ် ၈၀၀ ခန့်တင်ပို့ပြီး (တောင်ပျံမွှေး) ဆန်အိတ်များသာ တင်ပို့ရပါတယ်။ မန္တလေးကိုတော့ ဧည့်မထဆန် (ချော) နှစ်ရက်ခြားအိတ် ၆၀၀ ကျော်တင်ပို့ရပါတယ်။

ယခုတစ်ပတ် စပါးဈေးတွေကတော့ တောင်ပျံမွှေး တင်း ၁၀၀ (၄၆ ပေါင်)ကိုက် ၇၇၂၈၀၀ ကျပ်၊ ဧည့်မထစပါး (နယ်ပို့စ) ၅၈၈၈၀၀ ကျပ်နဲ့ ဒေသတွင်းစားသုံးမှု ဧည့်မထစပါး ၅၆၀၀၀၀ ကျပ်တို့ဖြစ်ပြီး၊ ဆန်အိတ်ပေါက်ဈေးတွေကတော့ တောင်ပျံမွှေး တစ်အိတ်ဈေး ၃၄၀၀၀ ကျပ်အထိဈေးတက်နေတာ တွေ့ရပါတယ်။ ဧည့်မထအုပ်စုဆန်(ချော) တစ်အိတ် ၂၂၅၀၀ ကျပ် (နယ်ပို့စ)၊ အင်းလယ်၊ အင်းမ၊ ဆင်းသွယ်တို့ဖြစ်ပြီး၊ ရတနာတိုး၊ မနောသုခကတော့ ၂၁၅၀၀ ကျပ်တို့ဖြစ်ကြောင်း သိရပါတယ်။

**နီနီဝင်း-ပြည်**

## ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ မြို့နယ်များတွင် နွေစပါး ရိတ်သိမ်းပြီ

ဖျာပုံခရိုင်အတွင်းရှိ မြို့နယ်များဖြစ်သည့် ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲမြို့နယ်များမှာ မတ် ၁၀ ရက်အတွင်း နွေစပါးရိတ်သိမ်းမှု အခြေအနေကို ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ (TPIS) ဝန်ထမ်းများ ကွင်းဆင်းလေ့လာခဲ့ကြပါတယ်။ ယခုနှစ် နွေစပါး ရိတ်သိမ်းမှုမှာ ရက် ၁၀၀ စပါး၊ ရက် ၉၀ စပါး၊ သီးထပ်ရင်စပါးများ ရိတ်သိမ်းနေပြီး ထွက်ရှိမှုနဲ့ ဈေးနှုန်းအခြေအနေများအား မေးမြန်းခဲ့ရာ-

"ဒီနှစ် နွေစပါးတာထွက်ဈေးဟာ ယမန်နှစ်ကထက် ဈေးပိုရပါတယ်။ ယခုရိတ်သိမ်းနေတဲ့ စပါးကတော့ သီးထပ်ရင် စပါးတွေပါပဲ။ မနှစ်က တာထွက်ဈေး စပါးတင်း ၁၀၀ ကို ၅၀ ပေါင်ကိုက် ၄၁၀၀၀၀ ကျပ်ဈေးဖြစ်ပြီး ယခုနှစ် စပါးဈေးမှာ ၅၈၀၀၀၀ ကျပ်ဈေးပေါက်ပါတယ်။ ဒါက စပါးအခြောက် ကွင်းပေါက်ဈေးပါ။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို စပါးအခြောက် တင်း ၉၀ ခန့်ထွက်ပါတယ်။ စပါးလှိုင်လှိုင်ပေါ် ချိန်ကတော့ ဧပြီလပထမသီတင်းပတ်မှာရိတ်သိမ်းကြမှာဖြစ်ပါတယ်။ နွေစပါးကတော့ တောင်သူများအနေနဲ့ ရသလောက် စိုက်ပျိုးကြပါတယ်။ ဒီနှစ်က အချို့လယ်တွေမှာ ကွက်ကြားပိုးကျလို့ အထွက်နှုန်းအနေနဲ့ လျော့သွားနိုင်ပါတယ်။ အထွက်နှုန်းလျော့သွားနိုင်တဲ့ အကြောင်းအရာတွေကတော့ ရွှာလမ်းဖောက်ခြင်း၊ ဥယျာဉ်ခြံမြေလုပ်ခြင်း၊ ငါးမွေးကန်လုပ်ခြင်း၊ ဆန်စက်တည်ခြင်း၊ လယ်တဲများတည်ဆောက်ခြင်းတို့ကြောင့် လယ်ဧကများ လျော့နည်းကာ အထွက်နှုန်းအနေနဲ့လည်း လျော့ပါးသွားနိုင်ပါတယ်" လို့ ဘိုကလေးမြို့နယ် သကံဝကျေးရွာမှ တောင်သူဦးအေးဝင်းက ပြောပါတယ်။ ဖျာပုံခရိုင်အနေဖြင့် ယခုလိုနွေစပါး ဈေးနှုန်းမြင့်တက်ရခြင်းမှာ မိုးစပါးလက်ကျန်နည်းပါးခြင်းကြောင့် နွေစပါးပေါ်ဦးပေါ်ဖျားဈေးနှုန်းမှာ မြင့်တက်လာခြင်းဖြစ်ကြောင်း သိရပါတယ်။

**မင်းဇော်မွန်-ဖျာပုံ**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၁-၃-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | ပုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၄/၃ | ၁၁/၃ | ပြောင်းလဲမှု | ၄/၃ | ၁၁/၃ | ပြောင်းလဲမှု | ၄/၃ | ၁၁/၃ | ပြောင်းလဲမှု | ၄/၃ | ၁၁/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၂၀၃၀ | ၂၂၆၆ | ▲ | ၂၀၅၀ | ၂၂၇၁ | ▲ | ၂၀၂၅ | ၂၂၂၅ | ▲ | ၂၀၇၅ | ၂၁၂၅ | ▲ |
| ၂ | ပဲစင်းငုံ | ၁၉၈၄ | ၂၁၃၀ | ▲ | - | ၂၀၉၂ | - | ၁၉၅၅ | ၂၁၁၅ | ▲ | ၁၉၅၀ | ၂၁၀၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၅၅၀ | ၁၅၅၀ | ■ | ၁၈၆၇ | - | - | ၁၇၈၉ | - | - | ၁၇၄၀ | ၁၅၈၀ | ▼ |
| ၄ | ကုလားပဲရိုးရိုး | ၂၁၀၀ | ၂၁၀၀ | ■ | - | - | - | - | - | - | ၁၄၆၅ | ၁၅၀၀ | ▲ |
| ၅ | ပဲလွန်းဖြူ | ၁၀၀၀ | ၁၀၀၀ | ■ | - | ၁၂၅၀ | - | - | - | - | ၁၀၈၀ | ၁၀၀၀ | ▼ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၉၇၈ | ၉၄၂ | ▼ | ၇၃၇ | ၆၈၄ | ▼ | ၇၆၅ | ၆၈၅ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၁-၃-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ - မွမ်ဘိုင်း | | | အိန္ဒိယ - ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၃/၃ | ၁၀/၃ | ပြောင်းလဲမှု | ၃/၃ | ၁၀/၃ | ပြောင်းလဲမှု | ၃/၃ | ၁၀/၃ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၁၁၀ | ၁၁၅၀ | ▲ | ၁၄၈၄ | ၁၄၉၁ | ▲ | ၁၃၃၆ | ၁၃၄၂ | ▲ |
| ၂ | ပဲစင်းငုံ | ၁၀၇၀ | ၁၁၂၀ | ▲ | ၁၀၀၄ | ၁၁၇၁ | ▲ | ၁၁၅၀ | ၁၁၉၃ | ▲ |
| ၃ | ပဲတီစိမ်း | ၈၅၀ | ၈၅၀ | ■ | ၉၅၀ | ၉၅၅ | ▲ | ၁၀၂၄ | ၁၀၄၄ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၆၁ | ၆၇၉ | ▲ | ၆၆၈ | ၇၀၁ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု - ယခင်တစ်ပတ် (၂၇.၂.၁၆)ထိ | ပြည်ပတင်ပို့မှု - ယခုတစ်ပတ် (၅.၃.၁၆)ထိ | ပြည်ပတင်ပို့မှု (၁.၁.၁၆) မှ (၅.၃.၁၆) ထိ |
|---|---|---|---|
| မတ်ပဲ | ၁၂၉၂၄ | ၇၃၈၆ | ၄၅၄၅၃ |
| ပဲတီစိမ်း | ၄၅၆၅ | ၂၈၀၄ | ၄၄၇၆၇ |
| ပဲစင်းငုံ | ၈၂၅၆ | ၉၁၉၀ | ၆၅၅၄၈ |
| ကုလားပဲ | ၂၄၂ | ၂၈၈ | ၆၅၃ |
| ပဲလွန်းဖြူ | ၆၂၅ | ၅၅၅ | ၂၆၉၈ |
| မြေထောက်ပဲ | ၁၈၆ | ၂၃၆ | ၉၅၈ |

## မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ကုလားပဲများ ဖြိုင်ဖြိုင်ပေါ်ထွက်ပြီ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အနေဖြင့် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကုလားပဲ ၆၈၃၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအခါ ကုလားပဲများ ဖြိုင်ဖြိုင်ထွက်ပေါ်နေပြီဖြစ်ပါတယ်။ ၄၈၉၇၀ ဧက ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၁၇ ဒသမ ၀၇ တင်းဖြင့် အထွက်စုစုပေါင်း ၈၃၆၁၂၀ တင်းထွက်ရှိကြောင်း သိရပါတယ်။ ယခုနှစ်တွင် ကုလားပဲဈေးနှုန်းများ ယခင်နှစ်ကထက်ကောင်းမွန်ကြောင်း တွေ့ရှိရပါတယ်။ ယခင်နှစ် မတ်လဆန်း၌ ကုလားပဲ ရိုးရိုးတစ်တင်း ၁၆၅၀၀ ကျပ်၊ ကုလားပဲ V2 တစ်တင်း ၁၇၀၀၀ ကျပ်ဈေးဖြင့် ရောင်းဝယ်ခဲ့ပြီး ယခုနှစ် ကုလားပဲများထွက်ပေါ်ချိန်တွင် ကုလားပဲရိုးရိုး တစ်တင်း ၂၇၀၀၀ ကျပ်၊ ကုလားပဲ V2 တစ်တင်း ၂၆၀၀၀ ကျပ်ဈေးဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရှိရပါ တယ်။

ယခုနှစ်တွင် ကုလားပဲဈေးနှုန်းများကောင်းမွန်ခဲ့သော်လည်း စိုက်ပျိုးချိန်နိုဝင်ဘာ၊ ဒီဇင်ဘာလအတွင်း၌ ကုလားပဲမျိုးဈေးများ မြင့်တက်ခဲ့ပါတယ်။ ကုလားပဲရိုးရိုး တစ်တင်းကို ၃၇၀၀၀ ကျပ်၊ ကုလားပဲ V2 တစ်တင်း ၄၀၀၀၀ ကျပ်ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲခဲ့ရသောကြောင့် ကုလားပဲ တစ်ဧကကုန်ကျစရိတ်အနေဖြင့် ၁၇၀၀၀၀ ကျပ်ဝန်းကျင် ကုန်ကျခဲ့ပါတယ်။ ကုလားပဲ V2 မျိုးများကို အများဆုံး စိုက်ပျိုးကြပါတယ်။ ယခုနှစ်တွင် ကုလားပဲအထွက်နှုန်း သိပ်မကောင်းဘူးလို့လည်း မယ်ဇင်ပင်ကျေးရွာ တောင်သူ ဒေါ်မျိုးက ပြောပါတယ်။ ကုလားပဲ ငါးဧက စိုက်ရာမှ တစ်ဧက ပျမ်းမျှ ကိုးတင်း၊ ၁၀ တင်းနှုန်းသာထွက်ရှိတဲ့ အတွက်ကြောင့် တစ်ဧက အကျိုးအမြတ်အနေဖြင့် ၈၀၀၀၀ ကျပ်နီးပါးသာရရှိကြောင်း သိရှိရပါတယ်။ စိုက်ပျိုးချိန်တွင် မျိုးဈေးကြီးပြီး ထွက်ပေါ်ချိန်တွင် ဈေးနှုန်းထင်သလောက်မရရှိခြင်း၊ အထွက်နှုန်းလည်း နည်းပါးခြင်းတို့ကြောင့် အကျိုးအမြတ်နည်းကြောင်း သိရှိရပါတယ်။

**ဝင်းမာ- ကျောက်ဆည်**

# ပဲအထွက်လှိုင်ချိန် ပြည်ဈေးကွက်မှာ ဖြစ်ပေါ်ခဲ့တဲ့ မတ်ပဲသီးနှံရဲ့ ငါးနှစ်တာကာလဈေးနှုန်းနှိုင်းယှဉ်မှုအခြေအနေ

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်ပဲမျိုးစုံဈေးကွက်တွင် ယခုလို မတ်လအချိန်၌ ဆောင်းပဲသီးနှံမျိုးစုံ ဝင်ရောက်လာလို့ ပဲဈေးကွက်အတွင်း ပဲအားလုံးလိုလိုအရောင်းအဝယ်သွက်နေခဲ့ရာ မတ်ပဲသီးနှံမှာလည်း အပါအဝင်ဖြစ်ခဲ့ပါတယ်။ ပြည်ခရိုင်အတွင်း မတ်ပဲသီးနှံကို မြို့နယ်အားလုံးမှာ စိုက်ပျိုးပေမယ့် ပဲတီစိမ်း၊ ကုလားပဲ၊ ပဲစင်းငုံသီးနှံများကတော့ မြို့နယ်အားလုံး၌ မတ်ပဲသီးနှံကဲ့သို့ အများအပြား စိုက်ပျိုးမှုမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့် ပဲဈေးကွက်အတွင်းမှာလည်း မတ်ပဲသီးနှံဟာ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ပဲဖြစ်ခဲ့ပါတယ်။ ပဲဈေးကွက်မှာ ပဲစတင်ပေါ်ချိန်၌ ပဲအထွက်လှိုင်လာချိန်တွင် ပဲဝင်ရောက်မှု ပမာဏများခဲ့ပြီး နောက်ပိုင်းကာလများတွင် ပဲအဝင်ပါးသွားခဲ့ပေမယ့် ပွဲရုံများ၊ လှောင်သမားများ၊ တောင်သူအချို့သာ သိုလှောင်ထားရှိလို့ လက်ကျန်ပဲများနဲ့ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်ခဲ့ကြတဲ့ သီးနှံဖြစ်ခဲ့ပါတယ်။ ပဲဈေးနှုန်းအခြေအနေကို လေ့လာရာမှာတော့ ငါးနှစ်တာကာလ ပဲအထွက်လှိုင်လာချိန် မတ်လဆန်းမှာဖြစ်ပေါ်ခဲ့တဲ့ ဈေးနှုန်းများအရ တစ်နှစ်ပြီးတစ်နှစ် ဈေးပိုရလာပြီး ယခု ၂၀၁၆ ခုနှစ်မှာတော့ ပြီးခဲ့သော ၄ နှစ်က၊ ကာလတူအချိန်ဈေးထက် ဈေးသိသိသာသာ မြင့်တက်ခဲ့တာကို အောက်ဖော်ပြပါဇယားအတိုင်း လေ့လာတွေ့ရှိရပါတယ်။

ရေတွက်ပုံ - တင်းဈေး (ကျပ်)

| နှိုင်းယှဉ်ကာလ | နိမ့် | မြင့် |
|---|---|---|
| ၂၀၁၂ မတ်လ (၁၀)ရက်အတွင်း | ၁၁၃၀၀ | ၁၃၅၀၀ |
| ၂၀၁၃ မတ်လ (၁၀)ရက်အတွင်း | ၁၅၀၀၀ | ၁၅၅၀၀ |
| ၂၀၁၄ မတ်လ (၁၀)ရက်အတွင်း | ၁၈၂၀၀ | ၁၈၅၀၀ |
| ၂၀၁၅ မတ်လ (၁၀)ရက်အတွင်း | ၂၇၂၀၀ | ၂၉၅၀၀ |
| ၂၀၁၆ မတ်လ (၁၀)ရက်အတွင်း | ၄၄၂၀၀ | ၄၅၂၀၀ |

၂၀၁၂ ခုနှစ် ပဲအထွက်လှိုင်ချိန် မတ်လဆန်းဈေးနှုန်းအရ အနိမ့်ဈေး တစ်တင်း ၁၁၃၀၀ ကျပ်၊ အမြင့်ဈေး တစ်တင်း ၁၃၅၀၀ ကျပ်သာရရှိခဲ့ပြီး လဆန်းဆန်းချင်းမှာ တစ်တင်း ၁၃၅၀၀ ကျပ်ရရှိခဲ့ပြီး အထွက်လှိုင်လာတဲ့အတွက် ပဲအဝင်များလာချိန်မှာ ဈေးလျော့အဝယ်ရှိလို့ တစ်တင်း ၁၁၃၀၀ ကျပ်သို့ ဈေးလျော့နည်း အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ၎င်းနှစ်အတွင်း ပဲဈေးနှုန်းမှာ ဈေးအေးခဲ့တဲ့အတွက် နှစ်ကုန်ထိ တစ်တင်းကို ကျပ် နှစ်သောင်းကျော် အထိ မရရှိဘဲ၊ ကျပ်နှစ်သောင်းအောက်သာရရှိခဲ့ကြပါတယ်။

၂၀၁၃ ခုနှစ်မှာတော့ ရှေ့ ၂၀၁၂ ခုနှစ်ရဲ့ ကာလတူချိန်ဈေးထက် ဈေးပိုရလာခဲ့ကာ တစ်တင်း ၁၅၀၀၀ ကျပ်မှ ၁၅၅၀၀ ကျပ်သာ မတ်လ ပထမပတ်အတွင်းအရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယင်းနှစ်မှာလည်း မတ်ပဲသီးနှံဈေးဟာ ပဲသစ်ပေါ်ချိန်သာ ယခင်နှစ်ဈေးထက်ပိုရလာပေမယ့် ကျန်အချိန်များမှာတော့ ယခင်နှစ်နှင့် ဈေးသိပ်မကွာဘဲ တစ်နှစ်ပတ်လုံး ကျပ် နှစ်သောင်းအောက်ဖြင့်သာ ယခင်နှစ်ကကဲ့သို့ ဈေးအေးအရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ပဲစိုက်ပျိုးထုတ်လုပ်သူ တောင်သူများအနေဖြင့် အကျိုးအမြတ်နည်းသလို တချို့တောင်သူတွေ အရှုံးနဲ့ကြုံခဲ့ကြောင်းလည်း သိရပါတယ်။

၂၀၁၄ ခုနှစ်မှာ ပဲဈေးနှုန်းဟာ ရှေ့နှစ်များကထက် ဈေးပိုရလာပြီး ပဲအထွက်လှိုင်ချိန် ယခုလို မတ်လဆန်းရက်မှာ တစ်တင်း ၁၈၂၀၀ ကျပ်မှ ၁၈၅၀၀ ကျပ်ထိ ရရှိလာခဲ့ပါတယ်။ ယင်းနှစ်မှာ ပဲဈေးနှုန်းဟာ ဧပြီမှစ၍ ကျပ် နှစ်သောင်းကျော် ရရှိလာပြီး တစ်လထက်တစ်လ ဈေးပိုမိုလာကာ ကျပ် သုံးသောင်းနီးပါးအထိ ရရှိလာခဲ့တာကို တွေ့ရပါတယ်။ ပဲအထွက်လှိုင်လာချိန်မှာ ဈေးအေးပြီး နောက်ပိုင်းကာလများမှာ ဈေးပိုရခဲ့ပါတယ်။ ပဲစိုက်ပျိုးထုတ်လုပ်သူထက် လှောင်လက်သမားပိုအကျိုးအမြတ်ရရှိခဲ့ပါတယ်။ ပဲလှောင်ထား နိုင်သူ တောင်သူအနည်းစုသာ ယခင်နှစ်နဲ့ယှဉ်ရင် အကျိုးအမြတ်ထိုက်သင့်သလောက် ရရှိခဲ့ကြတာကို တွေ့ရပါတယ်။

၂၀၁၅ ခုနှစ်ရဲ့ ပဲအထွက်လှိုင်ချိန် မတ်လဆန်းဈေးနှုန်းက ယခင်နှစ်ပဲဟောင်းဈေးနှုန်းအတိုင်း ကျပ်သုံးသောင်း မကျော်ပေမယ့် သုံးသောင်းနီးပါးရရှိကာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်တင်း ၂၇၂၀၀ ကျပ်မှ ၂၉၅၀၀ ကျပ်ရရှိခဲ့လို့ ယခင်နှစ်ရဲ့ ကာလတူ ပဲအထွက်လှိုင်ချိန်ဈေးထက် ကျပ်တစ်သောင်းနီးပါးပိုရခဲ့ကြပါတယ်။ ဧပြီလ သင်္ကြန်ပြီးချိန်မှစ၍ ပဲဈေးများ မြင့်တက်လာခဲ့လို့ တစ်တင်း ၃၇၅၀၀ ကျပ်ထိ ပြည်ပဝယ်လိုအား ကောင်းခဲ့တဲ့အတွက် ရန်ကုန်ဝယ်လက်မှ ဈေးကောင်းပေး ဝယ်ယူလာခဲ့ကြတာကို တွေ့ရပါတယ်။ ၂၀၁၅ ခုနှစ်မှာတော့ မတ်ပဲဈေးသာမက အိန္ဒိယဝယ်လိုအားရှိသော ပဲစင်းငုံဈေးပါ ဈေးပြိုင်မြင့်တက်ခဲ့လို့ ပဲဈေးကွက်မှာ မျက်နှာပြန်ပွင့်ခဲ့တဲ့ ပဲသီးနှံများအဖြစ် တွေ့ခဲ့ရပါတယ်။ မတ်ပဲသီးနှံမှာ မေလကုန်မှစ၍ ကျပ်လေးသောင်းအထိ ရရှိလာခဲ့ကာ ပဲစိုက်ပျိုးချိန်အောက်တိုဘာလကုန်ပတ်မှစ၍ မျိုးပဲများအား တစ်တင်း ကျပ် ၇ သောင်းကျော်၊ ၈ သောင်းအထိ ဈေးကောင်းပေးဝယ်ယူကြလို့ ပဲဈေးနှုန်းဟာ ပဲဈေးကွက်အတွင်းမှာရော၊ နှစ်အလိုက်နှိုင်းယှဉ်မှုအရရော စံချိန်တင်မြင့်တက်ခဲ့တဲ့ သီးနှံအဖြစ်မှတ်တမ်းတင်ရမှာဖြစ်ပါတယ်။ ဒါကြောင့် ပဲစိုက်ပျိုးသူများအနေဖြင့် မျိုးပဲလက်ဝယ်မကျန်ရှိသူများမှာ ကုန်ကျစရိတ်လည်းပိုခဲ့တဲ့ နှစ်ဖြစ်ခဲ့လို့ ယခုနှစ်ပဲပေါ်ချိန်တွင် ပဲအထွက်နှုန်းကောင်းမှသာ၊ အကျိုးအမြတ်ရရှိနိုင်မယ်လို့ ခန့်မှန်းစိုက်ပျိုးခဲ့ကြတယ်လို့ သိရပါတယ်။

၂၀၁၆ ခုနှစ်၊ ပဲအထွက်လှိုင်လာချိန် မတ်လဆန်း ပဲသစ်ဝင်ရောက်မှုများချိန်တွင် ပဲဈေးမှာ တစ်တင်း ၄၄၂၀၀ ကျပ်မှ ၄၅၂၀၀ ကျပ်ရရှိပေမယ့် ပဲသစ်ပေါ်စအချိန်ထက် ဈေးလျော့နည်းသွားခဲ့ပါတယ်။ ပဲသစ်ပေါ်စချိန်မှာ တစ်တင်းကျပ်ငါးသောင်းအထက် မှာရရှိနေခဲ့ကြပေမယ့် တောင်သူအားလုံး ပဲရိတ်သိမ်းပြီးစီးမှုမရှိသောကြောင့် ကျပ်ငါးသောင်းဈေးကို မှီသူ တောင်သူအချို့ရှိသလို ယခုဈေးနဲ့သာရောင်းချနိုင်တဲ့ တောင်သူများလည်း ရှိခဲ့ကြပါတယ်။ နှစ်စဉ်နှစ်တိုင်း ပဲထွက်ရှိချိန်တွင် မျိုးပဲဈေးကို မမီရင်တောင် မျိုးပဲဈေးနီးပါး ဈေးပြန်ရတတ်ကြ တယ်လို့ တောင်သူအချို့က နှစ်စဉ်အတွေ့အကြုံများအရ သိရှိနေသော်လည်း ယခုနှစ်ပဲစိုက်ပျိုးချိန် မျိုးပဲဈေးက အရမ်းမြင့်လွန်းတာကြောင့် ပဲဈေးနှုန်းကို ခန့်မှန်းရခက်ခဲ့တယ်လို့ သိရပါတယ်။ သို့သော်လည်း ယခုနှစ်ပဲသစ်ဈေး မှာ မျိုးပဲဈေးကိုမမီပေမယ့် ဈေးနှုန်းက ယခင်နှစ်များရဲ့ ကာလတူဈေးတွေထက် မြင့်တက်ခဲ့သလို ပဲအထွက်နှုန်း လည်းကောင်းခဲ့ကြတဲ့အတွက် ပဲစိုက်ပျိုးသူ တောင်သူများ အကျိုးအမြတ်များပိုလာခဲ့သလို တစ်ချို့တောင်သူများကလည်း ဈေးကောင်းဆက်မျှော်ကာ မရောင်းချသေးဘဲ သိုလှောင်ထားရှိခဲ့ကြပါတယ်။ လှောင်လက်သမားအချို့လည်း ယခုဈေးနှုန်းဖြင့် ဝယ်ယူသိုလှောင်မှုများရှိနေကြောင်း သိရပါတယ်။ ယခင်နှစ်ကဲ့သို့ သင်္ကြန်ပြီးချိန် မှစ၍ ပဲဈေးများဆက်မြင့်တက်မည်ဆိုပါက မတ်ပဲဈေးနှုန်းဟာ ပဲစိုက်ပျိုးချိန် ဈေးနှုန်းကို မီနိုင်မယ်လို့ မျှော်လင့် နေကြကြောင်း လေ့လာသိရှိရပါတယ်။ မတ်ပဲဈေးနှုန်းဟာ အခြားပဲများကဲ့သို့ မဟုတ်ဘဲ ရှေးနှစ်များက ဈေးနှုန်း အေးခဲ့ရာမှ ယခုနှစ်မှာတော့ ပဲဈေးကွက်မှာ ထိပ်ဆုံးကနေရာယူလျက်ရှိကြောင်း သိရှိရပါတယ်။

**ခင်ဆွေဝင်း - ပြည်**

## မုံရွာကုန်စည်ဒိုင် မတ်လဒုတိယပတ် ပဲဈေးကွက်ငုံနီဈေး အတက်အကျရှိသဖြင့် အရောင်းအဝယ်မသွက်

မုံရွာကုန်စည်ဒိုင် မတ်လ ဒုတိယပတ်ပဲဈေးကွက်မှာ ပဲအများစုကျဈေးမှာ တန့်နေကြပေမယ့် ငုံနီကတော့ Export ဝယ်လက်နဲ့ ဒေသခံကုန်သည်တွေ အဝယ်အရောင်း လွန်ဆွဲနေကြလို့ နေ့စဉ်နီးပါး ပေါက်ဈေးပြောင်းလဲခဲ့တာတွေ့ရပါတယ်။ ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ငုံနီဟာ တစ်တင်း ၄၀၃၀၀ ကျပ်အထိ အနိမ့်ဆုံးဈေးဖြစ်ပေါ်ခဲ့ကာ ရောင်းလက်အေးလို့ တဖြေးဖြေး တက်ဈေးပေး ဝယ်ယူခဲ့ကြတာကြောင့် ယခုတစ်ပတ်မှာ ၄၂၅၀၀ ကျပ်အထိ ဈေးမြင့်လာတာ တွေ့ရပါတယ်။ ဒါပေမဲ့ လောလောဆယ် မုံရွာငုံနီဈေးကွက်မှာ ဝယ်လက်ကမလိုချင်သလို ရောင်းလိုအားလည်း မများခဲ့ဘူးလို့ ကုန်သည်ရပ်ကွက်က ဆိုပါတယ်။

ပဲတီစိမ်းဈေးကွက်အနေနဲ့ စိမ်းကြီးဝယ်လိုအားရှိလို့ ယခုတစ်ပတ်မှာ တစ်တင်း ၃၂၅၀၀ ကျပ်-၃၄၅၀၀ ကျပ် ဈေးမာလာခဲ့ပြီး စိမ်းသေးကတော့ တစ်တင်း ၂၈၅၀၀ ကျပ်၊ ၂၉၀၀၀ ကျပ်မှာ ဈေးငြိမ်နေကာ တစ်ရက်အိတ် ၁၅၀ မှ ၂၀၀ အထိအရောင်းအဝယ်ဖြစ်နိုင်တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မတ်ပဲဈေးကွက်မှာတော့ တစ်တင်း ၄၄၅၀၀ ကျပ်အထိ ဈေးအနည်းငယ်မြင့်လာကာ နယ်က ပဲအဝင်ရှိသလောက် ဝယ်လိုအားကောင်းခဲ့တယ်လို့ ဆိုပါတယ်။ ပြည်တွင်းမှာ ပဲလက်လီနဲ့ လုပ်ငန်းသုံးအဖြစ် ဝယ်လိုအားကောင်းမွန်နေသလို နယ်ကပဲအဝင်မှာ ထင်သလောက် မလှိုင်ခဲ့တာမို့ ယခုတစ်ပတ်မှာ ကုလားပဲမျိုးစုံ ဈေးမြင့်တက်လာတာတွေ့ရပါတယ်။ ယခုတစ်ပတ် ပေါက်ဈေးအနေနဲ့ ထိုင်ဝမ်တစ်တင်း ၂၉၀၀၀ ကျပ်၊ 929 တစ်တင်း ၂၉၂၀၀ ကျပ်နဲ့ V2 တစ်တင်း ၂၉၀၀၀ ကျပ်အသီးသီးဖြစ်ပေါ်ခဲ့ကာ ပဲမျိုးစုံ တစ်ရက်အိတ် ၇၀၀ ခန့်အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

ဒေသတွင်းနဲ့ပြည်တွင်းပဲလက်လီသုံး အခြားပဲမျိုးစုံတွေ ယခုတစ်ပတ်မှာ ဈေးအသီးသီးအေးခဲ့ရာ ပဲကြီး (ရေ) တစ်တင်း ၂၂၀၀၀ ကျပ်၊ (ကုန်း) ၁၉၀၀၀ ကျပ်၊ စွန်တာနီ တစ်တင်း ၁၄၃၀၀ ကျပ်၊ ပဲပုပ် တစ်တင်း ၁၅၀၀၀ ကျပ်၊ ၁၆၀၀၀ ကျပ်၊ ထောပတ်ပဲ တစ်တင်း ၁၃၀၀ ကျပ်၊ လွန်းပြာတစ်တင်း ၂၀၀၀၀ ကျပ်၊ မြေထောက်ပဲ တစ်တင်း ၁၄၅၀၀ ကျပ်-၁၆၅၀၀ ကျပ်နဲ့ ပဲယင်းဝါ (ကြီး) တစ်တင်း ၁၄၅၀၀ ကျပ် ပေါက်ဈေးဖြစ်ပေါ်ခဲ့ပြီး အရောင်းအဝယ် ဆက်လက်အေးခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ပဲဈေးကွက်မှ လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## ယမန်နှစ်ကာလတူထက် ပဲမျိုးစုံတင်ပို့မှုမှ ကန်ဒေါ်လာ သန်း ၁၄၀ နီးပါး ပိုမို

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၄ ရက်အထိ ပဲအမျိုးမျိုး တန်ချိန် ၁၀၄၂၆၉၇၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀၁၀ သန်းဖိုးတင်ပို့ထားပြီးဖြစ်ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၂၆၆၆၈ တန် လျော့နည်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၄၇ ဒသမ ၉၀၃ သန်း ပိုမိုရရှိခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် တစ်နှစ်လုံးမှာတော့ ၁၄၉၇၉၇၁ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သန်း ၁၂၀၀ ဖိုးတင်ပို့နိုင်ခဲ့တာဖြစ်ပါတယ်။

မတ် ၄ ရက်အထိ ပမာဏရော တန်ဖိုးပါကာလတူထက် ပိုမိုတင်ပို့နိုင်တဲ့ ပဲမျိုးစုံတင်ပို့မှုကို ဖော်ပြပေးလိုက်ရပါတယ်-

| ပဲအမျိုးအစား | တန်ချိန် | တန်ဖိုး(ကန်ဒေါ်လာသန်း) |
|---|---|---|
| ပဲတီစိမ်း | ၂၆၉၇၉၉. ၇၀၇ | ၂၇၁. ၇၁၆ |
| ကုလားပဲ | ၂၃၈၉၁. ၄၀၇ | ၁၁. ၇၁၇ |
| မြေထောက်ပဲ | ၁၈၉၀၂. ၂၉၄ | ၁၂. ၇၁၉ |
| ပဲယင်း | ၁၂၈၈၄. ၃၈၉ | ၆. ၁၉၂ |
| ပဲပုပ်စေ့ | ၃၈၂၄. ၇၇၀ | ၂. ၁၂၃ |
| နိုင်လွန်ပဲ | ၄၉၄. ၉၅၀ | ၀. ၄၁၇ |
| အခြားပဲ | ၁၃၁၀၇. ၀၇၆ | ၁၁. ၀၇၃ |

**MIRT**

## နှစ်စဉ်လိုလို ဈေးကောင်းရနေတဲ့ ပြည်စားတော်ပဲအဝယ်သွက်နေ

ပြည်ပဲဈေးကွက်အတွင်း ဒေသတွင်းဝယ်လက်များနဲ့သာ အဓိကထားအရောင်းအဝယ်ဖြစ်နေတဲ့ စားတော်ပဲသီးနှံဟာ နှစ်စဉ်ဈေးကောင်းရခဲ့တဲ့သီးနှံဖြစ်နေခဲ့ပါတယ်။ စားတော်ပဲသီးနှံဟာ အခြားပဲများကဲ့သို့ ထွက်ပေါ်ချိန် ရာသီတွင်သာ အရောင်းအဝယ်သွက်ပြီး ကျန်ကာလများမှာ အရောင်းအဝယ်မဖြစ်သလောက်ဖြစ်ခဲ့တဲ့ ပဲသီးနှံမျိုး မဟုတ်ဘဲ တစ်နှစ်ပတ်လုံးအရောင်းအဝယ်ဖြစ်တဲ့ပဲ အမျိုးအစားဖြစ်ခဲ့ပါတယ်။ ယခုတစ်ပတ်တွင် စားတော်ပဲသီးနှံမှာ တစ်ရက်အိတ် ၁၀၀ခန့်အထိဝင်ရောက်မှုများလာသလို လှောင်လက်သမားရော၊ လက်လီသမားပါ အဝယ်ရှိနေတဲ့အတွက် အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေး နှုန်းမှာ တစ်တင်း ၃၀၀၀၀ ကျပ်နဲ့ လဆန်းရက်ထက် တစ်တင်းကျပ်တစ်ထောင်ကျော်ခန့် လျော့နည်းသွားခဲ့ပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# မတ်လ ဒုတိယပတ်မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်ကုန်သီးနှံများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်



မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) မှာ နေ့စဉ် (ဉပုသ်နေ့မှအပ) အနယ်နယ်အရပ်ရပ်မှ ပွဲစားများ၊ ကုန်သည်များနဲ့စက်ပိုင်များမှ လယ်ယာထွက်ကုန်သီးနှံများလာရောက်ပြီး အရောင်းအဝယ်ပြုလုပ်ရာ ၂၀၁၆ ခုနှစ် မတ်ဒုတိယပတ်တွင်အရောင်းအဝယ်ဖြစ်တဲ့ဈေးနှုန်းနဲ့ ယခင်လများဖြစ်တဲ့ ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလများရဲ့ ကာလတူဈေးနှုန်းများကိုနှိုင်းယှဉ်ပါက-

**(တစ်ပိဿာဈေး-ကျပ်)**

| သီးနှံအမည် | ၉. ၁. ၁၆ | | ၉. ၂. ၁၆ | | ၉. ၃. ၁၆ | |
|---|---|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းကြီး | ၁၈၆၇ | ၂၀၀၉* | ၁၈၃၁ | ၁၈၆၇ | ၁၇၇၈ | ၁၉၂၀ |
| ပဲတီစိမ်းရွှေဝါ | - | - | ၂၀၆၂ | ၂၁၃၃* | ၁၉၇၃ | ၂၀၀၉ |
| ပဲလွန်းဖြူ | ၁၄၃၃ | ၁၄၅၀* | ၁၃၅၀ | ၁၃၆၇ | - | ၁၃၆၇ |
| ပဲကြီး | ၁၆၂၉ | ၁၇၁၉ | ၁၇၁၉ | ၁၈၁၀* | ၁၂၁၃ | ၁၃၂၀ |
| ပဲနီပြား | - | ၁၁၇၆ | ၁၇၉၂ | ၁၈၁၀* | ၉၉၅ | ၁၀၁၄ |
| ပဲပုပ် (ရှမ်း) | ၉၀၁ | ၉၉၅ | ၉၃၉ | ၁၀၃၃ | ၉၂၀ | ၁၀၇၀* |
| ပဲပုပ် (ဗမာ) | ၉၂၀ | ၉၃၉* | ၉၂၀ | ၉၃၀ | ၈၆၄ | ၈၇၃ |
| ပဲယင်း | ၇၈၃ | ၈၀၀ | ၈၆၇ | ၈၈၃* | - | ၇၁၇ |
| ထောပတ်ပဲ | - | - | ၁၂၈၀ | ၁၄၂၂* | ၉၇၈ | ၁၀၆၇ |
| ပဲဇီးကွက် | - | ၈၉၃* | - | ၈၉၃ | ၇၉၀ | ၈၀၇ |
| မတ်ပဲ | ၂၉၁၇ | ၂၉၅၀* | - | ၂၃၈၃ | - | ၂၁၆၇ |
| ကုလားပဲဖြူကြီး | - | ၂၃၀၆* | - | ၁၅၉၀ | - | ၁၃၉၇ |
| ကုလားပဲထိုင်ဝမ် | ၂၁၁၆ | ၂၁၃၃* | - | ၁၆၈၉ | ၁၅၁၁ | ၁၅၂၀ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၃၉၃ | ၃၉၈ | - | ၄၄၄ | ၄၅၄ | ၄၅၇* |
| ပြောင်းဖူးစေ့ (ဗမာ) | ၃၉၃ | ၃၉၈ | - | ၄၃၅ | ၄၃၅ | ၄၄၁* |
| ပြောင်းဖူးစေ့ (CP) | ၄၀၇ | ၄၁၁ | ၄၅၄ | ၄၅၉ | - | ၄၆၃* |
| အထွက်တိုးပြောင်း | ၅၄၇ | ၅၅၇* | ၅၂၈ | ၅၄၇ | - | ၅၀၉ |
| ဆန်ပြောင်း | - | ၄၇၃ | - | ၅၃၂* | - | ၅၂၃ |
| နှမ်းဖြူ | ၁၈၆၇ | ၂၀၀၀ | ၂၁၁၁ | ၂၁၃၃* | - | ၂၀၀၀ |
| နှမ်းညို | ၁၆၂၂ | ၁၆၆၇ | ၁၇၇၈ | ၁၈၈၉* | ၁၆၆၇ | ၁၇၇၈ |
| နှမ်းနက် | ၂၂၂၂ | ၃၄၄၄ | ၂၅၅၆ | ၃၄၄၄* | ၂၄၄၄ | ၂၅၅၆ |
| နှမ်းနက် (စမုံ) | ၃၇၃၃ | ၃၈၈၉ | ၃၈၈၉ | ၄၂၂၂* | ၃၇၇၈ | ၃၈၈၉ |
| ပန်းနှမ်း | - | ၁၅၇၈ | ၁၉၃၃ | ၁၉၅၆ | - | ၂၀၀၀* |
| မြေပဲဆန် S1 (လုံးဆန်) | ၂၅၅၀ | ၂၆၅၀ | ၂၅၀၀ | ၂၆၀၀ | ၂၅၀၀ | ၂၇၀၀* |

**(* ၂၀၁၆ ခုနှစ် လအလိုက်သီးနှံများ၏ အမြင့်ဆုံးဈေးဖြစ်ပါသည်)**

ပုံမှန်အရောင်းအဝယ်ဖြစ်တဲ့ ပဲတီစိမ်းကြီးက ယခုသီတင်းပတ်မှာ တစ်ပိဿာ ၁၉၂၀ ကျပ် (တစ်တန် ၁၁၇၅၇၈၉ ကျပ်) နဲ့အရောင်းအဝယ်ဖြစ်လို့ ယခုနှစ်ရဲ့ ဇန်ဝါရီလ ဈေးနှုန်းအောက်တစ်ပိဿာ ၈၉ ကျပ် (တစ်တန် ၅၄၅၀၃ ကျပ်) လျော့နည်းပြီး နေ့စဉ်သုံးတင်းအိတ် ၁၄၀၀၀ ခန့်၊ ပဲတီစိမ်းရွှေဝါတစ်ပိဿာ ၂၀၀၉ ကျပ် (တစ်တန် ၁၂၃၀၂၉၂ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၁၂၄ ကျပ် (တစ်တန် ၇၅၉၃၆ ကျပ်) ဈေးအေးပြီး နေ့စဉ် သုံးတင်းအိတ် ၄၀၀ ခန့်၊ ပဲလွန်းဖြူ တစ်ပိဿာ ၁၃၆၇ ကျပ် (တစ်တန် ၈၃၇၁၃၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လများရဲ့ဈေးနှုန်းအောက်နဲ့ နေ့စဉ်သုံးတင်းအိတ် ၉၀၀ ခန့်၊ ပဲကြီးတစ်ပိဿာ ၁၃၂၀ ကျပ် (တစ်တန် ၈၀၈၉၆၇ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၄၈၉ ကျပ် (တစ်တန် ၂၉၉၄၅၉ ကျပ်) ဈေးအေးပြီး နေ့စဉ်သုံးတင်းအိတ် ၄၀၀ ကျော်၊ ပဲနီပြားတစ်ပိဿာ ၁၀၁၄ ကျပ် (တစ်တန် ၆၂၀၉၆၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူ ဈေးနှုန်းအောက် တစ်ပိဿာ ၇၉၆ ကျပ် (တစ်တန် ၄၈၇၄၆၂ ကျပ်) ဈေးအေးသလို အရောင်းအဝယ်လည်းအေးလျက်ရှိပါတယ်။ ယခုတစ်ပတ် ပဲပုပ်(ရှမ်း) ရဲ့ဈေးနှုန်းမှာ တစ်ပိဿာ ၁၀၇၀ ကျပ် (တစ်တန် ၆၅၅၂၅၇ ကျပ်) နဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာ ဈေးအမြင့်ဆုံးနဲ့အရောင်းအဝယ်ဖြစ်ပြီး ပဲပုပ် (ဗမာ) တစ်ပိဿာ ၈၇၃ ကျပ် (တစ်တန် ၅၃၄၆၁၆ ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၃၅၀ ကျော်၊ ပဲယင်းတစ်ပိဿာ ၇၁၇ ကျပ် (တစ်တန် ၄၃၉၀၈၄ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ ထောပတ်ပဲတစ်ပိဿာ ၁၀၆၇ ကျပ် (တစ်တန် ၆၅၄၃၂၀ ကျပ်) နဲ့ အရောင်း အဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၃၅၅ ကျပ် (တစ်တန် ၂၁၇၃၉၈ ကျပ်) ဈေးအေးသွား ပေမယ့် နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲဇီးကွက်တစ်ပိဿာ ၈၀၇ ကျပ် (တစ်တန် ၄၉၄၁၉၉ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၂၀၀ ခန့်၊ မတ်ပဲတစ်ပိဿာ ၂၁၆၇ ကျပ် (တစ်တန် ၁၃၂၇၀၄၉ ကျပ်) နဲ့အရောင်းအဝယ်ဖြစ်လို့ ယခင်လဈေးနှုန်းအောက် တစ်ပိဿာ ၇၈၃ ကျပ် (တစ်တန် ၄၇၉၅၀၁ ကျပ်) ဈေးအေးပြီး နေ့စဉ်သုံးတင်းအိတ် ၇၀၀ ခန့်၊ ကုလားပဲဖြူလုံးကြီးတစ်ပိဿာ ၁၃၉၇ ကျပ် (တစ်တန် ၈၅၅၅၀၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ဇန်နဝါရီဈေးနှုန်းအောက် တစ်ပိဿာ ၉၀၉ ကျပ် (တစ်တန် ၅၅၆၆၆၃ ကျပ်) ဈေးအေးပြီး၊ ကုလားပဲထိုင်ဝမ်တစ်ပိဿာ ၁၅၂၀ ကျပ် (တစ်တန် ၉၃၀၈၃၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ဇန်နဝါရီဈေးနှုန်းအောက် တစ်ပိဿာ ၆၁၃ ကျပ် (တစ်တန် ၃၇၅၃၉၅ ကျပ်) ဈေးအေးပြီး၊ ကုလားပဲနှစ်မျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၅၅၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ်မှာ ပြောင်းဖူးစေ့များ ဈေးမာပေမယ့် အရောင်းအဝယ်အေးလျက်ရှိပါတယ်။ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၅၇ ကျပ် (တစ်တန် ၂၇၉၈၆၂ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၄၁ ကျပ် (တစ်တန် ၂၇၀၀၆၄ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၆၃ ကျပ် (တစ်တန် ၂၈၃၅၃၇ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၅၀၉ ကျပ် (တစ်တန် ၃၁၁၇၀၇ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၅၂၃ ကျပ် (တစ်တန် ၃၂၀၂၈၀ ကျပ်)နဲ့ ပြောင်းဖူးစေ့ငါးမျိုးပေါင်း နေ့စဉ်သုံးတင်းအိတ် ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

နှမ်းရောင်စုံများရဲ့ ယခုတစ်ပတ်ဈေးနှုန်းမှာ ယခင်လကာလတူဈေးနှုန်းအောက်သို့ ရောက်ရှိနေပြီး အရောင်းအဝယ်လည်း အေးပါတယ်။ နှမ်းဖြူတစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်)၊ နှမ်းညိုတစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန် ၁၀၈၈၈၂၉ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၂၅၅၆ ကျပ်(တစ်တန် ၁၅၆၅၂၆၉ ကျပ်)၊ နှမ်းနက်တစ်ပိဿာ ၃၈၈၉ ကျပ် (တစ်တန် ၂၃၈၁၅၈၅ ကျပ်)၊ ပန်းနှမ်းတစ်ပိဿာ ၂၀၀၀ ကျပ် (တစ်တန် ၁၂၂၄၇၈၀ ကျပ်) နဲ့ အဆိုပါနှမ်းငါးမျိုးနေ့စဉ်သုံးတင်း အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ပြီးမြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၇၀၀ ကျပ်(တစ်တန် ၁၆၅၃၄၅၃ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လဈေးနှုန်းရဲ့အထက် တစ် ပိဿာ ၁၀၀ ကျပ် (တစ်တန် ၆၁၂၃၉ ကျပ်)နဲ့ ဈေးမာလာပြီး နေ့စဉ်သုံးတင်းအိတ် ၅၀၀၀ ကျော်အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

မတ်လအတွင်း ပဲအများစုရဲ့ ဈေးနှုန်းက ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလဈေးနှုန်းအောက်ကို ရောက်နေပါတယ်။ ပြည်ပ (တရုတ်)ဝယ်လက်ဝယ်ယူမှုအားကောင်းတဲ့ ပဲတီစိမ်းကြီး၊ ပဲနီပြား၊ ပဲယင်း၊ ပဲလွန်းဖြူ ပဲကြီးနဲ့မြေပဲများ အရောင်းအဝယ်သွက်လက်ကြောင်း၊ ယခင်က နှမ်းမျိုးစုံနဲ့ပြောင်းမျိုးစုံ အရောင်းအဝယ်သွက်လက် ခဲ့ပေမယ့် ယခုလမှာ အရောင်းအဝယ်လွန်စွာအေးလျက်ရှိကြောင်း၊ နှမ်းနှင့်ပြောင်းများမှာ ပစ္စည်းအဝင် နည်းပါးကြောင်း၊ ပဲဈေးနှုန်းကျဆင်းရခြင်းမှာ ဒေါ်လာဈေးကြောင့်ဟု ထင်မြင်ယူဆကြောင်း၊ ရာသီဥတုကြောင့် သီးနှံအထွက်များစွာလျော့ကျမည်ဟု ထင်မြင်ခဲ့သော်လည်း ထင်မြင်ခဲ့သလောက်မလျော့ကျကြောင်း၊ မူဆယ်လမ်းပိုင်းသယ်ယူပို့ဆောင်မှု တစ်ခါတစ်ရံတွင် ကြန့်ကြာမှုရှိကြောင်း ပွဲစားကုန်သည်ကြီးတစ်ဦးရဲ့ ပြောကြားချက်အရ သိရပါတယ်။

**စိုးအောင်-မန္တလေး**

## ချင်း

### အောင်ပန်းချင်းဈေးကွက် အရောင်းအဝယ် ပုံမှန်ဖြစ်

အခုတစ်ပတ် အောင်ပန်းဈေးကွက်မှာ ချင်းသစ်က ပုံမှန်အဝင်ရှိနေသလို၊ အရောင်းအဝယ်ကလည်း ပုံမှန်ဖြစ်နေပါတယ်။ ပြည်တွင်းသုံးအဖြစ် လက်လီ၊ လက်ကားဈေးသာရှိပြီး လက်ကားအဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်တွေက ဈေးပတ်သမားတွေ ဝယ်ယူနေပါတယ်။ ချင်း (စို) သစ်တွေကို မြန်မာပြည်အနှံ့အပြားရှိ ဒေသတွေက ဝယ်နေပေမယ့် ချင်းခြောက်ကိုတော့ ရန်ကုန်၊ မန်း၊ နေပြည်တော်၊ ပြည်စတဲ့ မြို့တွေက ဝယ်ယူနေကြပါတယ်။ ဒေသတွင်းကလည်း ပြန်စိုက်ဖို့ မျိုးအတွက် ဝယ်ယူ မှုလည်းရှိနေတာကြောင့် အရောင်းအဝယ်က ကောင်းနေတယ်လို့တော့ ဆိုပါတယ်။ အောင်ပန်းဈေးကွက်မှာ ဒီတစ်ပတ် ချင်း (စို) ပိဿာချိန်ပေါင်း တစ်သိန်းတစ်သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့သလို ချင်းခြောက်ကလည်း ပိဿာချိန် ရှစ်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ တစ်ပိဿာပေါက်ဈေးတွေကတော့ ချင်းစိုက အနိမ့်ဆုံး ၃၅၀ ကျပ်မှ အမြင့်ဆုံး ၆၀၀ ကျပ်ဈေးရှိပြီး၊ ချင်းခြောက်က အနိမ့်ဆုံး ၁၈၀၀ ကျပ်မှ အမြင့်ဆုံး ၂၂၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာတော့ ချင်းစိုအသစ်ကို လက်လီနဲ့ မျိုးအဖြစ်သာ ရောင်းဝယ်နေတယ်လို့ သိရပါတယ်။ တစ်ပိဿာ ပေါက်ဈေးကတော့ ၄၀၀ ကျပ်မှ ၄၅၀ ကျပ်ဈေးရှိတယ်လို့ သိရပါတယ်။ **ဇေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကွက်ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေး

ယခုတစ်ပတ်အတွင်း အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်သို့ ပိဿာ ၃၀ ဝင်အိတ် ၈၀ ခန့်အဝင်ရှိပြီး ယခင်တစ်ပတ်ကထက် အဝင်နည်းလာပါတယ်။ ယခင်နှစ်ကာလတူအချိန်ထက် ထက်ဝက်ခန့် ဈေးလျော့နည်းခဲ့ပါတယ်။ ဈေးနှုန်းအားဖြင့် ချင်းတစ်ပိဿာ (ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်တို့နဲ့ ဈေးနှုန်းအပြောင်းအလဲမရှိဘဲ ဈေးနှုန်းတည်ငြိမ်ပြီး အရောင်းအဝယ်အေးနေပါတယ်။

ဈေးကွက်အတွင်း တစ်နေ့ကို ပိဿာချိန် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ပြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်သို့ ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၂၀၀ ခန့် တင်ပို့ခဲ့ပါတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**



## ကြက်သွန်

### ထိုင်းနဲ့ တရုတ်သို့ ကြက်သွန်နီ တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်အတွင်း ကန်ဒေါ်လာ ၆၀၆၂၀ တန်ဖိုးရှိ ကြက်သွန်နီ ၁၆၉ တန်နဲ့ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၉၂၀၀၀ တန်ဖိုးရှိ ကြက်သွန်နီ တန် ၄၀၀ တင်ပို့ခဲ့ပါတယ်။ ယခင် ရက်သတ္တပတ်က မူဆယ်မှ ၂၁၂ တန်၊ မြဝတီမှ ၃၈၄ တန်ခွဲနဲ့ တာချီလိတ်မှ တန် ၁၀၀ တင်ပို့နိုင်ခဲ့ လို့ ယခုတစ်ပတ် ကြက်သွန်နီတင်ပို့မှု အနည်းငယ် လျော့နည်းသွားခဲ့ပါတယ်။ နွေ ကြက်သွန်နီအသစ်များ ယခုလဆန်းပိုင်းမှာ ပေါ်လာတာကြောင့် ကြက်သွန်နီဈေးနှုန်း အနည်းငယ်ကျဆင်းသွားတယ်လို့ ဘုရင့်နောင် ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

### ပခုက္ကူဈေးကွက်အတွင်းသို့ ကြက်သွန်ဖြူ (အမွှာ) အသစ်များနဲ့ မန်ကျည်းသီးအသစ်များ ဝင်ရောက်

ပခုက္ကူဈေးကွက်အတွင်းသို့ ကြက်သွန်ဖြူ (အမွှာ) အသစ်များ ဆော၊ ကျောက်ထုနယ်ဘက်မှ ဝင်ရောက်လာတာကြောင့် ကြက်သွန်ဖြူဈေးမှာ ယခင်က ၄၂၀၀ ကျပ်၊ ၄၀၀၀ ကျပ်ဖြစ်ပြီး ယခုအခါမှာ ၃၈၀၀ ကျပ်၊ ၃၅၀၀ ကျပ်၊ ၃၂၀၀ ကျပ်ဈေးအသီးသီးရှိနေလို့ ဈေးအနည်းငယ်ကျဆင်းလာပြီး အရည်အသွေးအလိုက် ရောင်းဝယ် လျက်ရှိကြောင်းသိရပါတယ်။

မန်ကျည်းသီးအသစ်များမှာ မြိုင်နှင့်ပေါက်နယ်များမှ ဈေးကွက်အတွင်းသို့ တစ်နေ့လျှင် ပိဿာချိန် ၂၀၀၀-၁၅၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းမှာ အစေ့ထုတ်ပြီး တစ်ပိဿာလျှင် ၂၀၀၀ ကျပ်နဲ့ အစေ့ပါတစ်ပိဿာလျှင် ၁၀၀၀ ကျပ်ဈေးနဲ့ ရောင်းဝယ်လျက်ရှိကြောင်းသိရပါတယ်။ **ချယ်ရီမြင့်-ပခုက္ကူ**

## နနွင်း

### ယခင်တစ်ပတ်ထက် နနွင်းတင်ပို့မှု လျော့နည်းခဲ့

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက်သီတင်းပတ်အတွင်း နနွင်း ၂၇၇ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၈၂၃၈၀ တန်ဖိုးရှိ နနွင်း၁၁၆ တန်ကို ဘင်္ဂလားဒေ့ရှ်၊ ကန်ဒေါ်လာ ၄၉၀၀၀ တန်ဖိုးရှိနနွင်းတန်၇၀ ကို အိန္ဒိယ၊ ကန်ဒေါ်လာ ၄၁၈၇၅ တန်ဖိုးရှိနနွင်း၇၅ တန်ကို မလေးရှားနဲ့ ကန်ဒေါ်လာ၁၂၂၁၀ တန်ဖိုးရှိ နနွင်း၁၆ ဒသမ ၅တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်း တန်ချိန်၃၆၀ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန်၈၀ ကျော်တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ၁၈၅၄၆၅ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း(DOT)**

### အောင်ပန်းနနွင်းဈေးကွက်သို့ နနွင်းသစ်များ စတင်ဝင်

ရှမ်းနနွင်းအသစ်တွေ ပေါ်နေပြီဖြစ်ပေမယ့် သိပ်များများစားစားမဝင်လာသေးပါဘူး။ ဒီတစ်နှစ်မှာ ရှမ်းနနွင်းလည်း ရောင်းတန်းဝင်သီးနှံဖြစ်လာပြီး နေ့စဉ် ပုံမှန်အရောင်းအဝယ်ဖြစ်နေပြီး အဓိက ကတော့ အဟောင်းလက်ကျန်တွေကိုသာ ရောင်းနေရတယ်လို့လည်း ဈေးကွက်မှ သိရပါတယ်။ ဒီတစ်ပတ်လည်း အောင်ပန်းဈေးကွက်မှ နနွင်းတွေကို ရန်ကုန်၊ မန္တလေး၊ မူဆယ်ဝယ်လက်တွေက ဝယ်ယူနေပါတယ်။ အသစ်တွေကတော့ ပြုတ်ခြောက်လုပ်တာရယ်၊ နေလှန်းတာရယ်ကြောင့် များများစားစား ဝင်ရောက်မှုမရှိသလို ဝယ်လက်တွေကလည်း သိပ်ပြီးမကြိုက်ကြသေးပါဘူး၊ အဟောင်းတွေကတော့ ခြောက်သွေ့နေပြီး အထားလည်းခံလို့ အဟောင်းကိုသာပိုပြီး ဝယ်ယူနေတယ်လို့ လည်း သိရပါတယ်။ ဒီတစ်ပတ်အတွင်း နနွင်းပိဿာချိန်ပေါင်း ခုနစ်သောင်းခွဲခန့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ပိဿာပေါက်ဈေးက အသစ်ဆိုရင် ၁၄၀၀ ကျပ်ဈေးရှိ ပြီး အဟောင်းကတော့ အနိမ့်ဆုံး ၁၇၅၀ ကျပ်မှ အမြင့်ဆုံး ၂၂၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးနနွင်းကို မူဆယ်ဝယ်လက်နဲ့ ရန်ကုန်ဝယ်လက်တွေက ဝယ်ယူနေပြီး အဟောင်းဆိုရင် တစ်ပိဿာကို ၁၆၀၀ ကျပ်မှ ၁၈၅၀ ကျပ်ဈေးရှိပြီး အသစ်ကတော့ တစ်ပိဿာ ၁၄၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဈေးရှိပါတယ်။ **ဇေခိုင်-တောင်ကြီး**

### မူဆယ်နဲ့ စစ်တွေမှ နနွင်းတက်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်တာကာလမှာ ကန်ဒေါ်လာ ၇၂၁၃၅ တန်ဖိုးရှိ နနွင်းတက် ၁၀၃ တန်ခွဲနဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ စစ်တွေ ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၃၂၀၀ တန်ဖိုးရှိ နနွင်းတက် ၂ တန်တင်ပို့ခဲ့ပါတယ်။ မူဆယ်မှာ နနွင်းတစ်တန်ရဲ့ မိမိဘက်ပေါက်ဈေးက (ငွေလဲနှုန်းအရ) ၈၄၇၀၀၀ ကျပ်ရှိပြီး၊ စစ်တွေမှာ ၁၉၇၉၂၀၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ နနွင်းအစစ်ကို ဟင်းခတ်ရာတွင် လည်းကောင်း၊ ဆေးဖော်စပ်ရာတွင်လည်းကောင်း ဝယ်ယူသုံးစွဲမှု များပြားလာတာကြောင့် စိုက်ပျိုးသူလည်း များပြားလာပါတယ်။ **မော်မော်အောင်**

## သီဟိုဠ်

### မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလအတွင်း သီဟိုဠ်စေ့ တန် ၇၀ ကျော်တင်ပို့

မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီအတွင်း ကန်ဒေါ်လာ သုည ဒသမ ၅၃၁ သန်း တန်ဖိုးရှိ သီဟိုဠ်စေ့ ၈၆ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၇၈ တန်ကျော်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၄၇၄ သန်း၊ မြဝတီကုန်သွယ်ရေးဇုန်မှ ၇ တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၀၅၇ သန်း တင်ပို့နိုင်ခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်အတွင်း မူဆယ်ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းတို့မှ သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်း မရှိဘူးလို့ သတင်းရရှိပါတယ်။ ယခင်သီတင်းပတ်ကတော့ မူဆယ်ကုန်သွယ်ရေးဇုန်မှ ၃၁ တန်ကျော် တင်ပို့ခဲ့ပါတယ်။ **ခင်မြနွယ်**



## မန်ကျည်း

### မန်ကျည်းတင်ပို့မှု အားကောင်းလာ

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက် သီတင်းပတ်အတွင်း မန်ကျည်း ၁၃၄၈ ဒသမ ၅ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၁၉၉၀ တန်ဖိုးရှိ မန်ကျည်း၅၂ တန်ကိုမလေးရှား၊ ကန်ဒေါ်လာ ၃၀၃၃၆၂ ဒသမ၅ တန်ဖိုးရှိ မန်ကျည်း ၁၀၀၇ ဒသမ ၅တန်ကိုပါကစ္စတန်၊ ကန်ဒေါ်လာ ၇၄၆၀၅ တန်ဖိုးရှိ မန်ကျည်း၂၃၉ တန်ကို စင်ကာပူနဲ့ ကန်ဒေါ်လာ ၁၂၅၀၀ တန်ဖိုးရှိ မန်ကျည်း တန် ၅၀ ကို ထိုင်းနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ဒီတစ်ပတ် မန်ကျည်းတင်ပို့မှုမှ စုစုပေါင်း ကန်ဒေါ်လာ ၄၁၂၄၅၇ ဝင်ငွေရရှိခဲ့ပါတယ်။ ယခင်တစ်ပတ်ထက် ဒီတစ်ပတ်မှာ မန်ကျည်းတင်ပို့မှု ပိုမိုအားကောင်းခဲ့တယ်လို့ သိရပါတယ်။ **သီတာဝင်း(DOT)**



## ပဲကြီး

### ပြည်ပဲကြီးဈေးကွက် ယခင်နှစ်ကဈေးအတိုင်း အရောင်းအဝယ်ဖြစ်နေ

မတ်လ ဒုတိယပတ်အတွင်း ဆောင်းပဲသီးနှံစုံ ဝင်ရောက်လာနေပြီဖြစ်တဲ့အတွက် ပဲကြီးသီးနှံဟာလည်း (ရွှေကျွန်း) ရော (ကမ်းနား) ပဲပါ အိတ် ၁၀၀၀ ကျော် ဝင်ရောက်ခဲ့ပါတယ်။ ရွှေတောင်၊ ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ မင်းတုန်း၊ ကံမဘက်မှ ဝင်ရောက်လာခြင်းဖြစ်တယ်လို့ သိရပါတယ်။

ယခုလို ရာသီတွင် လှောင်လက်သမားများ ဝယ်ယူသိုလှောင်နေကြပြီး ဈေးနှုန်းမှာ (ရွှေကျွန်း) တစ်တင်း ၂၃၅၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၂၂၅၀၀ ကျပ်ဖြင့် ဝယ်ယူနေသလို ပဲကြော်ဖိုလုပ်ငန်းသမားကတော့ ပုံမှန်အဝယ်ရှိခဲ့ကြပါတယ်။ အခြားပဲများအားလုံးလိုလို ယခင်နှစ်ကဈေးထက် ယခုနှစ်မှာ ဈေးပိုကောင်းရရှိခဲ့သော်လည်း ပဲကြီးသီးနှံဈေးနှုန်းကတော့ ယခင်နှစ်နှင့် ယခုနှစ်ကာလတူချိန် ပေါက်ဈေးမှာ ကွာခြားမှုသိပ်မရှိဘဲ ယခင်နှစ်ကလည်း ကျပ်နှစ်သောင်းအထက် အနည်းငယ်ပိုရခဲ့တယ်လို့သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

ယခင်တစ်ပတ်မှအဆက်

# မျက်မှောက်ခေတ်ကုန်သွယ်ရေး ကိုလိုနီစနစ်သစ်



[illegible]

## တရုတ် – အာဖရိက ဆက်ဆံရေး

သစ်ကုလားအုတ်အပါအဝင် နိုင်ငံခြားမှ ယူဆောင်လာသော တိရစ္ဆာန်များကို ဆိုမာလီ ကုန်သည်များက တရုတ်နိုင်ငံတွင် ဖမ်းဆီးရောင်းချခဲ့ပါသည်။ အဆိုပါတိရစ္ဆာန်များကို တရုတ်နိုင်ငံ ပြည်နယ်အချို့တွင် လူကြိုက်များခဲ့သည်။ သမိုင်းစဉ်လာအားဖြင့် တရုတ်နှင့် ဆိုမာလီသည် ခိုင်မာသော ကူးသန်းရောင်းဝယ်မှုရှိခဲ့သည်။ မကြာမီနှစ်များအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အာဖရိကနိုင်ငံများနှင့် ပိုမိုကောင်းမွန်ခိုင်မာသော ကုန်သွယ်ရေးနှင့် စီးပွားရေးသဘောတူညီချက်များ ပြုလုပ်ခဲ့ပါသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အာဖရိက၏ အကြီးမားဆုံးကုန်သွယ်ဖက်နိုင်ငံ (Largest trading partner) ဖြစ်ပါသည်။

၂၀၀၇ ခုနှစ် ဩဂုတ်လတွင် အာဖရိကနိုင်ငံ အသီးသီး၌ နေထိုင်အလုပ်လုပ်ကိုင်လျက်ရှိသော တရုတ်နိုင်ငံသားအရေအတွက်မှာ ၇၅၀၀၀ ခန့်ရှိပါသည်။ တရုတ်နိုင်ငံသည် ရေနံနှင့်သတ္တု(Petroleum and minerals) ကဲ့သို့သော သဘာဝအရင်းအမြစ်များကို ထုတ်ယူသယ်ဆောင်လျက် ရှိပါသည်။ ထိုကဲ့သို့သယ်ဆောင်ရခြင်းမှာ တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်ရန်နှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ (International business enterprises) ကို ဖြည့်ဆည်းပေးရန်အတွက်ဖြစ်ပါသည်။ ၂၀၀၆ ခုနှစ်တွင် တရုတ်နှင့် အာဖရိက အပြန်အလှန်ကုန်သွယ်မှု (Two way trade) မှာ အမေရိကန် ဒေါ်လာ ၅၀ ဘီလီယံအထိ တိုးတက်ခဲ့ပါသည်။

တရုတ်နိုင်ငံ၏အာဖရိကနှင့် စီးပွားရေး ဆက်ဆံမှုများ၊ ရောင်းဝယ်ဖောက်ကားမှုများအားလုံးသည် တိုက်ရိုက်ငွေကြေးပေးချေခြင်း (Driect monetary exchange) မရှိခဲ့ပါ။ ၂၀၀၇ခုနှစ်တွင် တရုတ်အစိုးရနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတို့သည် သဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့ကြသည်။ အဆိုပါစာချုပ်အရ တရုတ် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ (State-owned firms) က ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးနှင့် အခြေခံအဆောက်အအုံ စီမံကိန်းကြီးများကို ဖြည့်ဆည်းပေးမည်ဖြစ်ပါသည်။ ထိုသို့ဖြည့်ဆည်းပေးခြင်းအတွက် ကွန်ဂိုအစိုးရက တရုတ်နိုင်ငံအား ကွန်ဂိုကြေးနီသတ္တုတွင်းများမှ ကြေးနီထုတ်ယူခွင့်ပြုရမည်ဖြစ်ပါသည်။ တရုတ်က ဆောက်လုပ်ပေးမည့် အခြေခံအဆောက်အအုံတန်ဖိုးနှင့် ညီမျှသည့် ကြေးနီထုတ်ယူခွင့်ကို ကွန်ဂိုနိုင်ငံက ခွင့်ပြုပေးရမည်ဟူ၍ ဆိုလိုပါသည်။ ဆူဒန်အစိုးရကို

> awmifuk&D,m; t pk&ESifh t ift m;BuD;m; o nfh uk&D, m;EdkifipH pD;yGm;a&;aumfydk&;&Sif;rsm; (Multinational corporations) o nf qif;&JaomEdkifiH rsm;&Sd pdkufysKd;ajr [ ufwm oef;ay gif;rsm;pGm u dk t oHk;jyK&ef t wGuf t oHk;jyKcGifh rsm; (Exploitation rights) u dk 0 , f, lvsuf &Sdo nf

ဆန့်ကျင်သူများနှင့် လူ့အခွင့်အရေးသမားက တရုတ်နိုင်ငံသည် ဆူဒါ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကို လိုချင်သောကြောင့် လက်နက်နှင့် လေယာဉ်များကို ဖြည့်ဆည်းပေးနေကြောင်း ဝေဖန်ပြောဆိုကြပါသည်။

## တောင်ကိုရီးယားနိုင်ငံ၏ မြေယာဝယ်ယူ နယ်ချဲ့ခြင်း

ကာလရှည်စားနပ်ရိက္ခာထုတ်လုပ်ရောင်းချမှုကို သေချာခိုင်မာစေရန်အတွက် တောင်ကိုရီးယားအစိုးရနှင့် အင်အားကြီးမားသည့် ကိုရီးယားနိုင်ငံစုံ စီးပွားရေးကော်ပိုရေးရှင်းများ (Multinational corporations) သည် ဆင်းရဲသောနိုင်ငံများရှိ စိုက်ပျိုးမြေဟက်တာသန်းပေါင်းများစွာကို အသုံး ပြုရန်အတွက် အသုံးပြုခွင့်များ (Exploitation rights) ကို ဝယ်ယူလျက်ရှိပါသည်။ ဆင်းရဲသော နိုင်ငံများဆိုသည်မှာ တတိယကမ္ဘာ (Third world) ရှိဖွံ့ဖြိုးတိုးတက်မှု နောက်ကျသောနိုင်ငံများ (Underdeveloped countries) ကိုဆိုလိုပါသည်။ ထိုကဲ့သို့ မြေယာများဝယ်ယူပြီး စိုက်ပျိုးထုတ်လုပ်သောကြောင့် တောင်ကိုရီးယားနိုင်ငံသည် ပြည်ပမှ စားနပ်ရိက္ခာများ၊ အစားအသောက်များ ဝယ်ယူတင်သွင်းရခြင်း မရှိတော့ပေ။ အဆိုပါ ဝယ်ယူထားသော မြေယာများက ထိထိရောက်ရောက် ထုတ်လုပ်ပေးနိုင်သောကြောင့် ကိုရီးယားနိုင်ငံအနေဖြင့် စားသောက်ကုန် မတင်သွင်းရခြင်း ဖြစ်ပါသည်။ ဤကဲ့သို့ စိုက်ပျိုးမြေနယ်ချဲ့သည့် မူဝါဒကို မျက်မှောက်ခေတ်ကုန်သွယ်ရေး ကိုလိုနီစနစ်သစ် အဖြစ် မှတ်ယူနိုင်ပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ရေနံစိမ်း (Crude oil) ထုတ်လုပ်မှု မရှိသည့်အပြင် အခြား သော့ချက်ကျသော စက်မှုကုန်ကြမ်းများ (Other key industrial materials) ကိုလည်းထုတ်လုပ်နိုင်ခြင်းမရှိပေ။ ထို့ကြောင့် ကိုရီးယားနိုင်ငံ၏ စီးပွားရေး တိုးတက်ရန်နှင့် ကိုရီးယားပြည်သူလူထု၏ အသက် မွေးဝမ်းကျောင်းအတွက် နိုင်ငံခြားတိုင်းပြည်များရှိ အဆိုပါ သဘာဝသယံဇာတများကိုရရှိအောင် ဆောင်ရွက်ရမည်။ ထို့ကြောင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization- FAO) အကြီးအကဲ Jacques Diouf က "မြေယာအရောင်းအဝယ်ကိစ္စ ကြီးထွားလာခြင်းက ကုန်သွယ်ရေး ကိုလိုနီစနစ်သစ် ပုံစံကို ဖြစ်စေ နိုင်ပါတယ်။ ဆင်းရဲတဲ့ နိုင်ငံက ချမ်းသာတဲ့ နိုင်ငံအတွက် စားနပ်ရိက္ခာတွေ ထုတ်ပေးနေရတာမျိုးဖြစ်မယ်။ ဆင်းရဲတဲ့နိုင်ငံမှာရှိတဲ့ ဆာလောင်နေတဲ့ ပြည်သူတွေရဲ့ ပိုက်ဆံတွေနဲ့ ချမ်းသာတဲ့ နိုင်ငံအတွက် စားသောက်ကုန်တွေ ထုတ် ပေးနေရတာ မျိုးဖြစ်ပါမယ်" ဟူ၍ သတိပေးပြောကြားပါသည်။

၂၀၀၈ ခုနှစ်တွင် ကိုရီးယားနိုင်ငံရှိ ကော်ပိုရေးရှင်းတစ်ခု ဖြစ်သော Daewoo Logistics သည် မာဒါဂတ်စကာ (Madagascar) တွင် လယ်ယာ မြေဟတ်တာ ၁ ဒသမ ၃ သန်းဝယ်ယူထားသည်။ ဤမြေပမာဏသည် ဘယ်လ်ဂျီယံနိုင်ငံ၏ ထက်ဝက်ခန့်ရှိပြီး ဇီဝလောင်စာအတွက် ပြောင်းနှင့် အခြားသီးနှံများ စိုက်ပျိုးရန် ဝယ်ယူခြင်းဖြစ်သည်။ မာဒါဂတ်စကာတွင် စားအုန်းဆီနှင့် ပြောင်းများ စိုက်ပျိုး၍ စားသောက်ကုန်များ ထုတ်လုပ်ပြီး ပြည်ပ တင်ပို့ခဲ့ပါသည်။ ထိုကဲ့သို့ ထုတ်လုပ်တင်ပို့သော်လည်း ပြည်တွင်းရှိ ပြည်သူသုံးပုံတစ်ပုံနှင့် ကလေးငယ် ၅၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှု (Malnaurished) ကိုရင်ဆိုင်နေရသည်။ ထိုကဲ့သို့ စိုက်ပျိုးထုတ်လုပ်တင်ပို့ရာတွင်လည်း ပြည်တွင်း လုပ်သားများကို အသုံးမပြုဘဲ တောင်အာဖရိကမှ လုပ်သားများကို ခေါ်ယူငှားရမ်း လုပ်ကိုင်ပါသည်။ အဆိုပါ လယ်မြေပေါ်တွင် နေထိုင်၍ ၎င်းတို့၏ အစားအစာနှင့် ဝင်ငွေအတွက် ဤမြေယာကို အမှီပြုနေကြသောသူများကို တိုင်ပင်ခြင်း၊ သတင်းပေးခြင်းမရှိပေ။ မြေယာ အသိမ်းဆည်းခံ တောင်သူလယ်သမားများသည် အစိုးရကို ကာလရှည်ကြာစွာ ဆန့်ကျင် ဆန္ဒပြခဲ့ကြသည်။ အကျိုးဆက်မှာ မြေသိမ်းခံဆန့်ကျင်ဆန္ဒပြသူများ ရာနှင့်ချီ၍ သေဆုံးခြင်းဖြစ်သည်။

မာဒါဂတ်စကာ စိုက်ပျိုးမြေယာ အရောင်းအဝယ်ကိစ္စပြီးသည့်နောက် မကြာမီ တန်ဇန်နီးယားတွင် တောင်ကိုရီးယားက စိုက်ပျိုး မြေဟတ်တာ ၁၀၀,၀၀၀ ဝယ်ယူခဲ့ပါသည်။ တောင်ကိုရီးယားသည် အဆိုပါ မြေယာတွင် စားနပ်ရိက္ခာထုတ်လုပ်ခြင်းနှင့် အခြားသော ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါစီမံကိန်းအတွက် တောင်ကိုရီးယားဝမ်ငွေ ဘီလီယံ ၇၀၀ မှ ဘီလီယံ ၈၀၀ အထိ သုံးစွဲရင်းနှီးမြှုပ်နှံခဲ့ပါသည်။ အဆိုပါ စီမံကိန်းသည် တောင်ကိုရီးယား၏ ပြည်ပနိုင်ငံများတွင် မြေယာဝယ်ယူ စိုက်ပျိုးထုတ်လုပ်ခြင်းများအနက် အကြီးမားဆုံးဖြစ်သည်။

၂၀၀၉ ခုနှစ်တွင် တောင်ကိုရီးယား ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်းစုသည် ရုရှားအရှေ့ဖျားတွင်ရှိသော လယ်ယာမြေဟတ်တာ ၁၀,၀၀၀ ကို ဝယ်ယူစိုက်ပျိုးခဲ့ပါသည်။ ထို့ပြင် ငွေကြေးအင်အားတောင့်တင်းသည့် တောင်ကိုရီးယားဒေသန္တရ အစိုးရသည်လည်း ဖိလစ်ပိုင် နိုင်ငံအလယ်ပိုင်းရှိ လယ်ယာမြေ ဟတ်တာ ၉၅,၀၀၀ ကို ပြောင်းသီးနှံ စိုက်ပျိုးရန်အတွက်ဝယ်ယူခဲ့ပါသည်။ ထိုကဲ့သို့ ဝယ်ယူရန်အတွက် ဒေသန္တရအစိုးရသည် တောင်ကိုရီးယား ဗဟိုအစိုးရထံမှ အတိုးနှုန်း သက်သာသော ချေးငွေအမေရိကန်ဒေါ်လာ ၁ ဒသမ ၉ သန်းရရှိခဲ့ ပါသည်။ ဤစီမံကိန်းအရ တောင်ကိုရီးယားနိုင်ငံအတွက် လိုအပ်သော စက်မှုကုန်ကြမ်းသီးနှံများကို တစ်နှစ်လျှင် အနည်း ဆုံးတန် ၁၀,၀၀၀ ထုတ်လုပ်ခဲ့ပါသည်။

တောင်ကိုရီးယားနိုင်ငံစုံ စီးပွားရေးကော်ပိုရေးရှင်းကြီးများနှင့် ဒေသန္တရအစိုးရများသည် အင်ဒိုနီးရှား၊ ဆူလာဝေဆီ၊ ကမ္ဘောဒီးယားနှင့် မွန်ဂိုးလီးယားနိုင်ငံတို့မှလည်း မြေယာများ ဝယ်ယူခဲ့သည်။ ထို့ပြင် တောင်ကိုရီးယားအစိုးရသည် ပါရာဂွေးနှင့် ဉရုဂွေးတို့ထံမှ မြေယာဝယ်ယူရန်အတွက် ဝမ် ၃၀ ဘီလီယံ ရင်းနှီးမြှုပ်နှံခဲ့သည်။ ဆက်လက်၍ တောင်ကိုရီးယားသည် လာအို၊ မြန်မာနှင့် ဆီနီဂေါနိုင်ငံတို့မှ မြေယာများ ဝယ်ယူ ရင်းနှီးမြှုပ်နှံရန် စီစဉ်လျက်ရှိပါသည်။

# ဓာတ်ဆီ/ဒီဇယ်

## ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ကိုးရာကျော်ဝင်

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၄၄၆၄၇၇၀၅တန်ဖိုးရှိ ဒီဇယ်၇၄၉ ဒသမ ၆၉၅တန်နဲ့ ကန်ဒေါ်လာ ၁၀၀၉၉၀၈၃ တန်ဖိုးရှိ ဓာတ်ဆီ ၁၆၄ ဒသမ ၂၀၃တန်ကို တင်သွင်း ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ 92၊ 95 ၊ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်တင်သွင်းမှုနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဒီဇယ် ၅၃၂တန်ကျော် ဓာတ်ဆီ ၅၄ တန်ကျော် ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိကစက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေ ငြိမ်နေတယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း (95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဒီဇယ် ၄၇၀ ကျပ်၊ အောက်တိန်း (92) ၅၁၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၃၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ပြင်ပဈေးကွက်မှာ ဒီဇယ်ဈေးအနည်းငယ်မြင့်လာပေမယ့် ဓာတ်ဆီဈေးက ယခင်တစ်ပတ်ဈေးအတိုင်း ငြိမ်နေတယ်လို့သိရပါတယ်။ မတ် ၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ၈၉၀၀၀ ကျပ်၊ ရောင်းဈေး ၉၁၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေရာမှ ၉ ရက်မှ စပြီးဝယ်ဈေး ၉၂၀၀၀ ကျပ်၊ ရောင်းဈေး ၉၆၀၀၀ ကျပ်အထိ ဈေးမြင့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဓာတ်ဆီပီပါဈေးမှာ မတ် ၇ ရက်တွင် ဝယ်ဈေး၁၂၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၀၀၀၀ကျပ်နဲ့ တစ်ပတ်လုံး ဒီဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ တစ်ဂါလန်ဈေးမှာ ဒီဇယ်ရောဓာတ်ဆီပါ တစ်ဂါလန် ၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၅၆၀ ကျပ်၊ အောက်တိန်း (92) ၄၉၀ ကျပ်၊ ဒီဇယ် ၄၄၅ ကျပ်၊အဆင့်မြင့်ဒီဇယ် ၄၉၀ကျပ်၊ အောက်တိန်း (95) ၆၉၀ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ် ဖြစ်နေတဲ့ ပီပါဈေးများမှာ မတ် ၇ ရက်မှစပြီး ဒီဇယ်ဝယ်ဈေး ၁၀၂၀၀၀ ကျပ်၊ ရောင်းဈေး ၁၀၅၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး မတ် ၉ ရက်တွင် ဝယ်ဈေး ၁၀၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ မတ် ၇ရက် ဓာတ်ဆီဈေးမှာ ဝယ်ဈေး ၁၂၈၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့ တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၁၀၀ကျပ်၊ ဓာတ်ဆီ ၂၆၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

မော်လမြိုင်ဈေးကွက်မှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေး ငြိမ်ပြီး၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ပြန်ကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၂၉၅ ကျပ်၊ အောက်တိန်း ၂၅၂၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၄၀၀ ကျပ်၊ အောက်တိန်း ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်ကပုံမှန် အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီရောဒီဇယ်ပါ ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၂၄၀၀ ကျပ်၊ ဒီဇယ် ၂၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီ ၂၆၀၀ ကျပ်၊ ဒီဇယ် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 11-3-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 38.68 | 0.84 | 2.22 |
| Brent Crude Futr (USD/bbl) | 40.78 | 0.73 | 1.52 |
| Gasoline Rbob Fut (Cent/gal) | 146.06 | 2.16 | 1.50 |
| Natural Gas Futr (USD/MMBtu) | 1.81 | 0.02 | 1.12 |
| Heating Oil Futr (Cent/gal) | 123.41 | 1.80 | 1.40 |

## ပြည်တွင်းငွေလဲနှုန်းများ အတက်အကျကြမ်းနေဆဲ

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် ပြည်တွင်းငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် အတက်အကျ ကြမ်းလျက်ရှိနေပြီး အတက်ဘက်သို့ပြန်လည်ဦးတည်နေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ပြည်တွင်းနိုင်ငံရေး အခြေအနေများကို စောင့်ကြည့်နေမှုများကြောင့် ဈေးများကျဆင်းနေရခြင်းဖြစ်သော်လည်း ယခုတစ်ပတ်တွင် သမ္မတနှင့် ဒုတိယသမ္မတများ၏အမည်စာရင်းများ ထွက်ပေါ်လာသဖြင့် ဈေးကွက်အတွင်း၌ အနည်းငယ် လှုပ်လှုပ်ရှားရှားဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်လာဈေးကျဆင်းလာခြင်းကြောင့် ပို့ကုန်သာမက သွင်းကုန်ပိုင်းတွင်ပါ ဈေးများကျဆင်းလာခဲ့ကြောင်း၊ သို့သော် ဈေးမတည်မငြိမ်ဖြစ်မှုများမှာ ကြမ်းတမ်းလွန်းလှသဖြင့် လုပ်ကိုင်ရသည်မှာ ခက်ခဲလှကြောင်း ကုန်သည်တစ်ဦးကပြောကြားခဲ့သည်။

"ဈေးအတက်အကျက ကမ္ဘာမှာလည်း ဖြစ်နေတာပဲ။ ဒါပေမယ့် ဒီမှာက အတက်အကျက တော်တော်လေးကို ဆိုးရွားလွန်းတယ်။ တစ်ရက်ထဲမှာတင် ၁၃ ကျပ်လောက်တက်သွားတယ်။ မတ် ၈ရက်က နံနက်ပိုင်းမှာ ဝယ်ဈေး ၁၁၈၈ ကျပ်၊ ရောင်းဈေး ၁၁၉၅ ကျပ်ရှိနေပေမယ့် ညနေပိုင်းလည်း ရောက်ရော ဝယ်ဈေး ၁၂၀၁ ကျပ်၊ ရောင်းဈေး ၁၂၀၈ကျပ်ဖြစ်သွားတယ်။ မတ်လ ၉ရက်ကလည်း အဲဒီလိုပဲ အဲဒီနေ့ကလည်း တစ်ရက်အတွင်း ၆ ကျပ် တက်သွားတယ်။ အဲဒီလိုအတက်အကျ ကြမ်းနေတော့ ကုန်သည်တွေအတွက် အလုပ်လုပ်ရတာ အဆင်မပြေဘူး။ ပြီးခဲ့တဲ့တစ်ပတ်တုန်းက အစိုးရသစ်ဖွဲ့ဖို့စောင့်ကြည့်နေကြလို့ ဈေးကျပေမယ့် အခုဒီတစ်ပတ်လည်းရောက်ရော အစိုးရသစ်ဖွဲ့ဖို့ သမ္မတတွေ၊ ဒုတိယသမ္မတတွေရဲ့ အမည်စာရင်းတွေ ထွက်လာတဲ့အတွက် ဈေးအတက်အကျတွေ များလာတယ်။ ဒါက ကောင်းတဲ့လက္ခဏာမဟုတ်ပါဘူး။ ငွေလဲနှုန်းအတက်အကျ နည်းအောင် လုပ်ပေးဖို့လိုပါတယ်"ဟု ကုန်သည်တစ်ဦးက ထောက်ပြခဲ့သည်။

ငွေလဲစင်တာများတွင် မတ် ၇ ရက် ဈေးပိတ်ချိန်က ဝယ်ဈေး ၁၁၉၂ ကျပ်၊ ရောင်းဈေး ၁၂၀၂ ကျပ်ရှိခဲ့ပြီး မတ် ၁၀ရက်တွင် ဝယ်ဈေး ၁၂၀၄ ကျပ်၊ ရောင်းဈေး ၁၂၀၉ကျပ်ရှိခဲ့သည်။ မတ် ၁၁ ရက်တွင် ဝယ်ဈေး ၁၂၀၀ ကျပ်၊ ရောင်းဈေး ၁၂၀၇ ကျပ်ရှိခဲ့သည်။

**မယ်သီတာ**

## တစ်ပတ်အတွင်း ပြည်တွင်းရွှေဈေး ကျပ်တစ်သောင်းကျော် ပြန်လည်မြင့်တက်

ယခုတစ်ပတ်အတွင်း ပြည်တွင်းရွှေဈေးများသည် ကျပ်တစ်သောင်းကျော်ပြန်လည်မြင့်တက်ခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျပ်တစ်သောင်းကျော်ကျဆင်းခဲ့ပြီးနောက် ပြန်လည်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရွှေဈေးများ မြင့်တက်မှုကြောင့် ပြည်တွင်းရွှေဈေးများမြင့်တက်လာသည့်နည်းတူ ပြည်တွင်းငွေလဲနှုန်းများ မြင့်တက်လာမှုကြောင့်လည်း ပြည်တွင်းရွှေဈေးများမြင့်တက်လာရခြင်းဖြစ်ကြောင်း ရွှေဈေးကွက်အတွင်းမှ သိရှိရသည်။

"ပြည်တွင်း ရွှေဈေးကွက်မှာ ဒီတစ်ပတ်ဈေးက ပြန်တက်လာတယ်။ ပြီးခဲ့တဲ့တစ်ပတ်တုန်းက တစ်သောင်းကျော် ကျဆင်းခဲ့တဲ့ အချိန်တုန်းကလည်း အထိနာကြတယ်။အခုပြန်တက်လာပြန်တော့လည်း အထိနာကြတယ်။ နှစ်ခါနာတွေဖြစ်နေကြတာ။ ဈေးအတက်အကျများတာက ပြည်တွင်းငွေလဲနှုန်းအပေါ်မှာမူတည်နေသလိုကမ္ဘာ့ရွှေဈေး အတက်အကျပေါ်မှာလည်း မူတည်နေပါတယ်။ ကမ္ဘာ့ရွှေဈေးက ပြီးခဲ့တဲ့တစ်ပတ်တုန်းက မြင့်တက်ခဲ့ပေမယ့် ပြည်တွင်းငွေလဲနှုန်းက ကျဆင်းနေတာကြောင့် ရွှေဈေးပါ လိုက်ကျရတာပါ။ ဒါပေမယ့် ဒီတစ်ပတ်ကျတော့ ကမ္ဘာ့ရွှေဈေးကလည်း အတက်အကျများသလိုပြည်တွင်းငွေလဲနှုန်းကလည်း အတက်အကျ များနေတယ်။ အဲဒါကြောင့် ရွှေဈေးကွက်မှာလည်း အရောင်းအဝယ်က မရှိသလောက်ကို ဖြစ်နေပြီ"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

မတ် ၇ ရက်က အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၇၈၆၀၀၀ ရှိခဲ့ပြီး မတ် ၈ ရက်တွင် ကျပ် ၇၈၈၀၀၀ သို့မြင့်တက်ခဲ့ကာ ထိုနေ့ ညနေပိုင်းတွင် ကျပ် ၇၉၃၀၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

မတ် ၉ရက်တွင် ကျပ် ၇၉၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်များရှိခဲ့သော်လည်း မတ် ၁၀ရက်တွင် ကျပ် ၇၉၄၀၀၀ ဖြင့်ဈေးပိတ်ခဲ့သည်။

မတ် ၁၁ ရက် နံနက်ပိုင်းဈေးဖွင့်ချိန်တွင် ကျပ် ၇၉၈၀၀၀ ဖြင့် ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် မတ် ၇ ရက်တွင် ၁၂၆၀ ဒေါ်လာရှိခဲ့ရာမှ မတ် ၈ ရက်တွင် ၁၂၇၀ ဒေါ်လာသို့မြင့်တက်ခဲ့သည်။ မတ် ၁၀ ရက်တွင် ၁၂၄၇ ဒေါ်လာသို့ ပြန်လည်ကျဆင်းလာခဲ့ပြီး မတ် ၁၁ ရက်တွင် ၁၂၇၅ ဒေါ်လာသို့ ပြန်လည်မြင့်တက်ခဲ့သည်။

## Currency Exchange Rate

March 11, 2016

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.33 |
| BDT | Bangladesh Taka | 77.61 |
| CAD | Canada Dollars | 1.33 |
| CNY | China Yuan Renminbi | 6.49 |
| EUR | Euro | 0.90 |
| H KD | Hong Kong Dollars | 7.76 |
| I NR | India Rupees | 67.13 |
| I DR | Indonesia Rupiahs | 13035.42 |
| JPY | Japan Yen | 113.49 |
| MYR | Malaysia | 4.09 |
| PKR | Pakistan Rupees | 104.68 |
| PHP | Philippines Pesos | 46.63 |
| RUB | Russia Rubles | 70.81 |
| SGD | Singapore Dollars | 1.38 |
| KRW | South Korea Won | 1193.85 |
| LKR | Sri Lanka Rupe | 143.61 |
| THB | Thailand Baht | 35.09 |
| GBP | United Kingdom Pounds | 0.70 |
| VND | VietnamDon | 22286.61 |

*Source : xe.com*

## World Gold Price

March, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 7 | 1259 | 1259 | 1259 |
| 8 | 1267 | 1267 | 1267 |
| 9 | 1253 | 1254 | 1254 |
| 10 | 1242 | 1243 | 1244 |
| 11 | 1267 | 1268 | 1268 |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 7-3- 2016 | 785.00 | 798.30 |
| 8-3- 2016 | 792.50 | 799.40 |
| 9-3- 2016 | 795.00 | 794.50 |
| 10-3- 2016 | 794.00 | 792.70 |
| 11-3- 2016 | 799.50 | 799.20 |

## နယ်စပ်ငွေလဲလှယ်နှုန်း

မတ် ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 7 | 6 .52 | 35.43 | 78.37 | 67.06 |
| 8 | 6. 51 | 35.44 | 77.96 | 67.38 |
| 9 | 6 52 | 35.35 | 78.55 | 67.37 |
| 10 | 6 .52 | 35.28 | 78.34 | 67.16 |
| 11 | 6.49 | 35.09 | 77.61 | 67.13 |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 7 - March | 15.56 | 1841.73 | 1613.02 | 5023.42 | 983.00 |
| 8 - March | 15.51 | 1821.34 | 1618.85 | 4988.03 | 997.00 |
| 9 - March | 15.30 | 1802.53 | 1592.42 | 4930.02 | 975.00 |
| 10 - March | 15.20 | 1821.57 | 1596.22 | 4983.78 | 971.00 |
| 11 - March | 15.55 | 1821.12 | 1596.00 | 5049.41 | 982.00 |

Source:kitco.com

## ဘိလပ်မြေ

### ဒီတစ်ပတ်ဘိလပ်မြေအဝင်ပို

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၉၄၀၁၁၃ တန်ဖိုးရှိ ဘိလပ်မြေ ၄၈၀၆၅ ဒသမ ၅၀ တန်တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၁၃၇ တန်၊ အိန္ဒိယမှ ၂၈ တန်၊ မလေးရှားမှ တန်ချိန် ၂၈၀၊ စင်ကာပူမှ ၁၀၄၉၅ ဒသမ ၅၀ တန်နဲ့ ထိုင်းနိုင်ငံမှ ၃၇၁၂၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ အများဆုံးဝင်လာပြီး၊ ဒုတိယကစင်ကာပူဖြစ်တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ တန်ချိန် ၃၉၈၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၈၁၇၀ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်နေ

ဖေဖော်ဝါရီ ၂၈ရက်မှ မတ် ၅ ရက်သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်း မှ ဘိလပ်မြေအဝင်မှာ ၄၈၀၆၅ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင် သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၃၉၈၈၆ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ် ပတ်မှာ ဘိလပ်မြေတန်ချိန် ၈၄၇၀ကျော်အဝင်ပိုခဲ့တယ်လို့သိရပါတယ်။ နယ်စပ် လမ်းမှ ဘိလပ်မြေအဝင်မှာ တန် ၂၆၇၇၅ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာတန်ချိန် ၂၁၉၈၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၄၇၈၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းရော နယ်စပ်လမ်းမှပါ ဘိလပ်မြေအဝင်ပိုခဲ့ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းပေမယ့် ဒီတစ်ပတ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၀၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်)၄၅၀၀ ကျပ်၊ ကျားခေါင်း ၄၅၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၇၂၀၀ ကျပ်၊ စိန် ၇၁၀၀ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ်မှာလည်း ရာသီချိန်ကြောင့် အရောင်းအဝယ်လိုက်တယ်။ ဒါပေမယ့် ဈေးတော့ငြိမ်တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၃၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်၊စိန် (ထိုင်း)၅၁၇၅ ကျပ်နဲ့ အရောင်းအဝယ် ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်ပုံမှန်ရှိပေမယ့်လည်း ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၇၅၀၀ ကျပ်၊ စိန်(ထိုင်း) ၇၄၀၀ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ ကမ္ဘောဇ ၄၆၀၀ကျပ်၊ နဂါး ၅၀၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှစုံစမ်း သိရှိခဲ့ပါတယ်။



သီတာဝင်း (DOT) စုစည်းသည်

## ဓာတ်မြေသြဇာ

### မြေသြဇာတန်ချိန် နှစ်ထောင်ကျော်ဝင်

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၄၄၉၇၁၀ ကျော်တန်ဖိုးရှိ မြေသြဇာ ၂၆၂၄ ဒသမ ၂၇၉ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၁၇၈၇ ဒသမ ၁၂၄ တန်၊ ဂျာမနီနိုင်ငံမှ သုည ဒသမ ၀၀၅ တန်၊ အိန္ဒိယနိုင်ငံမှ ၁၉ ဒသမ ၂၀တန်၊ စင်ကာပူမှ၁၄၇တန်နဲ့ ထိုင်းနိုင်ငံမှ ၆၇၀ ဒသမ ၉၅ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ကွန်ပေါင်း၊ အမိုးနီးယမ်းကလိုရိုဒ်၊အမိုးနီးယမ်း ဆာလဖိတ်၊ Foliar၊ Vitamon combi စတဲ့ မြေသြဇာများတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် မြေဆီအဝင်မှာ တန်ချိန် ၆၆၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၀၃၀ ကျော်အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေသြဇာဈေးကွက် အရောင်းအေးနေ

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှ မြေသြဇာ ၂၆၂၄ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၆၆၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန်၄၀၃၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေသြဇာအဝင်မှာ ၁၉၀၅၁ တန်ကျော်ရှိခဲ့ပြီး၊ ယခင်တစ်ပတ်အဝင်မှာ ၂၁၉၀၄ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၂၈၅၂ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှရော နယ်စပ်လမ်းမှပါ မြေသြဇာ အဝင်လျော့ခဲ့ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေသြဇာက အရောင်းအေးပြီး ဈေးငြိမ်နေတာ သုံးပတ်လောက်ဖြစ်နေပြီ။ ယခင်သီတင်းပတ်တွေက အရောင်းအဝယ်ကောင်းပေမယ့် ဒီတစ်ပတ်မှာတော့ အရောင်းအေးလာတယ်။ ဆောင်းသီးနှံလည်းကုန်သလောက်ဖြစ်နေပြီး နွေသီးနှံလည်း မစိုက်သေးတာကြောင့် အရောင်းအဝယ်အေးတာလို့ စိုက်ပျိုးရေးသုံး အရောင်းဆိုင်မှတာဝန်ရှိသူတစ်ဦးက သုံးသပ်ခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၀၀၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ပတ်လည် (ထိုင်း) ၃၀၃၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၉၀၀၀ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ်နဲ့အရောင်း အဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေသြဇာများက အရောင်းအဝယ်အေးနေဆဲဖြစ်တယ်လို့ သိရပါတယ်။ ကြက်သွန်စိုက်ချိန်လည်း မရောက်သေးတာကြောင့် အရောင်းအဝယ် ဆက်အေးနေသလို ဈေးလည်းဆက်လက်ငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီး ယား-ပုလဲ(ကမ္ဘာလုံး-တရုတ်)၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၀၂၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၈၅၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၀၀၀ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက် (တရုတ်) ၂၆၃၀၀ ကျပ်၊ ယူရီးယား (ယူအေအီး) ၁၉၈၀၀ ကျပ်၊ မြားကမ္ဘာ ၁၅၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီစိုက်ပျိုးချိန်လည်း မရောက်သေးတာကြောင့် အရောင်းပါးသလို ဈေးလည်းငြိမ်နေတယ်လို့ သိရပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃ (အပြာ) ၁၄၇၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၄၇၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၅၈၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ ၃၄၅၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၁၉၈၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၁၉၆၀၀ ကျပ်၊ ယူရီးယား ၁၈၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၃၀၀ ကျပ်၊ တီစူပါ ၂၀၃၀၀ ကျပ်၊ တောင်သူမ ၁၄၇၀၀ ကျပ်ဈေးရှိတယ်လို့ မြေသြဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေသြဇာက ဒီတစ်ပတ်မှာတော့ အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ နယ်အဆွဲများရှိသလို စိုက်ခင်းတွေကလည်း ပုံမှန်အဝယ်ရှိနေတာကြောင့် အရောင်းအဝယ်က ပုံမှန်ရှိတယ်လို့ အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ ဈေးကတော့ ယခင်တစ်ပတ်တွေထက်စာရင် ယူရီးယားနဲ့ တီစူပါက ဈေးနည်းနည်းမြင့်လာပြီး ကျန်တာက သိပ်မပြောင်းဘူးလို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၂၀၀၀ ကျပ်၊ ယူရီးယား(နေရွက်လှေ-တရုတ်) ၂၂၀၀၀ ကျပ်၊တီစူပါ(သံကွင်း- တရုတ်) ၂၁၅၀၀ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (နေရွက်လှေ)၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၆၀၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီရော နို့မှုန့်ပါအဝင်ပို

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၅၂၃၇၇၆ တန်ဖိုးရှိ နို့ဆီ ၄၁၅ ဒသမ ၅၈၄ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဒွန်းနို့ဆီ၊ Cow Bell စတဲ့ တံဆိပ်တွေတင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က နို့ဆီအဝင်မှာ ၁၂ တန်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာနို့ဆီတန်ချိန်၄၀၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၂၈၅၇၉၅ တန်ဖိုးရှိ နို့မှုန့် ၁၀၃ ဒသမ ၈၇၄ တန်ကို နယူးဇီလန်နဲ့ ကန်ဒေါ်လာ ၃၅၄၉၈၂ တန်ဖိုးရှိ နို့မှုန့် ၁၀၀ ဒသမ ၃၃၃ တန်ကို စင်ကာပူမှ တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်အဝင်နဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ တန်ချိန် ၃၀ ကျော် ပိုမိုတင်သွင်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ နို့ဆီရော နို့မှုန့်ပါ အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၂ မှ ၄/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၂ မှ ၂၆/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၄၉၉.၆၅ | ၁၈၉၅.၅၀ | (-) ၃၉၅.၈၅ |
| ၂။ | လွယ်ဂျယ် | ၉၂၅.၀၀ | ၈၅၀.၀၀ | (+) ၇၅.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | ၃၁၅၃.၁၃ | - | (+) ၃၁၅၃.၁၃ |
| ၅။ | တာချီလိတ် | ၅၀၀၅.၀၀ | ၃၅၀၀.၀၀ | (+) ၁၅၀၅.၀၀ |
| ၆။ | မြဝတီ | ၁၁၈၈.၁၀ | ၉၁၁.၀၀ | (+) ၂၇၇.၁၀ |
| ၇။ | ကော့သောင်း | ၁၁၁၃၀.၀၀ | ၁၄၄၃၀.၀၀ | (-) ၃၃၀၀.၀၀ |
| ၈။ | မြိတ် | ၃၈၇၅.၀၀ | ၄၀၀.၀၀ | (+) ၃၄၇၅.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၂၆၇၇၅.၈၈ | ၂၁၉၈၆.၅၀ | (+) ၄၇၈၉.၃၈ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေသြဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၇/၂ မှ ၄/၃ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၀/၂ မှ ၂၆/၂ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၈၁၇၂.၂၅၀ | ၂၀၅၄၃.၇၅၀ | (-) ၂၃၇၁.၅၀၀ |
| ၂။ | လွယ်ဂျယ် | - | ၁၂.၀၀၀ | (-) ၁၂.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၃၃၅.၅၀၀ | ၄၂၃.၅၀၀ | (-) ၈၈.၀၀၀ |
| ၆။ | ကော့သောင်း | ၂၉၃.၉၀၈ | - | (+) ၂၉၃.၉၀၈ |
| ၇။ | မြိတ် | ၁၀၀.၀၀၀ | ၁၂၅.၀၀၀ | (-) ၂၅.၀၀၀ |
| ၈။ | ရိုဒ် | ၁၅၀.၀၀၀ | ၈၀၀.၀၀၀ | (-) ၆၅၀.၀၀၀ |
| | စုစုပေါင်း | ၁၉၀၅၁.၆၅၈ | ၂၁၉၀၄.၂၅၀ | (-) ၂၈၅၂.၅၉၂ |

တင်တင်ထွန်း MIRT

## နှမ်း

### ပြည်နှမ်းဈေးကွက်တွင် လှောင်လက်သမားများက နှမ်းများကို ဝယ်ယူသိုလှောင်လျက်ရှိ

ပြည်ဈေးကွက် (ဆီထွက်သီးနှံရောင်းဝယ်ရေး) ပွဲရုံများသို့ ယခုရက်ပိုင်းအတွင်း နှမ်းဝင်ရောက်မှု လုံးဝမရှိတော့ဘဲ နှမ်းလှောင်လက်သမားများထံတွင်သာ နှမ်းတွေရှိနေကြောင်း သိရပါတယ်။ စိုက်တောင်သူတွေရဲ့ လက်ဝယ်ထားရှိမှုနဲ့ အရောင်းအဝယ်သမား ကုန်သည်များထံမှာ လှောင်နှမ်းအနေဖြင့်သာရှိနေပါတယ်။ ယခု တစ်ပတ်နှမ်းပေါက်ဈေးကတော့ နှမ်းနီတစ်တင်းလျှင် ၂၇၆၆၀ ကျပ်၊ နှမ်းနက်တစ်တင်းလျှင် ၃၈၃၃၀ ကျပ်၊ စမုံနက် တစ်တင်း ၆၀၀၀၀ ကျပ်တို့နဲ့ ပုံမှန်ဈေးသာပေါက်ပြီး ဈေးငြိမ်နေတာဖြစ်ပါတယ်။ လှောင်လက်သမားတွေကလည်း နယ်မှအဝယ်ရှိပြီး အမြတ်ရရန် ဈေးအတက်ကို စောင့်စားနေကြောင်းလည်း သိရပါတယ်။

**ဝေဝေမင်း-ပြည်**

### မူဆယ်ကပါ နှမ်းပြန်လည်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိမူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၃ ရက်တာသီတင်းပတ်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၂၀ သန်းတန်ဖိုးရှိ နှမ်းနက် ၇ တန်ခွဲ၊ နှမ်းညို ၃ တန်ခွဲနဲ့ နှမ်းလျော် ၂ တန်ခွဲ တင်ပို့လာခဲ့ပါတယ်။ ဇန်နဝါရီလလယ်က နှမ်းဖြူ(အခွံချွတ်) တန် ၆၀ နောက်ဆုံးတင်ပို့ခဲ့ပြီး ယခုမှ မူဆယ်က နှမ်းပြန်လည်တင်ပို့တာဖြစ်ပါတယ်။ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းကတော့ ကန်ဒေါ်လာ ၁ ဒသမ ၂၁၇ သန်းဖိုးရှိတဲ့ နှမ်းနက် ၅၄၈ တန်နဲ့ နှမ်းဖြူ ၄၆၆ တန် တင်ပို့ခဲ့ပါတယ်။

ယခင်တစ်ပတ်က ချင်းရွှေဟော်မှ နှမ်းဖြူ/နှမ်းနက် ၁၀၇၂ တန်အထိ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ချင်းရွှေဟော်မှ နှမ်းတင်ပို့မှု ၅၈ တန် လျော့နည်းခဲ့ပါတယ်။ ဒါပေမယ့် မူဆယ်ကပါ နှမ်းတင်ပို့လာတဲ့အတွက် နှမ်းပိုမိုတင်ပို့လာတယ်လို့ ဆိုရပါမယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က နှမ်းဖြူဈေး ၁၂၉၉၃၄၆ ကျပ် ၊နှမ်းနက်ဈေး ၁၈၆၀၀၉၃ ကျပ်ရှိခဲ့ပြီး ယခုတစ်ပတ်မှာ နှမ်းဖြူတစ်တန် ၁၂၁၉၅၆၁ ကျပ်နဲ့ နှမ်းနက် ၁၇၄၅၈၇၇ ကျပ်သို့ ဈေးဆက်လက် ကျဆင်းခဲ့ပါတယ်။

**မော်မော်အောင်**

## စားအုန်းဆီ

### အယ်လ်နီညိုရာသီဥတုကြောင့် အထွက်နှုန်း ကျဆင်းသဖြင့် စားအုန်းဆီဈေးမြင့်တက်

နှစ်နှစ်ကျော်ခန့် ဈေးနှုန်းများကျဆင်းပြီးနောက် စားအုန်းဆီကြမ်း (စီပီအို) ဈေးကွက်အလားအလာက တိုးတက်ကောင်းမွန်လာကြောင်းနဲ့ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုအခြေအနေများကြောင့် မလေးရှားနဲ့အင်ဒိုနီးရှားရှိ ဆီအုန်းစိုက်ပျိုးရေးခြံကြီးများမှာ အထွက်ကျဆင်းလျက်ရှိပါတယ်။ ဒါကြောင့် စားအုန်းဆီတစ်တန်ဈေးက ရင်းဂစ် ၂၅၀၀ ဈေးနှုန်းကို ဖောက်ထွက်မယ့်အလားအလာကို တွေ့ရကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

စားအုန်းဆီကြမ်းဈေးမှာ တစ်တန်ကို ရင်းဂစ် ၃၀၀၀ အထိ မြင့်တက်နိုင်ကြောင်းနဲ့ ထိုဈေးနှုန်းမှာ ၂၀၁၂ ခုနှစ် စက်တင်ဘာနောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း ကျွမ်းကျင်သူများကခန့်မှန်းခဲ့ရာ ထိုခန့်မှန်းချက် မှာလည်း အများကြီးသေချာမှုရှိကြောင်း ဖော်ပြထားပါတယ်။ စားအုန်းဆီထုတ်လုပ်မှုမှာ ၂၀ ရာခိုင်နှုန်း ကျဆင်းလာတဲ့အတွက် စားအုန်းဆီသိုလှောင်လက်ကျန်မှာ ယခုလအကုန်မှာ တန် ၁ ဒသမ ၆ သန်းထိရောက်ရှိနိုင်ကြောင်း လုပ်ငန်းပိုင်းဆိုင်ရာ သတင်းအရင်းအမြစ်များအရ သိရပါတယ်။

အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့မှာ ၂၀၁၅ ခုနှစ်နှောင်းပိုင်းနဲ့ ယခုနှစ်နှစ်ဦးမှာ ရာသီဥတုဒဏ်ကို ခံစားခဲ့ ရတဲ့အတွက် ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုက ယခုနှစ်စက်တင်ဘာ ၁၆ ရက်အထိ တန် သုံးသန်းအထိကျဆင်းနိုင်တယ်လို့ အိန္ဒိယကုမ္ပဏီ Godrej International ရဲ့ဒါရိုက်တာ ဒိုရမ်မစ်စထရီက ပြောပါတယ်။ ဒီနှစ်နိုင်ငံက ကမ္ဘာ့စားအုန်းဆီထုတ်လုပ်မှုရဲ့ ၉၀ ရာခိုင်နှုန်းကို ထုတ်လုပ်ပေးနေတဲ့နိုင်ငံတွေဖြစ်ပါတယ်။

ဘာဆာမလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivatives Exchange) မှ အခြေခံစံထားဈေးနှုန်းက ဖေဖော်ဝါရီအတွင်းမှာ ၅ ရာခိုင်နှုန်းနီးပါး ကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ အဓိကတင်သွင်းတဲ့နိုင်ငံကြီးများရဲ့ ဝယ်လိုအားကျဆင်းမှုကြောင့် ဈေးနှုန်းမြင့်တက်မှုကို အထိန်းအကွပ်ဖြစ်စေခဲ့ပါတယ်။ ယခုရက်သတ္တပတ်အတွင်းမှာ တစ်တန်ကို ၂၅၄၀ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၆၂၀) ဝန်းကျင်မှာရှိပါတယ်။

စားအုန်းဆီအခြေခံစံထားဈေးနှုန်းက ဖေဖော်ဝါရီလလယ်မှာရှိခဲ့တဲ့ တစ်တန်ကို ၂၆၄၈ ရင်းဂစ် ဈေးနှုန်းထက်ကျော်သွားမယ်ဆိုရင် ဈေးနှုန်းကအတက်ဖက်ကို ဦးတည်သွားလိမ့်မယ်လို့ စာရင်းဇယားများကို အခြေခံတွက်ချက်မှုအရခန့်မှန်းပါတယ်။

အယ်လ်နီညိုရာသီဥတုပုံစံက စားအုန်းဆီအဓိကထုတ်လုပ်တဲ့ အင်ဒိုနီးရှားနဲ့မလေးရှားနိုင်ငံတွေမှာ အထွက်နှုန်းကျဆင်းစေမှာဖြစ်တဲ့အတွက် စားအုန်းဆီကြမ်းကြိုရောင်းဈေးက တစ်တန်ကို မလေးရှားရင်းဂစ် ၂၈၀၀ မှ ၃၀၀၀ အကြားရှိနိုင်မယ်လို့ ထိပ်တန်းလေ့လာဆန်းစစ်သူ မစ်စထရီကခန့်မှန်းပါတယ်။

ဈေးနှုန်းကို အဓိကထားကြည့်ပြီး ဝယ်ယူတဲ့ အိန္ဒိယဈေးကွက်ရဲ့ဝယ်လိုအား ကျဆင်းသွားတဲ့အချိန်အထိ စားအုန်းဆီဈေးနှုန်းများ ဆက်လက်မြင့်တက်နေဦးမှာဖြစ်ကြောင်း၊ စားအုန်းဆီကြမ်းဈေးနှုန်းက ယခင်ကခန့်မှန်းခဲ့တဲ့ တစ်တန်ကို ရင်းဂစ် ၂၆၀၀ မှ ၂၇၀၀ အကြားရှိမယ်ဆိုတဲ့ ခန့်မှန်းချက်ကို ကျော်လွန်သွားမှာ ဖြစ်ကြောင်း၊ မတ် ၉ ရက်က ကွာလာလမ်ပူမှာကျင်းပတဲ့လုပ်ငန်းဆိုင်ရာ ကွန်ဖရင့်တစ်ခုမှာ မစ်စထရီက ပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ ကိန်းဂဏန်းများကို ရရှိနိုင်ရန် အခက်အခဲရှိကြောင်း၊ အယ်လ်နီညိုရာသီဥတုကြောင့် တောင်ပိုင်း ဆူမားတြားနဲ့ ကာလီမန်တန်ဒေသအချို့မှာ ထိခိုက်မှုရှိခဲ့တဲ့အတွက် အကြမ်းအားဖြင့်ထုတ်လုပ်မှု တန် ၁ ဒသမ ၂ သန်းကျဆင်းမယ်လို့ ခန့်မှန်းကြောင်းသူကပြောပါတယ်။

ထုတ်လုပ်မှုကျဆင်းတဲ့ သံသရာက ဇွန်လအထိ ဆက်လက်လည်ပတ်သွားဦးမယ်လို့ မစ်စထရီက ခန့်မှန်းထားပါတယ်။

**ဉာဏ်တင်**



### ပြည်တွင်းဆီဈေးနှုန်းများ (၁၁-၃-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၇၀၀ | ၁၆၀၀ | ▽ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၄၉၀ | ၁၅၁၅ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၆၃၀ | ၁၆၁၀ | ▽ |
| ပဲခူး | ၃၆၀၀ | ၃၆၀၀ | □ | ၄၈၀၀ | ၄၈၀၀ | □ | ၁၆၀၀ | ၁၅၆၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၁၀၀ | □ | ၃၆၀၀ | ၃၆၀၀ | □ | ၁၆၅၀ | ၁၆၅၀ | □ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၁-၃-၂၀၁၆ | US$/Ton

| အမျိုးအစား | မတ်လပထမပတ် | မတ်လဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၉၀.၅၀ | ၅၉၈.၅၀ | △ |
| RBD P.Olein | ၆၀၃.၀၀ | ၆၀၈.၀၀ | △ |
| RBD P.Strarin | ၅၆၂.၀၀ | ၅၆၂.၅၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၁- ၃ -၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၅၀.၄၆ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၃.၃၈ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၇၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၅၈ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၈.၀၄ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၈.၇၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၅.၉၅ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၉၆.၇၆ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၁-၃-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၆၇၈ ဒေါ်လာ၊ FOB ၆၅၃ ဒေါ်လာနှင့် USD ဈေး ၁၂၁၉ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၁၁-၃-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်း တစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၁၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်းကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF ဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# စားသုံးဆီပြဿနာ အဖြေရှာ

|ဒေါက်တာသစ်သစ်လွင်|



မြန်မာလူမျိုးများအတွက် အဓိက အစားအစာအဖြစ် အများ သတ်မှတ်ထားသည်မှာ ဆန်ပြီးလျှင် ဆီဖြစ်ပါသည်။ အများအားဖြင့် ဆန်၊ဆီ၊ဆား စသည်တို့ကို မရှိမဖြစ် အစားအစာအဖြစ် ကြာရှည် လှောင်၍ စားသုံးကြ၊ လှူဒါန်းကြ၊ လက်ဆောင်ပေးကြ ပါသည်။

နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှ ရုရှားလူမျိုး အမျိုးသမီး ဝန်ထမ်းတစ်ဦးက မြန်မာများသည် ဆီအလွန်စားသော်လည်း အဘယ်ကြောင့် အလွန်အကျွံမဝသနည်းဟု စဉ်းစားနေကြောင်း ကျွန်မကို ပြောဖူးပါသည်။ ကျွန်မတို့ မြန်မာနိုင်ငံအနေဖြင့် နေ့စဉ် စားသုံးသည့် အာဟာရဓာတ်ကို အစဉ်သုတေသန လုပ်နိုင်သည့် အစားအစာ သိပ္ပံပညာရှင်များ မရှိသဖြင့် တိကျသော အဖြေဟု အာမမခံနိုင်သော်လည်း ကျွန်မ သုံးသပ်မိသည်မှာ မြန်မာတို့သည် အသားစားနည်းသော လူမျိုးများဖြစ်သော်လည်း ပရိုတိန်းဓာတ် များပြားစွာ ရရှိနိုင်သည့်မြေပဲဆီကို အားထားစားသုံးကြသောကြောင့် ဆီမှတစ်ဆင့် အင်အားဓာတ်ရရှိပြီး အဆီဓာတ် နည်းပါးခြင်း ဖြစ် သည်ဟု ထင်မြင်မိပါသည်။ မြန်မာလူမျိုးတို့အတွက် မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပဲပုပ် ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံများကို အစဉ်စိုက်ပျိုးစားသုံးနေကြရာမှ လူဦးရေနှင့် စားသုံးမှု မလုံလောက် သောအခါ ကျန်းမာရေးအတွက် မသင့်တော်သော စားအုန်းဆီများ တင်သွင်းလာရသဖြင့်သာ ဆီစားများသော မြန်မာတို့ ပိုမိုဝဖြိုးလာ ကြခြင်းဖြစ်နိုင်ပါသည်။

ထို့ပြင် မြန်မာလူမျိုးတို့ နေ့စဉ်အာဟာရအတွက် အလွန် အရေးပါသော မြေပဲ၊ နှမ်း စသည့် ဆီထွက်သီးနှံများကို ဆီကြိတ် စားသုံးရန်သာမက ကုန်ကြမ်းအတိုင်း နိုင်ငံရပ်ခြားသို့ တင်ပို့လျှင် ဈေးကောင်းရရှိ သဖြင့် ပို့ကုန် ဖွံ့ဖြိုးစေရန် တင်ပို့သောအခါ ဆီကြိတ် စားသုံးနိုင်မှု ပိုမိုနည်းပါးလာကြပါသည်။

ထိုအခါ မြေပဲဆီ၊နှမ်းဆီ ဈေးနှုန်းမှာ စားအုန်းဆီဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက လေးဆနီးပါး မြင့်တက်လာလေရာ မသမာသည့် ကုန်သည်များက ရောနှောရောင်းချခြင်း၊ အရည်အသွေးမြင့် မြေပဲ နှင့် နှမ်းကုန်ကြမ်းများကို ဝယ်ယူကြိတ်ခွဲရန် တွက်ချေမကိုက်ခြင်း ကြောင့် ဆီစက်များကလည်း အရည်အသွေးနိမ့် ကုန်ကြမ်းများကို အသုံးပြုလာကြခြင်း၊ ထို့ကြောင့် ဆီအရည်အသွေး ကျဆင်းလာသဖြင့်

tjcm;aomqDpHkd "mwkA' tem nfyD pm;okbl rsm;ukd yJ'Ds;fqD jzpf a&mifcsaejcif;rSvnf; pm;okbl umuG,fa&; jyóem tjyif tpm;tpm ab;uif;a&; jyóemwpf&yfvnf; jzpfygonf

စားသုံးသူများက အရည်အသွေးပိုင်းတွင် ယုံကြည်မှု အားနည်းလာပြီး ငွေကြေးတတ်နိုင်သည့် စားသုံးသူများက နိုင်ငံခြားမှ တင်သွင်းသည့် အမှတ်တံဆိပ် ထောက်ခံချက်ပါ အမျိုးမျိုးသော သီးနှံဆီများကို အားထားလာပြီး ငွေကြေးမတတ်နိုင်သည့် စားသုံးသူများက စားအုန်း ဆီကိုသာ အားထားလာကြရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွက် ဒုတိယအားထားရာ အစား အစာဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီတို့ကို ပိုမို စားသုံးနိုင်ရန်အတွက် ပိုမို ထုတ်လုပ်ရန်နိုင်မှာ အရေးကြီးလှပါသည်။ ထို့ပြင် မိမိတို့ ထုတ်လုပ် သော တန်ဖိုးရှိလှသည့် ကုန်ကြမ်း၊ ကုန်ချောတို့ကိုလည်း အရည် အသွေးမြင့်အောင်၊ အရည်အသွေး အာမခံချက်ပေးနိုင်သော အမှတ် တံဆိပ်တို့ဖြင့် ရောင်းချနိုင်အောင် ကြိုးပမ်းမှသာ ထုတ်လုပ်မှုအတွက် ထိုက်တန်သော ဈေးနှုန်းကောင်း၊ ဈေးကွက်ကောင်းကို ပိုမိုရရှိပြီး ကုန်ကျစရိတ်နှင့်အမြတ် မျှတထိုက်တန်သော အကျိုးကျေးဇူးရရှိ မည်ဖြစ်ပါသည်။

ယခုနှစ်များအတွင်း အစားအစာမျိုးစုံတွင် ပေါ်ပေါက်နေသည့် အရေးကြီးပြဿနာဖြစ်သော အစားအသောက်ဘေးကင်းရေးပြဿနာ မှာ ဆီထွက်သီးနှံများအတွက်လည်း မလွတ်ကင်းသော ပြဿနာ ကြီးဖြစ်ပါသည်။ အခြားသော ဆီမျိုးစုံကို ဓာတုဗေဒ အနံ့ထည့်ပြီး စားသုံးသူများကို ပဲဆီ၊ နှမ်းဆီ အဖြစ် ရောင်းချနေခြင်းမှာလည်း စားသုံးသူကာကွယ်ရေး ပြဿနာအပြင် အစားအစာ ဘေးကင်းရေး ပြဿနာတစ်ရပ်လည်းဖြစ်ပါသည်။ စားသုံးသူများကို အမှန်အတိုင်း မသိရှိနိုင်အောင် ဖုံးကွယ်ရောင်းဝယ်ခြင်းမှာ ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ကြီးက သတ်မှတ်ထား သည့် လမ်းညွှန်ချက်အရ မြန်မာနိုင်ငံတွင် ကြိတ်ခွဲ ထုတ်လုပ်ကြသော နည်းဖြင့်ထုတ်လုပ်သည့် Virgin Oil and Cold Pressed Oil ကဲ့သို့ သော ဆီအမျိုးအစားများတွင် ဖြည့်စွက်ပစ္စည်းလုံးဝ မထည့်ရပါ။

ထိုကိစ္စရပ်များအပြင် စားအုန်းဆီများကို ဖြန့်ချိရာတွင် ဆီထည့်ထားသည့် ပေပါခွံဟောင်းများကို ပြန်လည် အသုံးချရာ၌ လုံလောက်သော သန့်ရှင်းမှု မပြုလုပ်ဘဲ ပြန်လည်အသုံးချခြင်းဖြင့် လည်းကောင်း၊ တစ်ခါတစ်ရံ ဓာတုပစ္စည်းများထည့်သည့် ပေပါများ၊ လောင်စာဆီ ထည့်သည့် ပေပါဟောင်းများကို ဆီဖြန့်ချိသူများက ပြန်လည်အသုံးချခြင်းဖြင့်လည်းကောင်း၊ လက်လီဆိုင်တွင် ဆီကို ခွက်ချိန်ဖြင့် ရောင်းချရာတွင်လည်း ယခင် ထည့်ထားသော ဆီကုန် ခါနီးအချိန်တွင် နောက်ဆီပေပါကို လောင်းချထည့်ပြီးရောင်းချသဖြင့် သက်တမ်းကုန်နေသည့် မလတ်ဆတ်သော ယခင်ဆီကျန်များ ရော နှောပါဝင်နေသဖြင့်လည်းကောင်း၊ ထည့်သွင်းရောင်းချသည့် အိုးများ၊ ပုံးများ၊ စည်ပိုင်းပြတ်များ၊ ခွက်များကိုလည်း သန့်ရှင်းရေး မလုပ်သဖြင့်လည်းကောင်း အဆိပ်အတောက်ဖြစ်နိုင်မှု အန္တရာယ် များပြားနေရာ အဆိုပါ အချက်များမှာ မြန်မာတို့ ဒုတိယအားထား စားသုံးရာ ဆီအပေါ်၌ သက်ရောက်နေသည့် ဘေးအန္တရာယ်ကြီးများ ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်က မန္တလေးမြို့၊ အမျိုးသားကဇာတ်ရုံတွင် ကျေးလက်ထုတ်ကုန်များ ကုန်စည်ပြပွဲနှင့် တွဲ၍ ကျင်းပခဲ့သည့် စားသုံးဆီ စားသုံးသူ အကာအကွယ်ပေးရေး အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ အဖွဲ့အစည်း များ၊ ဌာနများ တွေ့ဆုံ ဆွေးနွေးကြပြီး စားသုံးဆီနှင့် ပတ်သက်သော ပြဿနာများကို ဆွေးနွေးကြရာ တင်သွင်းမှု၊ ထုတ်လုပ်မှု၊ ဖြန့်ချိမှုနှင့် ဆိုင်သော အထက်ပါ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ပြဿနာများ၊ စားသုံးသူကာကွယ်ရေး ပြဿနာများကို ဖော်ထုတ်ခဲ့ကြ ပါသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲမှ စားသုံးဆီ တင်သွင်းရာတွင် ကန်ဆီ (In-bulK )တင်သွင်းမည့်အစား ထုပ်ပိုးထားသော(ပေပါ , consumer pack, Jelly can, flexible pack စသည်ဖြင့်) ပုံစံဖြင့် တင်သွင်းရန်၊ ခွက်ချိန်ဖြင့် ရောင်းချခြင်းဖြင့် ဘေးမကင်းသည့်အပြင် ရောနှော ရောင်းချမှုကို အာမခံချက်မပေးနိုင်သဖြင့် ဘူး၊ အထုပ်ပုံစံဖြင့် ထုပ်ပိုး မှုဖြင့်သာရောင်းချရန်၊ လိပ်စာ၊ ဖုန်းနံပါတ်၊အမှတ်တံဆိပ်၊ ပြည့်ဝဆီ ပါဝင်ပမာဏ၊ ကိုလက်စထရော၊ အာဟာရတန်ဖိုး စသည်တို့ကို ထုပ်ပိုးပစ္စည်းတွင် ဖော်ပြပြီး ရောင်းချခြင်းဖြင့် စားသုံးသူများက စိတ်ကြိုက်အရည်အသွေးကို ရွေးချယ်ဝယ်ယူနိုင်ရန်၊ ထိုအချက် များနှင့် ကမ္ဘာ့စားနပ်ရိက္ခာ အဖွဲ့ကြီးမှ သတ်မှတ်ထားသည့် လမ်းညွှန်ချက်များ၊ စံနှုန်းများ ပါဝင်သည့် စားသုံးဆီ တင်သွင်း၊ ထုတ်လုပ်၊ ဖြန့်ဖြူး ရောင်းချခြင်းဆိုင်ရာ နည်းဥပဒေ ထွက်ပေါ်လာ ရေးဆောင်ရွက်ရန်၊ မလိုက်နာသူများကို ထိထိရောက်ရောက် အရေးယူရန်၊ အစားအစာဘေးကင်းရေးအတွက် တင်သွင်းသူ၊ ဖြန့်ဖြူးသူ၊ ထုတ်လုပ်သူအားလုံး တာဝန်ယူရန်၊ စားသုံးမှုပုံစံ ထိထိ ရောက်ရောက် ပညာပေးရန်၊ ပြည်သူများ ကျန်းမာရေးဗဟုသုတ ပိုမိုရရှိပြီး ရွေးချယ်ဝယ်ယူနိုင်ရန် ပညာပေးလုပ်ငန်းကို ပရဟိတ NGO များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပြည်တွင်းထုတ် ဆီတိုးမြှင့် သုံးစွဲနိုင်ရန်အတွက် ကုန်ကြမ်းတင်ပို့မှုထက် ကုန်ချောတင်ပို့မှုအပေါ် ဦးစားပေးစဉ်းစားရန် စသည့် အချက်များကို ဖော်ထုတ်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ကုန်သွယ်မှုမြှင့်တင် ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးဦးဆောင် ပြုလုပ်မည်ဖြစ် ကြောင်း တင်ပြလိုက်ရပါသည်။

**မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ**

# တောင်ကိုရီးယားနိုင်ငံ၏ ICT ပို့ကုန်တင်ပို့မှု အဆိုးရွားဆုံးကျဆင်း

တောင်ကိုရီးယားနိုင်ငံ၏ ICT ပို့ကုန်များသည် ၂၀၁၁ ခုနှစ်မှစတင်၍ အဆိုးရွားဆုံးကျဆင်းခဲ့ရာ တောင်ကို ရီးယားနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တန်ဖိုး များကျဆင်းခဲ့ပြီးနောက် သတင်း အချက်အလက်နှင့် နည်းပညာဆိုင်ရာ ပစ္စည်းများ တင်ပို့မှုသည်လည်း ခြောက်နှစ်တာကာလအတွင်း အဆိုး ရွားဆုံးကျဆင်းသည့် အနေအထားသို့ ရောက်ရှိခဲ့သည်။ ကုန်သွယ်ရေး၊ စက်မှု နှင့် စွမ်းအင်ဝန်ကြီးဌာန၏ စာရင်း ဇယားများအရ တောင်ကိုရီးယား၏ ICT ပစ္စည်းများတင်ပို့မှုသည် ပြီးခဲ့ သည့် ဇန်နဝါရီလတွင် များစွာကျဆင်း ခဲ့ပြီး ကျဆင်းရသည့် အကြောင်းမှာ တစ်ပိုင်းလျှပ်ကူးပစ္စည်းများနှင့် မိုဘိုင်းလ်ဖုန်းများရောင်းအားကျဆင်း လာခြင်းကြောင့် ဖြစ်သည်။

ယခုကဲ့သို့ ကျဆင်းမှုသည် ၂၀၀၁ ခုနှစ် ဇန်နဝါရီမှ ယခုအချိန် အထိကာလအတွင်း အဆိုးရွားဆုံး ကျဆင်းခဲ့ခြင်းဖြစ်ပြီး၊ ICT ထုတ်ကုန် များသာမက ပို့ကုန်အားလုံးကျဆင်းခဲ့ ခြင်းဖြစ်သည်။ စမတ်ဖုန်း၊ ကွန်ပျူတာ အစိတ်အပိုင်းများစသည့် ICT ထုတ် ကုန်များသည် နိုင်ငံ၏ စုစုပေါင်း ပို့ကုန် တန်ဖိုး၏ ၃၈ ရာခိုင်နှုန်းရှိပြီး၊ နိုင်ငံ၏ ကုန်သွယ်မှုပိုငွေပြမှု ၉၀ ရာခိုင်နှုန်းကို လည်း နေရာယူထားခြင်း ဖြစ်သည်။ ယမန်နှစ်က အခြားသော ICT ထုတ် ကုန်များရောင်းအားကျဆင်းခဲ့သော် လည်း မိုဘိုင်းလ်ဖုန်းများသည် ၎င်း၏ တိုးတက်နေသည့်ရောင်းအားကို ဆက် လက်ထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော် လည်း ယခုအခါပြည်တွင်းထုတ် စမတ် ဖုန်းများသာမက ကိုရီးယားနိုင်ငံထုတ် အစိတ်အပိုင်းများအသုံးပြု၍ ပြည်ပ တွင် ထုတ်လုပ်သည့် စမတ်ဖုန်းများ၏ ရောင်းအားပါ ကျဆင်းခဲ့သည်။

အဓိကအကြောင်းအရင်းမှာ စမတ်ဖုန်းဝယ်လိုအားကျဆင်းလာခြင်း ကြောင့် သာမက ဈေးနှုန်းသက်သာ သည့် တရုတ်နိုင်ငံထုတ် Huawei ကဲ့သို့ သော စမတ်ဖုန်းများ၏ ဈေးကွက် အတွင်း ပြင်းထန်သည့် ပြိုင်ဆိုင်မှုများ ကြောင့်ဖြစ်သည်။ တရုတ်၊ အမေရိကန် တို့မှ ဝယ်လိုအားများ ကျဆင်းခဲ့မှု ကြောင့် စမတ်ဖုန်းအစိတ်အပိုင်းများ တင်ပို့မှုသည်လည်း ယမန်နှစ်ထက် ၄ ဒသမ ၆ ရာခိုင်နှုန်းသို့ကျဆင်းခဲ့ပြီး၊ ပြည်တွင်းထုတ်လုပ်မှုကိုလည်း နှေး ကွေးစေခဲ့သည်။ ဈေးကွက်သုတေသန အဖွဲ့တစ်ဖွဲ့၏ သုံးသပ်ချက်အရ ကမ္ဘာ့ စမတ်ဖုန်းဈေးကွက်သည် ယခုနှစ် အတွင်းကျဆင်းလိမ့်မည်ဟုလည်း ခန့်မှန်းကြသည်။

ကိုရီးယားကုန်သွယ်ရေးနှင့် ရင်း နှီးမြှုပ်နှံမှုမြှင့်တင်ရေးအေဂျင်စီ၏ အစီ ရင်ခံစာများအရ ကိုရီးယားနိုင်ငံ၏ ICT ထုတ်ကုန်များ ထုတ်လုပ်သည့် ကုမ္ပဏီများအနေဖြင့် Hardware ပစ္စည်းများပေါ်တွင်သာ အလေးထား ခြင်းထက် Software များ တင်ပို့နိုင်ရေး ကို ချဲ့ထွင်ဆောင်ရွက်သင့်ကြောင်း အကြံပြုထားသည်ကို တွေ့ရှိရသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

■

## တရုတ်နိုင်ငံ၏ စီးပွားရေး ကျဆင်းနေသော်လည်း နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု မြင့်တက်ခဲ့

တရုတ်နိုင်ငံ၏ စီးပွားရေးကျ ဆင်းနေသော်လည်း ဇန်နဝါရီတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ တိုးတက်ခဲ့ကြောင်း၊ FDI (ဘဏ္ဍာရေး ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုမပါဝင်) မှာနှစ် စဉ် ၃ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်နေ ကြောင်း၊ ဝန်ဆောင်မှုကဏ္ဍသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၆၇ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အဆင့်မြင့်နည်းပညာ လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုမှာ ယခင်နှစ် အလားတူကာလထက် နှစ်ဆတိုးတက် ခဲ့ပြီး ယွမ် ၇ ဒသမ ၂ ဘီလီယံအထိ တိုး တက်ရင်းနှီးမြှုပ်နှံခဲ့ကြောင်း၊ ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန် ထားပါသည်။

အဓိကလာရောက် ရင်းနှီးမြှုပ်နှံ သည့်နိုင်ငံများအနက် အမေရိကန် ပြည်ထောင်စုမှ ၄၆၃ ဒသမ ၆ ရာခိုင် နှုန်း၊ အီးယူနိုင်ငံများမှ ၃၀ ဒသမ ၉ ရာခိုင်နှုန်းနှင့်ဂျပန်နိုင်ငံမှ ၂၂ ဒသမ ၈ ရာခိုင်နှုန်း အသီးသီးတိုး တက်ခဲ့ပါ သည်။ တရုတ်စီးပွားရေးမှာ ၂၀၁၅ ခုနှစ်၌ ၆ ဒသမ ၉ ရာခိုင်နှုန်းသာ တိုး တက်ခဲ့ပြီး နှစ်ပေါင်း ၂၅ နှစ်အတွင်း အနိမ့်ဆုံးဖြစ်ကြောင်းလည်း ဖော်ပြ ထားပါသည်။

**သန္တာခိုင် ၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## ဝန်ဆောင်မှုကုန်သွယ်ရေးတိုးမြှင့်ရန် အဆင့်မြင့်နည်းပညာဝန်ဆောင်မှုလုပ်ငန်းများအပေါ် တရုတ်နိုင်ငံက အခွန်လျှော့ချမည်

တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုနှင့် ကုန်စည်ကုန်သွယ်ရေးတိုးမြှင့်ရန် ရည်ရွယ်၍ နည်းပညာလုပ်ငန်းများအား ကောက်ခံသည့် အခွန်နှုန်းများအား လျှော့ချသွားမည်ဖြစ်ကြောင်း တရုတ် နှစ်သစ်ကူးပွဲတော်အားလပ်ရက်အပြီး ကျင်းပသည့် နိုင်ငံတော်ကောင်စီထိပ် တန်းအစည်းအဝေး၌ ဝန်ကြီးချုပ် လီကဲ့ချန်းကပြောကြားလိုက်ပါသည်။ ယခင်နှစ်မှစတင်၍ တရုတ်နိုင်ငံ၏ပြည်ပ ကုန်စည်တင်ပို့မှု ကျဆင်းလာသည့် အပြင် ပြည်တွင်းလုပ်အားခမြင့်တက် နေသည့်အတွက် အဆင့်မြင့်နည်းပညာ ဝန်ဆောင်မှုလုပ်ငန်းများကို တွန်းအား ပေးခြင်းသည် တရုတ်စီးပွားရေးပြန် လည်ဦးမော့စေရန် ဦးစားပေးလုပ်ငန်း စဉ်တစ်ရပ်ဖြစ်ကြောင်း၊ လိုအပ်သည် ထက် ထုတ်လုပ်မှုပိုလျှံနေသည့် သံမဏိ၊ ကျောက်မီးသွေးစက်ရုံများကို လည်း တဖြည်းဖြည်းလျှော့ချသွား မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဝန်ဆောင် မှုကုန်သွယ်ရေးကို လမ်းဖွင့်ပေးခြင်း သည် စီးပွားရေးတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်နိုင်မည်ဟု မျှော် လင့်ကြောင်း ဖော်ပြထားပါသည်။

ရှေ့ပြေးစမ်းသပ်မှု အစီအစဉ် (Pliot Programme) အဖြစ် နိုင်ငံတော် အဆင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်သစ် ငါးခုအောက်ရှိ နေရာ ၁၀ နေရာ၌ နိုင်ငံခြားသားကုမ္ပဏီများအား လာ ရောက်ရင်းနှီးမြှုပ်နှံမှု လွယ်ကူရန် လုပ် ငန်းစဉ်များဖြေလျှော့ ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ထား သည့်မြို့များမှာ ရှန်ဟဲ၊ တီယန်ကျင်း၊ ရှန်ဇန်၊ ကွမ်ကျိုး၊ Hangzhou၊ Suzhou၊ ဝူဟန်၊ ချန်ဒူးနှင့်ဝေးဟိုင့်တို့ဖြစ်ကြောင်း၊ နိုင်ငံတော်အဆင့်ရင်းနှီး မြှုပ်နှံမှု ရှေ့ပြေး စမ်းသပ်နေရာများမှာ ဟာဘင်း ၊ ယန် ဘော၊ လီယန်ဂန်း၊ Guiyang - Anshun နှင့် Xi'an-Xianyang တို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အဆိုပါ အစီအစဉ် ကို လာ မည့်နှစ်နှစ်အတွင်း စတင်မည် ဖြစ်ပြီး မူဝါဒသုံးခုကိုလည်း အဆိုပါ အစည်းအဝေး၌ ချမှတ်ခဲ့ပါသည်။ ပထမမူဝါဒမှာ အခွန်လျှော့ချသည့် အစီအစဉ်ဖြစ်ပြီး ဆုရရှိသည့် အဆင့် မြင့် နည်းပညာ သုံး ဝန်ဆောင်မှုကုမ္ပဏီ များအား ယခင် အခွန် ၂၅ ရာခိုင်နှုန်း ကောက်ခံခဲ့ရာမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချ ပေးမည် ဖြစ်သည်။ ဒုတိယ မူဝါဒမှာ အဆိုပါရှေ့ပြေး စမ်းသပ် နေရာရှိ အသေးစားနှင့် အလတ်စား လုပ်ငန်း များအတွက် တီထွင်ဆန်းသစ် မှု ဖွံ့ဖြိုးစေရန် အစိုးရက သုတေသနနဲ့ ဖွံ့ဖြိုးမှုအတွက် ငွေကြေးထောက်ပံ့ ပေးသွားမည်ဖြစ်သည်။ တတိယမူဝါဒ မှာ ဘဏ္ဍာရေး အဖွဲ့အစည်းများမှ အဆိုပါ သုတေသနနဲ့ ဖွံ့ဖြိုးရေးအတွက် ငွေကြေးအထောက်အပံ့ တိုးမြှင့်သွားရန် ဖြစ်သည်။

**သန္တာခိုင်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ပေကျင်းမြို့**

## အိန္ဒိယအစိုးရက e-Tourist ဗီဇာ အစီအစဉ်အား နိုင်ငံပေါင်း ၃၇ နိုင်ငံ တိုးချဲ့၍ ဆောင်ရွက်ပေးမည်

အိန္ဒိယအစိုးရသည် နိုင်ငံ၏ ခရီး သွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အတွက် e-Toursit Visa ထုတ်ပေးခြင်း အစီအစဉ်တွင် ဖေဖော်ဝါရီ ၂၇ ရက်မှ စ၍ နိုင်ငံပေါင်း ၃၇ နိုင်ငံအား ထပ်မံ တိုးချဲ့ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း၊ ယခင်က အဆိုပါအစီအစဉ် တွင် နိုင်ငံပေါင်း ၁၁၃ နိုင်ငံသာပါဝင်ခဲ့ သော်လည်း ယခုအခါ နိုင်ငံပေါင်း ၁၅၀ အထိရှိလာမည်ဖြစ်ကြောင်း သိရ သည်။

ထပ်မံတိုးချဲ့၍ ဆောင်ရွက်ပေး မည့်နိုင်ငံများမှာ အယ်လ်ဘေးနီးယား၊ ဩစတြီးယား၊ ဘော့စနီးယား၊ ဟာဇီဂိုးဗီးနား၊ ဘော့ဆွာနာ၊ ဘရူနိုင်း၊ ဘူလ်ဂေးရီးယား၊ ကိတ်ဗာဒီ၊ ကိုမိုရိုစ်၊ အိုင်ဗရီကို့စ်၊ ခရိုအေးရှား၊ ချက်သမ္မတနိုင်ငံ၊ ဒိန်းမတ်၊ အီထရီယာ၊ ဂါဘွန်၊ ဂမ်ဘီယာ၊ ဂါနာ၊ ဂရိ၊ ဂီနီအာ၊ အိုက်စလန်၊ လီဆိုသို၊ လိုက်ဘေးရီးယား၊ မက်ဒါဂါစကာ၊ မာလာဝီ၊ မော်လ်ဒိုဗာ၊ နမီးဘီးယား၊ ရိုမေးနီးယား၊ ဆန်မာရီနို၊ ဆီနီဂေါ၊ ဆားဘီးယား၊ စလိုဗက်ကီးယား၊ တောင်အာဖရိက၊ ဆွာဇီလန်၊ ဆွစ်ဇာလန်၊ တာဂျစ်ကစ္စတန်၊ ထရီနီဒက်တိုဘားရိုး၊ ဇမ်ဘီယာ နှင့် ဇင်ဘာဘွေနိုင်ငံတို့ ဖြစ်ကြသည်။

အိန္ဒိယအစိုးရသည် e-Tourist Visa ဝန်ဆောင်မှုအား ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်တွင် စတင်ခဲ့ခြင်းဖြစ် ပြီး လက်ရှိအချိန်တွင် ပြည်ပခရီးသွား များအတွက် e-Tourist Visas ပေါင်း ပျမ်းမျှ ၃၅၀၀ ကို နေ့စဉ်ခွင့်ပြုပေး လျက်ရှိကြောင်း သိရသည်။

**ယဉ်ယဉ်နွယ်၊ စီးပွားရေးသံမှူး မြန်မာသံရုံး၊ နယူးဒေလီမြို့**

# ကူဝိတ်ကုန်စည်ပြပွဲတွင် အိန္ဒိယကုမ္ပဏီများမှ ထုတ်ကုန်များ ခင်းကျင်းပြသမည်

အိန္ဒိယနိုင်ငံမှ ထိပ်တန်း ကုမ္ပဏီ ၁၀ ခုကျော်တို့သည် လာမည့် သီတင်း ပတ်တွင် ကျင်းပမည့် ကူဝိတ်နိုင်ငံ၏ ပထမဆုံးနိုင်ငံတကာကုန်စည်ပြပွဲတွင် လက်မှုပစ္စည်းများနှင့်ပန်းချီကားများ ကဲ့သို့သော ၎င်းတို့၏ ထုတ်ကုန်များကို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း၊ အဆိုပါပြပွဲကို ဖေဖော်ဝါရီ ၂၁ ရက် မှ ၂၇ ရက်အတွင်းကျင်းပမည်ဖြစ်ပြီး၊ ပြပွဲသို့ တက်ရောက်ခင်းကျင်းပြသရန် အတွက် အိန္ဒိယနိုင်ငံ၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ထောက်ပံ့ပြီး အိန္ဒိယပို့ကုန်လုပ်ငန်းအဖွဲ့ချုပ်(FIEO) မှ စီစဉ်မည်ဖြစ်ကြောင်း၊ ပြပွဲတွင် စကျင်ကျောက်၊ ကြေး၊ သစ်သားတို့ဖြင့် ပြုလုပ်ထားသည့် လက်မှုထည်များ၊ ပန်းချီများ၊ အခြားလက်မှုထည်ပစ္စည်း များ၊ အလှဆင်လက်ဝတ်ရတနာများ၊ ပလတ်စတစ်အသုံးအဆောင်ပစ္စည်း များ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သန္တာခိုင်၊**
**စီးပွားရေးသံမှူးမြန်မာသံရုံး၊**
**ပေကျင်းမြို့**

■

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၄–၃–၂၀၁၆)

ခင်မောင်မောင်အုန်း

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးလျှပ်ပြီး အရောင်းအဝယ်ဖြစ်

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိန္ဒိယဝယ်လက်က ဈေးကွက်စဖွင့်ချိန်မှာ တစ်တန်ကို ၁၂၈၀၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ပိုင်းရက်တွေမှာ ဈေးပေးပြီးအဝယ်ရှိတာကြောင့် ဈေးတရိပ်ရိပ်မြင့်လာပြီး တစ်တန်ကို ၁၃၉၅၀၀၀ ကျပ်ဈေးအထိ ထပ်မံဈေးမြင့်ခဲ့ကြောင်းသိရပါတယ်။ မတ်ပဲဈေးက အတက်အကျမြန်တော့ ဈေးကွက်မှာ သတိထားပြီး ရောင်းဝယ်နေရတယ်လို့ ပဲကုန်သည်တစ်ဦးက ပြောပါတယ်။ ပဲစင်းငုံနီ (RC) အနေဖြင့် ဈေးကွက်ဖွင့်ချိန်မှာ အိန္ဒိယဘက်မှတစ်တန်ကို ၁၃၁၅၀၀၀ ကျပ်ဈေးဖြင့် ဈေးဖွင့်အဝယ်ရှိခဲ့ရာက နောက်ရက်မှာတစ်တန်ကို ၁၃၀၀၀၀၀ ကျပ်ဈေးသို့ အနည်းငယ်ပြန်ဆင်းခဲ့ပြီး ဈေးကွက်ပိတ်ချိန်မှာတော့ တစ်တန်ကို ၁၃၃၀၀၀၀ ကျပ်ဈေးအထိ ဈေးပြန်လည်မြင့်တက်ခဲ့ကြောင်း ဈေးကွက်အတွင်းမှသိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်များက တစ်ပိဿာကို ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဈေးဖြင့် ဝယ်လိုအားပုံမှန်ရှိပေမယ့် ဈေးအေးနေကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကတော့ တစ်ပိဿာကို ၁၅၁၀ ကျပ် (တစ်တန်ကို ၉၂၄၇၀၈ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ ဈေးမြင့်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ်မှာ ပဲစင်းငုံနီက နယ်အဝင်ပုံမှန်ရှိခဲ့သလိုပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်လည်း ဝယ်လိုအားပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၁၂၀ ကျပ် (တစ်တန်ကို ၁၂၉၈၂၆၆ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးစွာ နှမ်းမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်) တွေ အဝင်ပုံမှန်ရှိသလိုပြည်ပအတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအားပြန်လိုက်လာတာကြောင့် ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ နှမ်းမျိုးစုံကိုတော့ ရန်ကုန်-မန္တလေးဝယ်လက်နှင့် ဆီစက်များက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် နှမ်းနီတစ်ပိဿာ ၁၉၈၀ ကျပ်၊ နှမ်းဖြူတစ်ပိဿာ ၂၁၁၀ ကျပ်၊ နှမ်းနက်စမုံတစ်ပိဿာ ၃၇၈၀ ကျပ်၊ နှမ်းနက်ရိုးရိုး တစ်ပိဿာ ၂၄၄၅ ကျပ်၊ နှမ်းညိုတစ်ပိဿာ ၁၆၀၀ ကျပ် ဈေးဖြင့်နှမ်းမျိုးစုံတစ်ရက်ကို အိတ် ၁၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲ ဈေးမာ

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်)တွေ အဝင်လှိုင်လာသလိုပြည်ပအတွက်အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်နှင့် လှောင်လက်များက အဝယ်ပြန်သွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၃၀၀ ကျပ် (တစ်တန်ကို ၁၄၀၈၄၉၇ ကျပ်)ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုများခဲ့ကြောင်း သိရပါတယ်။ ပဲလွန်းဖြူ (သစ်) ကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၁၀၀၀ ကျပ် (တစ်တန်ကို ၆၁၂၃၉၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲမျိုးစုံအဝင်ပါးပေမယ့် အရောင်းအဝယ်သွက်နေ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ(သစ်)တွေ နယ်စုံမှ ပုံမှန်ဝင်ရောက်နေသလို ရန်ကုန်ဝယ်လက်ကလည်း တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကို ပြည်ပအတွက်ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်အဝယ်ပြန်လိုက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၁၀၀ ကျပ် (တစ်တန်ကို ၁၂၈၆၀၁၉) ကျပ် ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကိုတော့ ပဲခွဲစက်နှင့် လှောင်လက်များအဝယ်အေးတာကြောင့် ဈေးအေးနေပြီး အရောင်းအဝယ်လည်းပါးနေကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မန္တလေးဈေးကွက်မှာ မတ်ပဲဈေးစွာ၊ ပဲတီစိမ်း (ခရမ်းရွှေဝါ) ပုံမှန်အရောင်းအဝယ်ဖြစ်

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်မတ်ပဲ (သစ်) တွေ နယ်စုံမှပုံမှန်ဝင်ရောက်မှုရှိသလို ရန်ကုန်ဝယ်လက် ပဲခွဲစက်နှင့် သိုလှောင်မယ့်သူများအဝယ်ဆုံတာကြောင့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးအနည်းငယ်မြင့်လာပြီး တစ်ပိဿာကို ၂၁၇၀ ကျပ် (တစ်တန်ကို ၁၃၂၈၈၈၆ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၆၀၀ ခန့် အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (ခရမ်းရွှေဝါ) ကို တရုတ်ဝယ်လက်က ပဲရဲ့အရည်အသွေးပေါ်မူတည်ပြီး တစ်ပိဿာကို ၂၀၀၉ ကျပ် (တစ်တန်ကို ၁၂၃၀၂၉၁ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၈၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး (သစ်) တွေ ဈေးကွက်သို့ ပုံမှန်အဝင်ရှိခဲ့ပေမယ့် ပဲခွဲစက်များအဝယ်အေးနေကြောင်း ကုလားပဲ (ထိုင်ဝမ်) ကိုတော့ ပဲခွဲစက်များက တစ်ပိဿာကို ၁၅၂၀ ကျပ် (တစ်ရက်ကို ၉၃၀၈၃၂ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၈၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအဝင်နည်းပေမယ့် ရန်ကုန်-မန္တလေးနှင့် အစာစပ်များ ဝယ်လိုအား ပုံမှန်ရှိ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံ အဝင်လျော့သွားပေမယ့် ရန်ကုန်-မန္တလေးဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များကတော့ တစ်ပိဿာကို ၄၅၀ ကျပ် ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် သုံးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ဒေသထွက် ပန်းနှမ်းကိုတော့ ရန်ကုန်အဝယ်ပြန်သွက်လာတာကြောင့် ယခင်တစ်ပတ်ဖြင့်နှိုင်းယှဉ်ပါက ဈေးမြင့်လာပြီး တစ်ပိဿာကို ၂၆၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းသီးနှံကို တရုတ်ဝယ်လိုအား ပုံမှန်ရှိ

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံကို တရုတ်ဘက်မှဝယ်လိုအား ပုံမှန်ရှိခဲ့ပေမယ့် ရောင်းသူကုန်သည် လက်ဝယ်မှာတော့ ပြောင်းလက်ကျန်ပမာဏ လျော့ကျခဲ့ကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၄၂၅ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိဿာချိန် ၁၀ သိန်းခန့်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပါး တရုတ်အဝယ်ပါး

ဒီတစ်ပတ် မူဆယ်ဈေးကွက်မှာ အနေဖြင့် တစ်ပတ်အတွင်း ပြောင်းတန်ချိန် ၁၅၀၀၀ ခန့်သာ ဝင်ရောက်ခဲ့သလို တရုတ်ဝယ်လက်လည်း တရုတ်ဘက်မှာ ယွမ်ငွေတန်ဖိုးကျဆင်းလာလို့ အဝယ်ပါးနေကြောင်း အရောင်းအဝယ်အနေဖြင့် ၅၀ ကီလိုတစ်အိတ်ကို အနိမ့်ဆုံး ၈၀ ယွမ်မှ အမြင့်ဆုံး ၈၅ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## မုံရွာဈေးကွက်မှာ ပဲတီစိမ်းနယ်အဝင်လျော့ ကုလားပဲဈေးအေး

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းနယ်အဝင်ပါးသွားသလို တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ်မူတည်ပြီးတွက်ချက်ဝယ်ယူမှုတွေရှိနေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ပဲတီစိမ်းတစ်ပိဿာ ၁၈၀၀ ကျပ် (တစ်တန်ကို ၁၁၀၂၃၀၀ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီး (သစ်) အနေဖြင့် ဈေးကွက်သို့ အဝင်ပုံမှန်ရှိပေမယ့် ပဲခွဲစက်နှင့် လှောင်လက်တွေအဝယ်အေးတာကြောင့် ဈေးလည်းအေးနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၄၅၀ ကျပ် (တစ်တန်ကို ၈၈၇၉၆၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ (ထိုင်ဝမ်)(သစ်) ပုံမှန်ဝင်ရောက်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ (ထိုင်ဝမ်) သစ်တွေပုံမှန်ဝင်ရောက်နေသလို မြို့ခံပဲခွဲစက်တွေကလည်း တစ်ပိဿာကို ၁၅၀၀ ကျပ် (တစ်တန်ကို ၉၁၈၅၈၅ ကျပ်)ဈေးဖြင့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

# ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရှမ်းပြည်နယ်အတွင်းရှိ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ရှမ်းပြည်နယ် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်ဖြစ်တဲ့ စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေး လုပ်ငန်းကော်မတီနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက်က ရှမ်းပြည်နယ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။



အဆိုပါညှိနှိုင်းအစည်းအဝေးသို့ ရှမ်းပြည်နယ်အစိုးရ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်ညွန့်နှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြပြီး ဝန်ကြီးက အမှာစကားပြောကြားရာမှာ နိုင်ငံတကာမှာ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းတွေကို လုပ်ဆောင်နေတာ နှစ်ပေါင်းများစွာ ကြာနေပြီဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံမှာလည်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းဟာ မကြာခင်မှာပဲ အောင်အောင်မြင်မြင် ပေါ်ပေါက်လာတော့မှာ ဖြစ်ကြောင်း၊ ကုန်စည်များနဲ့ ဝန်ဆောင်မှုလုပ်ငန်းများကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ထိခိုက်နစ်နာမှု မရှိစေရေးနဲ့ ကျန်းမာရေးကို ထိခိုက်စေမယ့် ဘေးဥပဒ်အန္တရာယ်ဖြစ်စေခြင်းများမှ ကာကွယ်ရန် ၂၀၁၄ ခုနှစ်၊ မတ် ၁၄ ရက်မှာ ပြည်ထောင်စုလွှတ်တော်ရဲ့ အတည်ပြုချက်နဲ့ စားသုံးသူအကာအကွယ်ပေးရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ နယ်စပ်တစ်လျှောက် ကုန်သွယ်မှုပြုရာ လမ်းကြောင်းများနဲ့ နယ်စပ်ဖြတ်ကျော်ဝင်ထွက်ပေါက်များမှ ပြည်သူလူထုကို အန္တရာယ်ဖြစ်စေတဲ့ ကုန်ပစ္စည်းများ တရားမဝင်တင်သွင်းလာခြင်း၊ တရားဝင်တင်သွင်းလာသော်လည်း ခွင့်ပြုချက်အပေါ် အလွဲများနဲ့ စံချိန်စံညွှန်းမပြည့်မီတဲ့ ကုန်ပစ္စည်းများကို တင်သွင်းခြင်းကြောင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ထိခိုက်စေခြင်း၊ ပြည်တွင်းလုပ်ငန်းရှင်များက စားသုံးသူ သုံးစွဲသူများအား ထိခိုက်စေတဲ့ ကုန်ပစ္စည်းများကို ၎င်းတို့အကျိုးစီးပွားအတွက် အန္တရာယ်ဖြစ်မှုကို သိလို့ဖြစ်စေ၊ မသိလို့ဖြစ်စေ ထုတ်လုပ်ဖြန့်ချိခြင်းများကြောင့် ကုန်စည်များနဲ့ ပတ်သက်ပြီး လုံခြုံစိတ်ချရမှု မရှိသဖြင့် တိတိကျကျနှင့် မိမိတို့တာဝန်ကို အကောင်းဆုံးလုပ်ဆောင်ဖို့ လိုအပ်ပါကြောင်း၊ အခုလိုကုန်စည်နဲ့ ဝန်ဆောင်မှုများ အရည်အသွေး မပြည့်ဝမှုကြောင့် စားသုံး သူအခွင့်အရေးများ ထိခိုက်နစ်နာလျက်ရှိကြပြီး ပြည်သူများရဲ့ ကျန်းမာရေးမှာ ကင်ဆာ ရောဂါနဲ့ အခြားရောဂါများကြောင့် ဆေးဝါးကုသစရိတ်များ၊ လူ့စွမ်းအား အရင်းအမြစ်များ ထိခိုက်စေသလို ရောဂါခံစားရတဲ့လူများအနေနဲ့ ၎င်းတို့ရဲ့ မိသားစုဝင်များရဲ့ လူမှုရေး၊ စီးပွားရေးများပါ နစ်နာဆုံးရှုံးကြရတဲ့အတွက် ရှမ်းပြည်နယ် အနေနဲ့လည်း စားသုံးသူပြည်သူများကို အကာအကွယ်ပေးနိုင်ဖို့၊ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် ရှမ်းပြည်နယ်စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ နှစ်ရပ်ကို ၂၀၁၄ ခုနှစ် အောက်တိုဘာလမှာ ဖွဲ့စည်း ဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ တက်ရောက်လာကြတဲ့ ကော်မတီဝင်များကလည်း ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက် ပေးကြစေလိုကြောင်း ပြောကြားခဲ့ပြီး ၂၀၁၅ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များအား ရှမ်းပြည်နယ် အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးညွန့်ဝေက ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါ အချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးသုံးသပ်ခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များချ မှတ်ခဲ့ကြောင်းသိရှိရပါတယ်။

**မင်းအောင် - တောင်ကြီး**

# ထိုင်းအမှတ်တံဆိပ် ကုန်စည်ပြပွဲ(Top Thai Brand Fair 2016) သတင်းစာရှင်းလင်းပွဲကျင်းပ




ထိုင်းအမှတ်တံဆိပ်ပြပွဲ ၂၀၁၆ သတင်းစာရှင်းလင်းပွဲကိုမတ် ၁၀ရက်က ရန်ကုန်မြို့ Chatrium Hotel Ball Room (2) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ကုန်သွယ်မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ငွေ၊UMFCCI ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်၊ NMT Co.,Ltd မှ ဥက္ကဋ္ဌ ဦးမျိုးသန့်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံးမှ စီးပွားရေးသံမှူး Mr.Pakainay Leng နှင့် ဖိတ်ကြားထားသော ဧည့်သည်များ၊ မီဒီယာများ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲ၌ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံရုံး၊ စီးပွားရေးသံမှူး Mr.Pakainay Lengက နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် ထိုင်းနိုင်ငံသည် မြန်မာနိုင်ငံနှင့်အိမ်နီးချင်းဖြစ်သည့်အပြင် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ ချစ်ကြည်ရေး၊ နည်းပညာများ အပြန်အလှန်ဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှု ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကုန်စည်ပြပွဲများ ကို ၁၉၉၈ ခုနှစ်မှစ၍ ယနေ့အထိ နှစ်စဉ်နှစ်တိုင်း လာရောက်ပြသခဲ့ခြင်း ဖြစ်ကြောင်း၊ ယခုလည်း မတ် ၂၄ရက်မှ ၂၇ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC တွင် ထိုင်းနိုင်ငံရှိ ကုမ္ပဏီ ၅၃ ခုမှ လယ်ယာစိုက် ပျိုးရေးသုံးပစ္စည်း ကိရိယာများ၊ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းသုံးပစ္စည်းများ ဖက်ရှင်နှင့်ပတ်သက်သော အလှအပ ပစ္စည်းများ၊ အစားအစာနှင့် အဖျော်ယမကာ၊ အဝတ်အထည်နှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ ပစ္စည်းများ၊ မီးဖိုချောင် ပစ္စည်းများ၊ သားရေဖြင့် ပြုလုပ်ထားသော ပစ္စည်းများစသည့် အဆင့်မြင့်အရည်အသွေး အမှတ်တံဆိပ်များကို ပါဝင်ပြသမည်ဖြစ်သောကြောင့် လာရောက်ကြည့်ရှုအားပေးရန် ဖိတ်ခေါ်ကြောင်း ပြောကြားခဲ့ပြီးနောက် ဧည့်သည်တော်များ၊ မီဒီယာများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြ သိရှိရပါသည်။

**KMT**

# ယင်းမာပင်ခရိုင် ငှက်ပျော ကြက်သွန်နီ သီးညှပ်စိုက်ခင်းမှ ဝင်ငွေကောင်းရ

ယင်းမာပင်ခရိုင်တွင် ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ကြက်သွန်နီစိုက်ဧက ၆၆၀၀ကျော် စိုက်ပျိုးလျက်ရှိပါတယ်။ ယမားချောင်း ဝဲယာ သဲသောင်ပြင်များတွင် စပါးရိတ်သိမ်းပြီး၊ လယ်မြေများထဲမှာ စိုက်ပျိုးကြပါတယ်။ တစ်ဧကကုန်ကျစရိတ် ပျမ်းမျှ ၁၀ သိန်းကျော်ကုန်ကျပါတယ်။ ယခင်နှစ် ကြက်သွန်နီပေါ်ချိန်မှာ တစ်ပိဿာ ၃၀၀ ကျပ်သာရှိပြီး ယခုနှစ် ကြက်သွန်နီပေါ်စအချိန်မှာ အကြီးအသေးရောရာ တစ်ပိဿာ ၆၀၀ ကျပ် အလုံးကြီး၍ လှရင် ၇၀၀ ကျပ်၊ အလုံးသေးရင် ၅၀၀ ကျပ်နှုန်း၊ လက်လီဈေးဖြင့် ရောင်းချပါတယ်။

ယင်းမာပင်မြို့နယ် နုံးကြီးရွာမှ တောင်သူ ဦးပေါက အများနှင့်မတူဘဲ ငှက်ပျောစိုက်ခင်းထဲတွင် ကြက်သွန်နီကိုသီးညှပ်အဖြစ် စိုက်ပျိုးထားကြောင်း၊ ငှက်ပျောပင်ရဲ့ ရေအစိုဓါတ် လိုအပ်ချက် ၄၀ ရာခိုင်နှုန်းဖြည့်ဆည်းပေးနိုင်ပါက ငှက်ပျောတစ်ခိုင်ကို ခြောက်ဖီး ပျမ်းမျှထွက်ကြောင်း၊ ငှက်ပျောစိုက်ခင်း ၁၀ ပေပတ်လည် စိုက်ထားသည့်အတွက် အပင် ၃၇၅ ပင် ဝင်ဆံ့ပြီး တစ်ပင်ကို ခြောက်ဖီးထွက်သည့်အတွက် ငှက်ပျောအဖီးပေါင်း ၂၀၀၀ ကျော်ထွက်ရှိကြောင်း၊ ငှက်ပျောတစ်ဖီးပျမ်းမျှဈေးနှုန်း ၆၀၀ ကျပ်ရှိသည့်အတွက် တစ်နှစ်ပျမ်းမျှဝင်ငွေ ၁၂ သိန်းကျော်ရရှိကြောင်း၊ ငှက်ပျောတစ်ဧကထဲမှာ ကြက်သွန်နီ တစ်ဧက သီးညှပ်အဖြစ်စိုက်ပျိုးထားပြီး ကြက်သွန်နီ ၄၅၀၀ ပိဿာမှ ၅၀၀၀ ပိဿာအထိ ထွက်ရှိနိုင်ကြောင်း၊ ကြက်သွန်ပေါ်ချိန် တစ်ပိဿာပေါက်ဈေးမှာ ၅၀၀ ကျပ်ရှိသဖြင့် ကြက်သွန်ခင်းမှ ဝင်ငွေ သိန်း ၂၀ ကျော်ရရှိနိုင်ကြောင်း ငှက်ပျောနှင့် ကြက်သွန်နီ သီးညှပ်စိုက်ပျိုးခြင်းဖြင့် ယခုနှစ် ဝင်ငွေသိန်း ၃၀ ကျော် ရရှိမှာ ဖြစ်ကြောင်း ပြောပြပါတယ်။

**သန်းပို - ယင်းမာပင်**



# ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ ပြောင်းအများအပြား တင်ပို့နိုင်တော့မည်

ကုန်သည်များအပိုင်းက ပို့ကုန်တိုးမြှင့်တင် ပို့နိုင်ရေးအထူးကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ ပြောင်းတင်ပို့ခွင့်ရရှိရေး တစ်ဖက်နိုင်ငံရှိ ကုန်သည်များ၊ ဌာနဆိုင်ရာများနဲ့ ညှိနှိုင်းဆောင်ရွက်ပြီးဖြစ်၍ မတ်လမှာ ပြောင်းအများအပြားတင်ပို့နိုင်တော့မယ်လို့ ဖေဖော်ဝါရီ ၂၇ ရက်ကပြုလုပ်တဲ့ ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးမှာ ကန်ပိုက်တီးနယ်စပ်အသင်းရုံးတာဝန်ခံက ပြောကြားပါတယ်။

ဆန်တင်ပို့ခွင့် ရရှိရေးလည်း ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဘိန်းခင်းဖျက်အဖွဲ့များကြောင့် လမ်းကြောင်းပိတ်ဆို့မှုများရှိလာပါကလည်း မြေပြင်ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ အပိုင်းကလည်း သက်ဆိုင်ရာ ဌာနအသီးသီးရဲ့ မူဘောင်အတွင်းမှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းကြောင့် အဆင်ပြေချောမွေ့မှုရှိကြောင်း ၊ ယခုလိုပွင့်လင်းရာသီမှာ ကုန်သွယ်မှုပမာဏများ ပိုမိုမြင့်မားလာမယ်လို့ မျှော်လင့်ကြောင်းလည်း အသင်းရုံးတာဝန်ခံက ဆက်လက်ပြောကြားခဲ့တယ်လို့သတင်းရရှိပါတယ်။

ကန်ပိုက်တီး ကုန်သွယ်ရေး စခန်းဟာ ဖေဖော်ဝါရီလမှာ ပို့ကုန် ကန်ဒေါ်လာ ၁ ဒသမ ၈၅၈ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၃ ဒသမ ၃၆၇ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၅ ဒသမ ၂၂၅ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အများဆုံးပို့ကုန်များမှာ တစ်ရှူးငှက်ပျော၊ ပြောင်း၊ ဖရဲသီးနဲ့ဆန်တို့ဖြစ်ကြပါတယ်။

**MIRT**

# ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းလျာထားချက်ထက် ကုန်သွယ်မှုပိုမိုဆောင်ရွက်နိုင်

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းရဲ့ ကုန်သွယ်မှု ပမာဏမှာ ကန်ဒေါ်လာ ၃၁ သန်းကျော်ဆောင်ရွက်နိုင်ခဲ့ပြီး လျာထားချက်ရဲ့ ၉၅ ရာခိုင်နှုန်းကျော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပို့ကုန်အနေနဲ့ ကန်ဒေါ်လာ သန်း ၃၀ နီးပါး၊ သွင်းကုန်ကန်ဒေါ်လာ တစ်သန်းခွဲကျော် ဆောင်ရွက်နိုင်ခဲ့ပြီး အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက် ပို့ကုန်ပိုင်းမှာပိုမိုခဲ့သော်လည်း သွင်းကုန်ပိုင်းမှာ လျော့နည်းခဲ့ တယ်လို့သိရပါတယ်။

ပဲတီစိမ်း၊ ကြံ၊ မြေထောက်ပဲ၊ ပဲလွန်းဖြူ ပဲကြီး၊ ပဲယင်းနဲ့ နိုင်လွန်ပဲတို့ ပိုမိုတင်သွင်းနိုင်ခဲ့တဲ့အတွက် ပို့ကုန်ပိုမိုရခြင်းဖြစ်ပြီး အဓိကသွင်းကုန်အုပ်စုသုံးခုလုံး လျော့နည်းတင်သွင်းခဲ့တဲ့အတွက် သွင်းကုန်ပိုင်းမှာ လျော့နည်းခဲ့ရတာဖြစ်ပါတယ်။

ဖေဖော်ဝါရီက တရုတ်နှစ်သစ်ကူးကာလ ဖြစ်သော်လည်း ပို့ကုန်ကားများ ချင်းရွှေဟော်ဘက်ရှိ ဂိုထောင်များမှာ သိုလှောင်ထားပြီး ပွဲတော်ပြီးတာနဲ့ ရောင်းချနိုင်သော်လည်း သွင်းကုန်များကိုမူ တရုတ်ကုန်သည် များ လုပ်ငန်းများရပ်နားထားခြင်း၊ ရုံးနဲ့စက်ရုံများ ရက်ရှည်ပိတ်ထားတာကြောင့် သွင်းကုန်လျော့နည်းရခြင်းဖြစ် ပါတယ်။ ရှေ့လာမယ့် ကာလများမှာတော့ ပွင့်လင်းရာသီဖြစ်ခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ ငွေလဲနှုန်းနဲ့ နယ်မြေအေးချမ်း တည်ငြိမ်မှုအပေါ်မူတည်ပြီး ကုန်သွယ်မှုပမာဏ တိုးတက်လာနိုင်တယ်လို့ မျှော်မှန်းထားကြပါတယ်။

ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းရဲ့ဖေဖော်ဝါရီအများဆုံးပို့ကုန်များမှာ ပဲတီစိမ်း၊ မြေပဲဆန်၊ နှမ်းနက်၊ နှမ်းဖြူ၊ ကြံ၊ ပြောင်းဖူးစေ့၊ ငါးရှဉ့်၊ နှမ်းညို၊ ငစိန် ၂၅ မှတ်၊ မြေထောက်ပဲ၊ ပဲလွန်းဖြူ ပဲကြီး၊ နှံစားပြောင်း၊ ပဲယင်း၊ ရော်ဘာ RSS-3 တို့ဖြစ်ကြပါတယ်။

အများဆုံးသွင်းကုန်တွေကတော့ Zinc Coated Iron wire coil, Mix LPG ၊ အချိုမှုန့်၊ အိမ်ရိုက်သံ၊ ဂဟေချောင်း ထုတ်ပိုးလုပ်ငန်းသုံးတိတ်၊ ဓားမိန်း၊ ဘိလပ်မြေ၊ ပီနန်အိတ်၊ ကြိတ်သားစားပွဲ၊ ကုတင်၊ ကွန်ပျူတာစားပွဲ၊ ဘီဒိုစတဲ့ ပရိဘောဂများ တင်သွင်းခဲ့ကြပါတယ်။ ယခုလအတွင်း ITC ကတ်အသုံးပြု၍ ကုန်သွယ်မှု ဆောင်ရွက်ခြင်းမရှိဘူးလို့ သိရပါတယ်။

**MIRT**

# ဒန်စင်ခွန်ဂိတ်ကို တရားဝင်ဂိတ်အဖြစ် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်သွားမည်ဟုဆို

မောတောင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သည်များအစွမ်းကုန်ကြိုးစားအားထုတ်ခဲ့ကြောင်း၊ ကုန်သွယ်မှုနဲ့ပတ်သက်ပြီး တွေ့ကြုံနေရမှုများမှာ ဒန်စင်ခွန်ဂိတ်ဟာ တရားဝင်ဂိတ်မဟုတ်သဖြင့် မိမိဘက်မှ ကုန်သည်များအပေါ် ကန့်သတ်ပိတ်ပင်မှုများပြားလွန်းခြင်း ၊ တစ်ဖက်နိုင်ငံကုန်သည်ဝယ်လက်နည်းပါးခြင်းတို့ဖြစ်ကြောင်း၊ ဒေသထွက်သီးနှံများပို့ဆောင်မှုနဲ့ လူဝင်လူထွက်ကိစ္စရပ်များမှာလည်း ဒန်စင်ခွန်ဂိတ်(၃)မှ ငွေကြေး တောင်းခံခြင်းများတစ်ပြေးညီမဖြစ်သဖြင့် တိကျသော နှုန်းထားသတ်မှတ်ပေးရန်လိုအပ်ကြောင်း ၊ တစ်ဖက်နိုင်ငံ ဂိတ်များဟာ ကမ္ဘာလှည့်ခရီးသည်များ ခရီးသွားလာရေးလူဝင်လူထွက်ကိစ္စရပ်သာ အလေးထားဆောင်ရွက်နေပြီး ကုန်သွယ်မှုဆိုင်ရာ ဝင်ထွက်မှုများအပေါ် တားမြစ်ကန့်သတ်မှုများရှိနေကြောင်း၊ ဒေသထွက်ရော်ဘာ တင်ပို့လိုသော်လည်း ချိတ်ဆက်မရ၍ အခက်အခဲရှိနေကြောင်း ဖေဖော်ဝါရီ ၂၉ ရက်က ပြုလုပ်တဲ့ ကုန်သွယ်မှု မြှင့်တင်ရေး အစည်းအဝေးမှာ မောတောင်ကုန်သည်များနဲ့ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ပြောကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဝါး၊ ကြိမ်၊ ကွမ်းသီးတင်ပို့နိုင်ရေးအတွက် တစ်ဖက်နိုင်ငံမှ ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီး သစ်တောဌာနမှ မျှော်စာလျှောက်ထား ဆောင်ရွက်နေကြောင်း၊ ဒေသထွက်သီးနှံများမှာ အော်ဂဲနစ်သီးနှံများဖြစ်တဲ့အတွက် တစ်ပိုင်တစ်နိုင်သွားရောက် ရောင်းချနေခြင်းထက် သစ်သီးပွဲရုံအနေနဲ့ စုဆောင်းဝယ်ယူတင်ပို့နိုင်ပါက ဈေးကောင်းရနိုင်တဲ့ အခွင့်အလမ်းရှိကြောင်း၊ နှစ်နိုင်ငံ ဆွေးနွေးပွဲတွင် တစ်ဖက်နိုင်ငံ ဒန်စင်ခွန်ဂိတ်ကို တရားဝင်ဂိတ်အဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမယ်လို့ သိရကြောင်း မောတောင်ကုန်သွယ်ရေး စခန်းတာဝန်ခံကလည်း ကုန်သည်လုပ်ငန်းရှင်များကို အသိပေးပြောကြားခဲ့တယ်လို့ သိရပါတယ်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မောတောင်ဒေသကွပ်ကဲရေးမှူးရုံး၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူးကလည်း ကုန်သွယ်မှုမြှင့်တင်ရေး အစည်းအဝေးကို လစဉ်ကျင်းပပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရေး ကုန်သည်များနဲ့ ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဖြေရှင်းနိုင်စေရန် ရည်ရွယ်သော်လည်း တာဝန်ရှိတဲ့ အဆုံးအဖြတ်ပေးနိုင်တဲ့ အမှုဆောင်ဒါရိုက်တာများ၊ ကုန်သည်လုပ်ငန်းရှင်များ ကိုယ်တိုင်တက်ရောက်ကြဖို့ လိုကြောင်း တစ်ဖက်နိုင်ငံနဲ့ညှိနှိုင်းဆွေးနွေးတဲ့အခါ တိကျခိုင်မာတဲ့အချက်အလက်များရရှိရန် လိုအပ်ကြောင်း၊ မိမိကုန်စည်များ အရည်အသွေးမှန်ကန်မြင့်မားမှသာ တစ်ဖက်နိုင်ငံဝယ်လက်ကို ဆွဲဆောင်နိုင်မှာ ဖြစ်ကြောင်း၊ ရင်ဆိုင်ကြုံတွေ့နေရတဲ့အခက်အခဲများကို နှစ်နိုင်ငံအစည်းအဝေးများမှာ ဆွေးနွေးအဖြေရှာနိုင်ရန်အတွက် အချက်အလက်များ စနစ်တကျ မှတ်တမ်းတင်ထားကြရန် အကြံပြုပြောကြားခဲ့ကြောင်း သိရပါတယ်။

**MIRT**

# မြိတ်ကုန်သွယ်ရေးစခန်းမှ ယမန်နှစ်ကာလတူထက်ပို့ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြိတ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကန်ဒေါ်လာ ၁၀ ဒသမ ၃၂၃ သန်းတင်ပို့နိုင်တဲ့အတွက် ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ သုည ဒသမ ၉၀၀ သန်းပိုမို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက်တော့ ၂ ဒသမ ၀၀၃ သန်းလျော့နည်းဆောင်ရွက်ခဲ့ပါတယ်။

ယမန်နှစ်ကာလတူထက် ပို့ကုန်ပိုမိုတင်ပို့နိုင်ရခြင်းမှာ ရေထွက်ပစ္စည်းနဲ့ သစ်တောထွက်ပစ္စည်းပိုမိုတင်ပို့ နိုင်လို့ဖြစ်ပါတယ်။ မြိတ်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း တင်ပို့နိုင်တဲ့ပစ္စည်းများမှာ လယ်ယာထွက်ကုန်အနေနဲ့ ရော်ဘာ MSR-၂၀ တန် ၁၀၀၊ ရော်ဘာ RSS-၃ ၁၅၅ တန်၊ ရေထွက်ပစ္စည်းအနေနဲ့ ငါးမျိုးစုံ ၄၈၃၈ တန်ကျော်၊ ပုစွန် ၁၇၅ တန်နီးပါး၊ ငါးမှုန့် ၃၃၆၈ တန်ကျော်၊ ကင်းမွန် (အခွံချွတ်) တန် ၄၀ ကျော်၊ အေးခဲကဏန်းပျော့ ၅၈ တန်ကျော်၊ ငါးအသားလွှာ ၂၄ တန်၊ ကဏန်းနီ ၅၁ တန်ကျော်၊ ငါးခြောက် ၂၇ တန်နီးပါး၊ ပုစွန်ခြောက် ခုနစ်တန်ကျော်၊ ကင်းမွန် ၁၄ တန်ကျော်၊ ကဏန်းသေး (အသေ) ငါးတန်ကျော်၊ သဲကဏန်း နှစ်တန်ကျော်၊ ကင်းမွန်ခေါင်း ကိုးတန်ကျော်၊ ငါးမုတ်မဲ နှစ်တန်၊ ကင်းမွန်ခြောက်တစ်တန်ကျော်နဲ့ သစ်တောထွက်ပစ္စည်း သစ်မာခွဲသား ၅၂၈ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

**ခင်မြနွယ်**

# ယမန်နှစ်ကာလတူထက် လုပ်ငန်းသုံးကုန်ကြမ်းတင်သွင်းမှုလျော့နည်းခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုနဲ့ လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ၂၀၁၆ ခုနှစ် မတ် ၄ ရက်အထိသွင်းကုန်ဆောင်ရွက်နိုင်မှုသည် ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၄၁ သန်းကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ လူသုံးကုန်ပစ္စည်းအုပ်စုမှ တင်သွင်းမှုများ ယမန်နှစ်ထက် ပိုမိုခဲ့သော်လည်း လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းတင်သွင်းမှု လျော့ခဲ့ပါတယ်။ နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင်ကဏ္ဍခွဲခြမ်းကြည့်မည်ဆိုလျှင် ရင်းနှီးမြှုပ်နှံမှုအုပ်စုတွင် နိုင်ငံပိုင်ရော ပုဂ္ဂလိက ပိုင်ပါကာလတူထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ လုပ်ငန်းသုံးအုပ်စုကတော့ နိုင်ငံပိုင်ရော ပုဂ္ဂလိကပိုင်ပါ လျော့နည်း တင်သွင်းခဲ့ပါတယ်။ လူသုံးကုန်ပစ္စည်းအုပ်စုတွင် နိုင်ငံပိုင်မှ လျော့နည်းခဲ့ပြီး ပုဂ္ဂလိကပိုင်မှပိုမိုခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ မတ်လ ၄ ရက်ထိ ပို့ကုန်သွင်းကုန် ဆောင်ရွက်နိုင်မှုကို ဖော်ပြပေးလိုက်ရပါတယ်-

| | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | စုစုပေါင်း | တိုး/လျော့ |
|---|---|---|---|---|
| ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | ၂၀၂၇. ၃၃၂ | ၅၆၇၃. ၄၁၈ | ၇၇၀၀. ၇၅၀ | ၃၅၄. ၁၁၃ |
| လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | ၃၈၃. ၆၀၈ | ၄၀၃၉. ၆၃၄ | ၄၄၂၃. ၂၄၂ | -၇၃၇. ၈၈၆ |
| လူသုံးကုန်ပစ္စည်း | ၄၅. ၀၈၆ | ၃၀၅၀. ၁၆၁ | ၃၀၉၅. ၂၄၇ | ၄၂၅. ၃၆၄ |

**MIRT**

# မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆန် တန် ၆၀ ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်ထိ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၂၇၂ သန်းတန်ဖိုးရှိ ဆီးဆန် ၆၇ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ်ကုန်သွယ်ရေးဇုန်အနေနဲ့ ကန်ဒေါ်လာ သုည ဒသမ ၁၆၆ သန်းတန်ဖိုးရှိ ဆီးဆန် တန် ၄၀ ကျော် တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာတော့ ၂၆ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စစ်တွေ ကုန်သွယ်ရေးစခန်းကတော့ ယခု သီတင်းပတ်မှာ ဆီးဆန်တင်ပို့မှု မရှိသော်လည်း ဆီးသီးခြောက် ၈၄ တန်၊ ဆီးဖတ် ၆၂ တန်နဲ့ ဆီးယိုထုတ်တန် ၄၀ ၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းဖိုး တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**တင်တင်ထွန်း**

# ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဖေဖော်ဝါရီအထိ ITC ကတ်နဲ့ ကုန်သွယ်မှု ကျပ်သန်း နှစ်သောင်းနှစ်ထောင်ကျော်ဆောင်ရွက်နိုင်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ITC ကတ်နဲ့ပို့ကုန် ကျပ် ၆၀၈၄ ဒသမ ၄၆၂ သန်းကျော်၊ သွင်းကုန် ကျပ် ၁၆၇၂၉ ဒသမ ၅၃၆ သန်းကျော်၊ ကုန်သွယ်မှုပမာဏ ကျပ် ၂၂၈၁၃ ဒသမ ၉၉၈ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ITC ကတ်ထုတ်ပေးမှုအရေအတွက်ကတော့ ၁၃၆ စောင်ဖြစ်ပြီး စတင်ထုတ်ပေးသည်မှ ဖေဖော်ဝါရီ ၂၆ ရက်အထိ ITC ကတ် စုစုပေါင်း ထုတ်ပေးထားတဲ့အရေအတွက်မှာ ၁၀၀၄ စောင်ရှိပြီဖြစ်ပါတယ်။ နှစ်အလိုက် ITC ကတ်ထုတ်ပေးမှုနဲ့ ပို့ကုန်သွင်းကုန် ဆောင်ရွက်နိုင်မှုများကို ဖော်ပြပေးလိုက်ရပါတယ်-

ရေတွက်ပုံ-ကျပ်သန်း

| ဘဏ္ဍာနှစ် | ITC အရေအတွက် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု |
|---|---|---|---|---|
| ၂၀၁၂-၂၀၁၃ (၂၁. ၁၁. ၂၀၁၂ မှ ၃၁. ၃. ၂၀၁၃ ထိ) | ၂၉၂ | ၅၉. ၅၃၉ | ၆၇၈. ၀၄၂ | ၇၃၇. ၅၈၁ |
| ၂၀၁၃-၂၀၁၄ | ၂၆၀ | ၈၄၃. ၁၉၄ | ၅၈၁၃. ၃၂၄ | ၆၆၅၆. ၅၁၈ |
| ၂၀၁၄-၂၀၁၅ | ၃၁၅ | ၂၈၃၄. ၇၅၀ | ၆၅၃၇. ၉၅၃ | ၉၃၇၂. ၇၀၃ |
| ၂၀၁၅-၂၀၁၆ ၂၆. ၂. ၂၀၁၆ ထိ | ၁၃၆ | ၂၃၄၆. ၉၇၉ | ၃၇၀၀. ၂၀၇ | ၆၀၄၇. ၁၉၆ |
| **စုစုပေါင်း** | ၁၀၀၄ | ၆၀၈၄. ၄၆၂ | ၁၆၇၂၉. ၅၃၆ | ၂၂၈၁၃. ၉၉၈ |

**MIRT**

# ကုန်သွယ်ရေးစခန်းများမှ ဆန်တင်ပို့မှု လျော့နည်းသော်လည်း ပင်လယ်ရေကြောင်းမှပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်ထိ ကာလအတွင်း ကန်ဒေါ်လာ ၂ ဒသမ ၄၃၅ သန်းဖိုးရှိ ငစိန်ဆန်နဲ့ ဧည့်မထဆန် ၆၆၅၃ တန်ကျော် တင်ပို့ခဲ့ပါတယ်။ ကုန်သွယ်ရေးစခန်းများ အလိုက် တင်ပို့နိုင်မှုများမှာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၃၅၈၄ တန်ကျော်၊ ဧည့်မထဆန် တန် ၇၅၀၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၃၁၉ တန်နဲ့ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၂၀၀၀ တင်ပို့ခဲ့တာဖြစ်ပါတယ်။

ယခင်တစ်ပတ်တင်ပို့မှုထက် ၁၈၈ တန်ခန့် လျော့နည်းခဲ့ပါတယ်။ ဆန်အပြင် ကန်ဒေါ်လာ သုည ဒသမ ၆၆၀ သန်းဖိုးရှိ ဆန်ကွဲ ၂၀၃၅ တန်ကို မူဆယ်ကုန်သွယ်ရေးဇုန်မှ တင်ပို့ခဲ့ပြီး ယခုတစ်ပတ်မှာ တန် ၅၀၀ ခန့် အပို့လျော့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ ကုန်သွယ်ရေး စခန်းများမှ ဆန်ရော ဆန်ကွဲပါတင်ပို့မှု လျော့နည်းခဲ့ပါတယ်။

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက်အထိမှာ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ ကန်ဒေါ်လာ ၂ ဒသမ ၁၀၆ သန်းဖိုးရှိ ဆန် ၅၃၂၄ တန်ကျော် တင်ပို့ခဲ့ပါတယ်။ စင်ကာပူနိုင်ငံသို့ ဇီယာဆန် ၁၂၄ တန်နဲ့ ဧည့်မထဆန် တန် ၅၀၊ အင်ဒိုနီးရှားနိုင်ငံသို့ ဧည့်မထဆန် ၅၁၅၀ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၃၄၁၄ တန်ပိုမိုခဲ့ပါတယ်။

ယခုတစ်ပတ်အတွင်းမှာပဲ ကန်ဒေါ်လာ သုည ဒသမ ၃၁၄ သန်းဖိုးရှိ ဆန်ကွဲ ၁၁၇၅ တန်ကို ဘူလ်ဂေးရီးယား တစ်နိုင်ငံတည်းကို တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က ဆန်ကွဲတန် ၅၀၀၀ ကျော် တင်ပို့နိုင်ခဲ့လို့ ယခုတစ်ပတ်မှာ ၃၈၃၅ တန် လျော့နည်းခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

# မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်း ကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေးစခန်းတို့မှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်တာကာလအတွင်း ကန်ဒေါ်လာ ၃ ဒသမ ၂၃၁သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၂၈၅ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၃၀၄ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာသုည ဒသမ ၁၄၆ သန်းတန်ဖိုးရှိ ရေထွက်ကုန်ငါးမျိုးစုံ ၉၉ တန်ကျော်၊ ပုစွန် ၄ တန်ကျော်၊ ကဏန်း ၄၇ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်း ပတ်နဲ့ နှိုင်းယှဉ်ပါက ၈၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ကော့သောင်း ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၃ သန်းတန်ဖိုးရှိ ရေထွက်ကုန် ငါးမျိုးစုံ ၁၃၄၆ တန်ကျော်၊ ကင်းမွန် ၄၈ တန်ကျော်၊ ပုစွန် ၈ တန်ကျော်၊ အခြားရေထွက်ပစ္စည်း ၄၃ တန်ကျော်၊ ပင်လယ်ငါးရှဉ့် ၅ တန်ကျော်နဲ့ ရေဘဝဲ ၄ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၉၇ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၇၈၅ သန်းတန်ဖိုးရှိ ရေထွက်ကုန် ငါးမျိုးစုံ ၁၆၅၀ တန်နီးပါး၊ရေငန်ပုစွန် ၂၅ တန်ကျော်၊ ကင်းမွန်တစ်တန်ကျော်နဲ့ သဲကဏန်း တစ်တန်နီးပါး တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀၈၈ တန်ကျော် လျော့နည်းခဲ့ပါတယ်။

**ခင်မြနွယ်**

# ကော့သောင်း ကုန်သွယ်ရေးစခန်းမှ လျာထားချက်အနီးစပ်ဆုံးကာလနဲ့ ယမန်နှစ်ကာလတူတို့ထက်ပါ ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်နိုင်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်း ကုန်သွယ်ရေးစခန်းသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပို့ကုန် ကန်ဒေါ်လာ ၅ ဒသမ ၅၄၂ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၈ ဒသမ ၁၃၉ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၃ ဒသမ ၆၈၁ သန်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကုန်သွယ်မှုပမာဏ လျာထားချက်မှာ ကန်ဒေါ်လာ ၉ ဒသမ ၇၀၀ သန်း ဖြစ်သဖြင့် လျာထားချက်အပေါ် ၁၄၁ရာခိုင်နှုန်းဆောင်ရွက်နိုင်ခဲ့ပါ တယ်။

အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းပိုမိုခဲ့ပြီး သွင်းကုန်ပိုင်း လျော့နည်းခဲ့သော်လည်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာသုည ဒသမ ၈၂၄ သန်းပိုမို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန်ပိုင်းရော သွင်းကုန်ပိုင်းပါ ပိုမိုခဲ့သဖြင့် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၅၆၆ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလနဲ့ နှိုင်းယှဉ်ရာမှာ လယ်ယာထွက်ကုန် တင်ပို့မှု လျော့နည်းခဲ့သော်လည်း ရေထွက်ကုန် ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီလ အများဆုံးပို့ကုန်များမှာ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်ပစ္စည်း၊ ပုစွန်၊ ပင်လယ်ငါးရှဉ့်၊ရေဘဝဲ၊ ရော်ဘာ၊ သစ်ဖြတ်စ၊ ဆီအုန်းကြိတ်ဖတ်နဲ့ ကဏန်းတို့ဖြစ်ကြပါတယ်။ အများဆုံးသွင်းကုန်များမှာ ဘိလပ်မြေ၊ သကြား၊ ဝီစကီကုန်ကြမ်း၊ ဆီအုန်း အဆီခဲ၊ ဖန်ပုလင်းလွတ်၊ ဓာတ်ဆား၊ ဆာလ်ဖာ၊ ဒီဇယ်ဝိုင်၊ ဓာတ်မြေဩဇာ၊ ပီလောပီနန်မှုန့်တို့ ဖြစ်ကြပါတယ်။ ဖေဖော်ဝါရီလတွင် ITC နဲ့ ပို့ကုန်သွင်းကုန်ဆောင်ရွက်မှု မရှိဘူးလို့ သိရပါတယ်။

**MIRT**

# ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကာလတူထက်ရော အနီးစပ်ဆုံးကာလထက်ပါ ပိုမိုဆောင်ရွက်နိုင်

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလတွင် ရိဒ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန် ကန်ဒေါ်လာ ၂ ဒသမ ၅၃၉ သန်း၊ သွင်းကုန် ကန်ဒေါ်လာ သုည ဒသမ ၈၂၈ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၃၆၇ သန်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ယမန်နှစ်ကာလတူနဲ့ အနီးစပ်ဆုံးကာလတို့ထက် ပို့ကုန်ရော သွင်းကုန်ပါပိုမိုခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏလည်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပို့ကုန်ပိုင်းမှာ ကာလတူထက် ကွမ်းသီး၊ မုန့်မျိုးစုံ၊ စီးကရက်၊ ပလတ်စတစ်အိတ်၊ အနီးစပ်ဆုံးကာလထက် ကွမ်းသီး၊ စီးကရက်၊ ဖရဲသီး၊ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်နဲ့ မုန့်မျိုးစုံတို့ ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ သွင်းကုန်ပိုင်းမှာ ကာလတူရော အနီးစပ်ဆုံးကာလထက် ဓာတ်မြေဩဇာပိုမိုတင်သွင်းခဲ့ပြီး ကာလတူထက် စားတော်ပဲ ပိုမိုတင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ယခုဖေဖော်ဝါရီလမှာ ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အများဆုံးပို့ကုန်များမှာ ကွမ်းသီး၊ မုန့်မျိုးစုံ၊ ပလတ်စတစ်အိတ်၊ စီးကရက်၊ ဖရဲသီး၊ ဆေးရိုး၊ ဆေးရွက်ကြီးမှုန့်တို့ဖြစ်ပြီး အများဆုံးသွင်းကုန်များမှာ ဓာတ်မြေဩဇာ(ပုလဲ)၊ ဆံပင်၊ နိုင်လွန်ချည်နဲ့ စားတော်ပဲတို့ဖြစ်ကြပါတယ်။

ဖေဖော်ဝါရီလအတွင်း ITC ကတ်ထုတ်ပေးမှုမရှိသော်လည်း ITC ကတ်နဲ့ ကွမ်းသီးတင်ပို့နိုင်ခဲ့ပြီး နိုင်လွန်ချည်များ တင်သွင်းနိုင်ခဲ့ပါတယ်။

**MIRT**

# ဖေဖော်ဝါရီလအတွင်း မောင်တောစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ငါးခြောက် ကန်ဒေါ်လာ လေးသိန်းကျော် တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိမောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေရှ်နိုင်ငံသို့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကန်ဒေါ်လာ ၄၉၂၃၈၄ ကျော်တန်ဖိုးရှိ ငါးစုံလေးခြောက် ၅၃၃၇၇၉ ကီလို၊ ငါးနီတူခြောက် ကီလို ၉၀၀၀၀ နဲ့ ငါးကုန်းညိုခြောက် ကီလို ၃၀၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခုလသည် ယခင်လထက် ငါးခြောက် ကန်ဒေါ်လာ ၁၀၇၃၆၉ ကျော်ဖိုး ပိုမိုတင်ပို့ခဲ့ပါတယ်။ မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေရှ်နိုင်ငံသို့ ဒေသထွက်ငါးခြောက်မျိုးစုံ အဓိကတင်ပို့နေရပြီး ငါးစုံလေးခြောက်နဲ့ ငါးနီတူခြောက်များမှာ အများဆုံးတင်ပို့တဲ့ ပို့ကုန်ပစ္စည်းများဖြစ်ပြီး ဈေးကောင်းရကြောင်း ကုန်သည်များထံမှသိရပါတယ်။

**မြင့်မြင့်မာ**

# ကော့သောင်း ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်း နယ်စပ်ရှိကော့သောင်းကုန်သွယ်ရေးစခန်းမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရေထွက်ကုန် ကန်ဒေါ်လာ ၅ ဒသမ ၅၄၂ သန်းတင်ပို့နိုင်တဲ့အတွက် အနီးစပ်ဆုံးကာလထက် ကန်ဒေါ်လာ ၁ ဒသမ ၁၃၈ သန်းပိုမိုတင်ပို့နိုင်သလို ယမန်နှစ်ကာလတူထက်လည်း ၂ ဒသမ ၀၄၉ သန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ပို့ကုန်ပိုမိုတင်ပို့နိုင်ခြင်းမှာ ရေထွက်ကုန် ပိုမိုတင်ပို့နိုင်၍ ဖြစ်ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလအတွင်း တင်ပို့ခဲ့တဲ့ပစ္စည်းများမှာ ငါးမျိုးစုံ၊ကင်းမွန်၊ အခြားရေထွက်ပစ္စည်း၊ပုစွန်၊ပင်လယ်ငါးရှဉ့်၊ရေဘဝဲ၊ရော်ဘာဖြတ်စ၊ ဆီအုန်းကြိတ်ဖတ်နဲ့ ကဏန်းတို့ဖြစ်ပါတယ်။

**ခင်မြနွယ်**




စတော့ရှယ်ယာဈေးကွက်နဲ့ ပတ်သက်ပြီးတကယ်တော့ ၁၉၉၅ - ၁၉၉၆ ခုနှစ်လောက်က ဂျပန်ဒိုင်ဝါနှင့် ပူးပေါင်းပြီး မြန်မာ နိုင်ငံမှာ စတော့ဒိုင် ပေါ်ပေါက်ဖို့ ကြိုးစားခဲ့ ချိန်ကတည်းက စတော့ရှယ်ယာဈေးကွက်ကို စိတ်ဝင်တစား ကြည့်ခဲ့၊ လေ့လာစူးစမ်းမှုတွေလည်း လုပ်ခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်ထဲမှာပဲအမေရိကန်နိုင်ငံကို တစ်လကြာသွားရောက်ပြီးအမေရိကန် ဘဏ္ဍာရေးဈေးကွက်ကို လေ့လာတော့ Wall Street အပါအဝင် Newyork Stock Exchange, အမေရိကန် ဗဟိုဘဏ်စတဲ့ နေရာတွေကိုရောက်ရှိ လေ့လာခဲ့ဖူးသလို ၂၀၀၈ - ၂၀၀၉ ခုနှစ်လောက်မှာလည်း အမေရိကန် ငွေစက္ကူရိုက်တဲ့ စက်ရုံကိုလေ့လာဖို့ ရောက်ရှိခဲ့ဖူးပါတယ်။ အဲဒါကြောင့် စတော့ရှယ်ယာဈေးကွက်နဲ့ သိပ်တော့ အဆက်ပြတ်လှတယ်လို့ မထင်ပါဘူး။ အခုလက်ရှိရန်ကုန်စတော့ဒိုင် လှုပ်ရှားမှုမှာလည်း အဆက် မပြတ်စောင့်ကြည့် လေ့လာနေတဲ့အဆင့်မှာရှိပါတယ်။ ကိုယ်တိုင် ကိုယ်ကျတော့ ပါဝင်ဆင်နွှဲနိုင်တဲ့ အခြေအနေမရှိပါဘူး။

အခုတလောမှာစတော့ရှယ်ယာနဲ့ ပတ်သက်တဲ့ စာအုပ်တွေလည်းပေါ်တယ်။ နားလည်တတ်ကျွမ်းတဲ့သူများကရေးသားကြ၊ ဘာသာပြန်ဆိုကြတာတွေ့ရသလို၊ တချို့စာအုပ်တွေမှာကြတော့ ဘာသာစကားအခက်အခဲ၊ ပညာရပ်ပိုင်းဆိုင်ရာအခက်အခဲတွေနဲ့မို့လို့ဖတ်ရရှုရတာ အဆင်မပြေတာတွေလည်းတွေ့ရပါတယ်။ ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ ဆွေးနွေးပွဲတစ်ခုမှာတော့ စတော့ရှယ်ယာနဲ့ ပတ်သက်တဲ့ ဥပဒေရေးဆွဲစဉ်ကတည်းကပါဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဆွေးနွေးတာတွေကို ကြားနာရပါတယ်။ စတော့ရှယ်ယာဈေးကွက် အရောင်းအဝယ် မလုပ်နိုင်ဘဲနဲ့ ရန်ကုန်စတော့ဒိုင်ဖွင့်တာ၊ စာရင်းပေါက်ကုမ္ပဏီ ဖြစ်ဖွယ်ရာရှိတဲ့ ကုမ္ပဏီခြောက်ခုကိုကြေညာထားတာ၊ စည်းမျဉ်းစည်းကမ်းပိုင်းမှာ အားနည်းချက် ချွတ်ယွင်းချက်တွေရှိနေတာကို သူကတော်တော်လေးဝေဖန်ပါတယ်။ အထူးသဖြင့်တော့ စာရင်းပေါက် ကုမ္ပဏီဖြစ်ဖွယ်ရာရှိတဲ့ ကုမ္ပဏီတွေကိုစိစစ်နေတဲ့အကြောင်း ကြော်ငြာတာတွေကိုလည်းသူကသဘောကျပုံမရပါဘူး။ အဲဒီအပြင် ရင်းနှီးမြှုပ်နှံတဲ့သူတွေကိုလည်းထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်မှုတွေ လုပ်ဖို့ လိုအပ်မယ်လို့လည်းသူက မြင်ပုံရပါတယ်။

ခက်တာက ကျွန်တော်တို့ မြန်မာလူမျိုးတွေမှာလည်းစိတ်အားထက်သန်မှုက လွန်ကဲနေတော့ စတော့ရှယ်ယာဈေးကွက် ရန်ကုန်ဒိုင်မှာပထမဆုံးစာရင်းပေါက် ကုမ္ပဏီတွေ ဖြစ်လာကြမယ့် ကုမ္ပဏီတွေလို့ ကြော်ငြာလိုက်တာနဲ့ အဲဒီကုမ္ပဏီများရဲ့ စတော့ရှယ်ယာဈေးနှုန်းတွေ သိသိသာသာတက်သွားတယ်ဆိုတဲ့ ကိစ္စပါ၊ ဆိုလိုတာကတော့ စိတ်အားထက်သန်မှုတွေ၊ စိတ်ခါတ်တက်ကြွမှုတွေ ရှိနေတယ်ဆိုတာတစ်နည်းအားဖြင့်တော့ ကောင်းသလိုလိုရှိပေမယ့် တစ်ဖက်ကကျတော့လည်းစိုးရိမ်စရာတွေ ဖြစ်လာပါတယ်။

စတော့ရှယ်ယာဈေးကွက်နဲ့ပတ်သက်လို့ စာအုပ်စာတမ်း တွေပေါ်ထွက်လာသလို စတော့ရှယ်ယာဈေးကွက်မှာ ရောင်းနည်းဝယ်နည်းသင်တန်းတွေ၊ ရက်တိုသင်တန်းတွေ၊ အနီးကပ်သင်တန်းတွေ ပေးမယ်ဆိုပြီးတော့လည်းသင်တန်းကြော်ငြာတွေကိုလည်း တွေ့မိပါတယ်။ အများအားဖြင့်တော့ သူတို့တစ်တွေဟာကမ္ဘာမှာကျော်ကြားနေသူတွေရဲ့နည်းလမ်းတွေ၊ ဖွံ့ဖြိုးနေတဲ့ တခြားနိုင်ငံကလုပ်ပုံလုပ်နည်းတွေစသဖြင့် သင်ကြားပေးမယ်လို့ ပြောကြဆိုကြတာတွေ့ရပါတယ်။ တကယ့် တကယ်တော့ မြန်မာနိုင်ငံမှာတကယ်တန်းရောင်းကြဝယ်ကြမယ်ဆိုရင် ရောင်းစရာဝယ်စရာကုမ္ပဏီက ခြောက်ခုလောက်ပဲရှိသေးတာတွေ့ရပါတယ်။

အဲဒီကုမ္ပဏီ ခြောက်ခုလောက်ကိုရှယ်ယာတွေ နောက်မှာဝယ်မယ်၊ ရောင်းမယ်ဆိုလည်း ရန်ကုန်စတော့ဒိုင်မှာရောင်းကြ၊ ဝယ်ကြမှာမဟုတ်ဘဲနဲ့ ကြားထဲက ဘဏ္ဍာရေးဝန်ဆောင်မှု ကုမ္ပဏီများကနေတစ်ဆင့် စာရင်းဖွင့်ပြီးတော့ ကိုယ့်ရဲ့ဘဏ်စာရင်းနဲ့ ချိတ်ဆက်ပြီးတော့မှ ရောင်းကြ၊ ဝယ်ကြရမှာ ဖြစ်ပါတယ်။ ရန်ကုန်စတော့ဒိုင်ဖွင့်တဲ့ နေ့တုန်းကဆိုရင် ငွေထုတ်ပိုက်ပြီးတော့ ရှယ်ယာဝယ်မလို့ သွားတဲ့လူတွေရှိတယ်လို့ ကြားသိရလေတော့ စတော့ရှယ်ယာနဲ့ ပတ်သက်ပြီးတော့ စိတ်ဝင်စားကြတယ်လို့ သိရပါတယ်။ ဒါကလည်းစတော့ရှယ်ယာနဲ့ ပတ်သက်ပြီးကမ္ဘာမှာဘယ်သူဖြင့် ဘယ်လိုချမ်းသာသွားတယ်ဆိုတာဖြင့် ဇာတ်လမ်းတွေကလည်း ရှိနေတာကိုး၊ တကယ်တော့ စတော့ရှယ်ယာနဲ့ ပတ်သက်ရင် ကြီးပွားတဲ့လူ အောင်မြင်တဲ့ လူနည်းနည်းပဲရှိတာပါ။ ကြားထဲက စတော့ရှယ်ယာအရောင်းအဝယ်လုပ်ပေးတဲ့ ဝန်ဆောင်မှု ကုမ္ပဏီ

> pawmh&S,f,mrS
> &if;EDS;jrSKyfEHSwmyJ zpfzpf
> tjcm;b,fudkrS
> &if;EDS;jrSKyfEHSwmyJ zpfzpf
> aemufuG,fudkoDPf
> A[kokwwdkif;a tmif
> ukpm;aezDS;vmbrku;a tmif
> aezDS;vdkw,f

တွေကတော့ ရောင်းရလည်းအကျိုးရှိ၊ ဝယ်ရလည်းအကျိုးရှိ၊ ဈေးတက်လည်းအကျိုးရှိ၊ ဈေးကျလည်းအကျိုးရှိတဲ့ သဘောရှိပါတယ်။ စတော့ရှယ်ယာတွေ ရောင်းကြဝယ်ကြပြီးအကျိုးမရှိတဲ့သူကလည်း ငြိမ်နေကြတာများပါတယ်။ သူတို့ကထိခိုက်တာ၊ ဆုံးရှုံးတာထုတ်ပြောတာလည်းနည်းပါတယ်။

အဆိုးဆုံးကတော့ ပြည်တွင်းဈေးကွက်မှာသာမက ပြည်ပဈေးကွက်မှာပါ ရွှေတွေ၊ ဒေါ်လာတွေ၊ နိုင်ငံခြားငွေတွေကို အရောင်းအဝယ် လုပ်ပေးမယ်ဆိုပြီးတော့ အတုအယောင် ပေါ်ပေါက်လာတဲ့ လုပ်ငန်းတွေ ရှိနေတာပါ။ ဒါတွေကတော့ ခေတ်အဆက်ဆက်မှာ နည်းအမျိုးမျိုးနဲ့ ပေါ်ပေါက်လာတတ်ပါတယ်။ လူတွေရဲ့ အလျင်အမြန် ဖြတ်လမ်းကတိုးတက်ချင်တဲ့စိတ်၊ ချမ်းသာချင်တဲ့စိတ်၊ မသိနားမလည်တဲ့စိတ်၊ လိုအပ်တာထက်ပိုများတဲ့ လောဘစိတ်တွေကိုအသုံးချပြီး ဒီလိုလုပ်ငန်းတွေက သူ့ကိုယ်ကျိုးအတွက် လုပ်သွားပြီးတော့ ထိထိရောက်ရောက် အရေးယူနိုင်တဲ့ အခြေအနေမျိုးမရှိသေးပါဘူး။

နောက်တစ်ခုကတော့ သင်တန်းတွေ အများကြီးမှာလည်း နိုင်ငံတကာက လုပ်ပုံလုပ်နည်းတွေ၊ လုပ်ထုံးလုပ်နည်းတွေနဲ့လာကြတယ်ဆိုပေမယ့်၊ မြန်မာနိုင်ငံရဲ့အခြေအနေကိုတော့ အဲဒီသင်တန်းတွေ အတော်များများကလေ့လာနားလည်ထားပုံမရပါဘူး။ အဲဒီလိုသင်တန်းတွေ များလာတဲ့အတွက်ခုအခါမှာဘဏ္ဍာရေးဝန်ကြီးဌာနကသင်တန်းသုံးခုရဲ့ သင်ရိုးညွှန်းတမ်းတွေ၊ သင်ပုံသင်နည်းတွေ၊ အဲဒါတွေကိုလေ့လာပြီးတော့ သက်သာတဲ့အခကြေးငွေနဲ့ သင်တန်းဖွင့်ဖို့ တရားဝင် ခွင့်ပြုလိုက်တယ်ဆိုတဲ့ သတင်းကိုလည်း ကြားသိရပါတယ်။ အဲဒီသင်တန်းများကိုလည်းစိတ်ဝင်စားတဲ့သူများက သွားလာမေးမြန်းစုံစမ်းနေတာတွေ့ရပါတယ်။

ဒီကြားထဲမှာထူးခြားတာတစ်ခုကတော့ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် ကော်မရှင်ရဲ့ဥက္ကဋ္ဌ ကိုယ်တိုင်က စတော့ရှယ်ယာရောင်းဝယ် ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်လို့ ပညာပေးဟောပြောဆွေးနွေးပွဲတစ်ခုလုပ်ခဲ့ပါတယ်။ သူကတော့ ငွေပိုငွေလျှံရှိမှ စတော့ရှယ်ယာဝယ်ဖို့ အကြံပြုပါတယ်။ ငွေပိုငွေလျှံရှိတဲ့ အခါဒါမှမဟုတ် ရုတ်တရက် ထီပေါက်လို့သော်လည်းကောင်း၊ အမွေရလို့သော်လည်းကောင်း ရတဲ့ငွေနဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့ ပြောပါတယ်။ ရင်းနှီးမြှုပ်နှံမှု လုပ်ပုံလုပ်နည်းကိုလည်း သူကပြောပြသွားသေးတယ်။ တစ်နည်းကတော့ စတော့ရှယ်ယာကို ရေရှည်ကိုင်ထားတဲ့နည်းပါ။ နောက်တစ်နည်းကကြတော့ ဝယ်လိုက်၊ ရောင်းလိုက် လုပ်တဲ့နည်းပါ။ ဒါတော့ တချို့လူတွေကဝါသနာပါကြတယ်။ တချို့ကျ ဖြန့်ထားတယ်၊ ကုမ္ပဏီတစ်ခုကိုလည်းဝယ်တယ်၊ နောက် ကုမ္ပဏီတစ်ခုကိုလည်းဝယ်တယ်၊ စတော့ရှယ်ယာလည်းဝယ်တယ်၊ ရွှေလည်းဝယ်တယ်။ ဘဏ်မှာလည်းငွေစုတယ်။ နောက်ထပ်နည်း တစ်ခုကတော့ နာမည်မကြီးပေမယ့် တချို့ကုမ္ပဏီများက နေ့ချင်း ညချင်း ကြီးပွားတိုးတက်မယ့် အရိပ်အယောင်ရှိတယ်။ ဒါပေမယ့် တချို့ကုမ္ပဏီတွေကနာမည်မကြီးပေမယ့် မှန်မှန်လေးတက်နေတယ်၊ သူ့ရဲ့ရှယ်ယာဈေးနှုန်းကလည်းမဆိုးဘူးပေါ့၊ အဲဒီလိုမျိုး လက်စလက်နလေးရှိတဲ့ ရွက်ပုန်းသီးကုမ္ပဏီလေးတွေမှာ ရင်းနှီးမြှုပ်နှံတဲ့နည်းပါ။

ဘယ်နေရာမှာပဲရင်းနှီးမြှုပ်နှံ ရင်းနှီးမြှုပ်နှံ သိထားဖို့ကောင်းတာကအဲဒီကုမ္ပဏီကဘယ်လိုကုမ္ပဏီလဲ၊ ဘယ်သူတွေက ဦးဆောင်နေတာလဲ၊ ဦးဆောင်နေတဲ့ သူတွေရဲ့ ပညာအရည်အချင်းနဲ့ သီလသမာဓိကဘယ်လိုရှိသလဲ၊ သူတို့ဘာတွေလုပ်နေသလဲ၊ သူတို့ရင်ဆိုင်နေရတဲ့ သူတို့ရဲ့အနာဂတ်စီမံကိန်းတွေကဘာလဲ၊ သူတို့ရဲ့လုပ်ငန်းမှာသမိုင်းကြောင်းအရ အရှုံးအမြတ်ကဘယ်လိုလဲ၊ နောက်တစ်ခါ သူတို့ဟာ အခြေအနေကောင်းတွေချည်းကြုံရတာ အခွင့်အလမ်းကောင်းတွေချည်း ကြုံရတာမဟုတ်ဘဲနဲ့ အခက်အခဲတွေ ဆုံးရှုံးနိုင်စရာတွေလဲ ကြုံရနိုင်တတ်လို့ အဲဒီလို ဆုံးရှုံးနိုင်စရာတွေကဘာတွေလည်းလို့ စိစစ်ပြီးမှ ရင်းနှီးမြှုပ်နှံဖို့ ပညာရှင်များက အကြံပြုကြတာတွေ့ရပါတယ်။

➲စာမျက်နှာ ၂၄သို့

# Myanmar Tha Gyee Co.,Ltd.

## မြန်မာသျှူကြီးကိုရီးယားကားနှင့် Car Spare Parts အရောင်းစင်တာ

ကိုရီးယားကားနှင့် ကားပစ္စည်းအရောင်းစင်တာ (1-2-2016)နေ့မှစ၍ အမှတ်(J-40-41)၊ သီရိရတနာဈေး၊ (၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး)သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပြီဖြစ်ပါကြောင်း မိတ်ဟောင်းမိတ်သစ်များကို အသိပေး အကြောင်းကြားအပ်ပါသည်။

**Spare Parts**





ရုံးချုပ် - အမှတ်(၇၄)၊ ပထမထပ်ညာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၁ ၂၂၇၄၆၉၊ ၀၉ ၇၃၂၁၃၀၀၂
အရောင်းဆိုင် - သီရိရတနာဈေးသစ်၊ အမှတ်(J-40-41)၊ (၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (အောင်မင်္ဂလာအဝေးပြေးကားဝင်းအနီး)
ဖုန်း - ၀၉၄၂၂၂၆၈၇၇၊ ၀၉ ၄၂၂၁၉၇၆၆၃ **Email : myanmarthagyee@gmail.vom**

# 鑽世紀有限公司

# Diamond Century Co., Ltd.

No. 33, Latha Street, Latha Township, Yangon, Myanmar.
Tel : (951) - 248012, 375891, 382386 Fax : (951) - 248012
E-mail : diamondcentury@gmail.com

## We Supplies Agricultural Products


Sultani


Black Sesame seeds


Butter Bean


Black Matpe


Brown Bean


Green Mung Bean (Wakema)


Red Kidney Bean


Green Mung Bean (Polished)

**Warehouse**

No.121 , Depeyin Winhtout U Myal Street , Industrial Zone 4 ,
Hlaing Tharyar Township . Yangon , Myanmar , Ph . (951) - 685434 , 685435 , 685743

## ပြောင်း



### ပြောင်းတန်ချိန် တစ်သောင်းခွဲတင်ပို့

ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်တာကာလအတွင်း မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၃ ဒသမ ၃၅၅ သန်းတန်ဖိုးရှိ ပြောင်း ၁၄၇၆၂ တန်ကျော်၊လွယ်ဂျယ်မှ ကန်ဒေါ်လာ သုည ဒသမ ၁၄၅ သန်းဖိုးရှိ ပြောင်းတန်ချိန် ၅၀၀ နဲ့ ကန်ပိုက်တီးမှ ကန်ဒေါ်လာ သုည ဒသမ ၀၁၃ သန်းဖိုးရှိ ပြောင်း ၄၅ တန်တင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က မူဆယ်မှ ၁၆၈၂၅ တန်ခွဲ၊ ချင်းရွှေဟော်မှ ၁၅၉၄ တန်နဲ့ မြဝတီမှ တန် ၅၀၀ တင်ပို့ခဲ့လို့ ယခုတစ်ပတ် ပြောင်းတင်ပို့မှု အနည်းငယ်လျော့နည်းခဲ့ပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းဖူးစေ့ တစ်တန်ကို ၂၈၂၅၂၃ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၂၆၅၁၇၅ ကျပ်သို့ ပြောင်းဈေးတွေ ထပ်မံကျဆင်းလျက်ရှိပါတယ်။ပြောင်းအဝင်နည်းပေမယ့် တရုတ်ဘက်ကတော့ ဝယ်လိုအားပုံမှန်ရှိကြောင်း၊ အရည်အသွေးပေါ် မူတည်ပြီး အရောင်းအဝယ်ရှိကြောင်း၊ လားရှိုးကုန်စည်ဒိုင်မှာ တစ်ပိဿာကို ၄၃၀ ကျပ်ဈေးခန့်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ တရုတ်နိုင်ငံသို့ သကြားဖြူ တန်ချိန်နှစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၄ ရက်တာ သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၁၃ ဒသမ ၅၃၁သန်း တန်ဖိုးရှိ သကြားဖြူ ၂၄၅၅၆ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်ထက် သကြားဖြူ ၇၃၀၀ တန်ကျော်ပိုမိုတင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံတွင် ၂၀၁၄ နှစ်ကုန်မှစတင်ပြီး သကြားစက်ရုံအများစုကို နည်းပညာမြင့်စက်ရုံများအဖြစ် အစားထိုးခဲ့တဲ့အတွက် တရုတ်နိုင်ငံရဲ့ သကြားထုတ်လုပ်မှုကျဆင်းခဲ့ရပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှ သကြားများပမာဏများစွာ နေ့စဉ်တင်ပို့နေရကြောင်း မူဆယ်ကုန်သည်များထံမှ သိရပါတယ်။ ဘုရင့်နောင်ကုန်စည်ဒိုင်မှာတော့ ယခင်တစ်ပတ်က လက်လီတစ်ပိဿာ ပေါက်ဈေး ၁၂၀၀-၁၂၅၀ ကျပ်ဈေးရှိရာမှ ယခုတစ်ပတ်မှာ ၁၂၅၀-၁၃၀၀ ကျပ် ဈေးသို့ ဈေးအနည်းငယ်တက်သွားတယ်လို့ သိရှိရပါတယ်။

**မြင့်မြင့်မာ**

၇-၃-၂၀၁၆ မှ ၁၁-၃-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း
ရန်ကုန်တိုင်းဒေသကြီးရုံး

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 237 | 10,959,894.636 |
| 2 | Form D | 49 | 4,483,470.000 |
| 3 | Form E | 84 | 7,143,634.320 |
| 4 | Korea GSP | 11 | 346,153.760 |
| 5 | Form AK | 53 | 2,244,102.500 |
| 6 | Form AJ | 5 | 106,771.000 |
| 7 | Form AI | 62 | 2,623,546.070 |
| 8 | Form AANZ | 1 | 12,741.600 |
| 9 | Form DFTP | - | - |
| Grand Total | | 502 | 27,920,313.886 |

## ရော်ဘာ

### ရော်ဘာဈေးနှုန်းမြင့်တက်

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၅ ရက်အထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၅၄၉ သန်းဖိုးရှိ ရော်ဘာ ၆၅၈ တန် တင်ပို့ခဲ့ပါတယ်။ ယခုတစ်ပတ်မှာ မလေးရှားနိုင်ငံသို့ RSS-3 တန် ၃၆၀ နဲ့ MSR-20 တန် ၂၀၀၊ ဂျပန်နိုင်ငံသို့ MSR-20 ၉၈ တန် တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၃၅၀ လျော့နည်းခဲ့ပါတယ်။ ရော်ဘာတင်ပို့မှု လျော့ကျခဲ့သော်လည်း ယခုတစ်ပတ်မှာ ရော်ဘာဈေးနှုန်းမြင့်တက်ခဲ့ကြောင်း သိရှိရပါတယ်။

နိုင်ငံတကာ ရော်ဘာပေါက်ဈေးမြင့်တက်လာ၍ မြန်မာ့ရော်ဘာဈေးတစ်တန်လျှင် ဒေါ်လာ ၁၀၀ ခန့် ဈေးတက်လာကြောင်း သိရှိရပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြပေးလိုက်ပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၁၀၀-၁၂၀၀** |
| **RSS 2** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၅၀-၁၁၅၀** |
| **RSS 3** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၀၀-၁၁၀၀** |
| **RSS 4** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၅၀-၁၀၅၀** |
| **RSS 5** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၀၀-၁၀၀၀** |
| **MSR (3)L** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၂၅၀-၁၃၅၀** |
| **MSR 10** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၀၀-၁၁၀၀** |
| **SR 20** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၉၅၀-၁၀၅၀** |
| **MSR 50** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၅၀ - ၉၅၀** |
| **Crepe Rubber** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၈၀၀ - ၉၀၀** |
| **Mixtures of Natural Rubber and Synthetic Rubber (99% RSS-3,1% SBR 1502)** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၁၀၅၀ -၁၁၅၀** |
| **Concentrate Latex 60% DRC** | **တစ်တန်လျှင်** | **ဒေါ်လာ** | **၆၆၀ - ၇၁၀** |

**ယဉ်ယဉ်အေး**

### အာဆီယံနိုင်ငံများမှ ရော်ဘာထုတ်လုပ်သူများ ပြည်ပသို့ ရော်ဘာတင်ပို့မှုလျှော့ချသွားမည်

မတ်လပထမပတ်က ဗီယက်နမ်နိုင်ငံအနေနဲ့ အခြားအာဆီယံအဖွဲ့ဝင် သုံးနိုင်ငံ (ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား) နည်းတူ ပြည်ပသို့ ရော်ဘာတင်ပို့မယ့် အစီအစဉ်မှာ ပူးပေါင်းပါဝင်လိုက်တဲ့အတွက် ယခုနှစ် ကမ္ဘာ့ ရော်ဘာဈေး ပြန်လည်ကောင်းမွန်လာနိုင်ချေရှိတယ်လို့ ခန့်မှန်းနေကြပါတယ်။

Von Bundit ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌနဲ့ ထိုင်းရော်ဘာအသင်းရဲ့ အထွေထွေအတွင်းရေးမှူးလည်းဖြစ်တဲ့ Bundit Kerdvongbundit က အပြည်ပြည်ဆိုင်ရာ ရော်ဘာအဖွဲ့အစည်းရဲ့ စီမံချက်ဖြစ်တဲ့လာမယ့် ခြောက်လတာကာလအတွင်း ရော်ဘာ ထွက်ရှိမှုရဲ့ ၁၅ ရာခိုင်နှုန်းကိုသာ ပြည်ပသို့ တင်ပို့မယ့်အစီအစဉ်ကို ပူးပေါင်းဆောင်ရွက်ရန် ဗီယက်နမ်နိုင်ငံက သဘောတူညီလိုက်ပြီဖြစ်ကြောင်း မတ်လပထမပတ်က ပြောကြားခဲ့ပါတယ်။

သုံးနိုင်ငံက ကားလမ်းနဲ့ မီးရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းအပါအဝင် ပြည်တွင်းရော်ဘာသုံးစွဲမှုကို တိုးမြှင့်သုံးစွဲသွားရန် သဘောတူညီခဲ့ကြပါတယ်။ ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံက ပြည်ပသို့ ရော်ဘာ တန်ချိန်သုံးသိန်းစီနဲ့ အင်ဒိုနီးရှားနိုင်ငံက နှစ်သိန်းကျော်လျှော့ချတင်ပို့သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ထိုင်းနိုင်ငံမှ ရော်ဘာ တန်ချိန် ၃ ဒသမ ၈ သန်း၊ အင်ဒိုနီးရှားနိုင်ငံမှ တန်ချိန် တစ်သန်းနဲ့ မလေးရှားနိုင်ငံမှ တန်ချိန် လေးသိန်း အသီးသီးတင်ပို့ခဲ့ပါတယ်။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနဲ့ ဗီယက်နမ် လေးနိုင်ငံတို့ရဲ့ ရော်ဘာတင်ပို့မှုဟာ ကမ္ဘာ့ရော်ဘာ စုစုပေါင်းထုတ်လုပ်မှုရဲ့ ၇၀ ရာခိုင်နှုန်းရှိပါတယ်။ လတ်တလောမှာတော့ ဗီယက်နမ်နိုင်ငံအနေနဲ့ ၁၅ ရာခိုင်နှုန်း လျှော့ချတင်ပို့ရန်မူဝါဒ ချမှတ်သူများရဲ့ အတည်ပြုချက်ကို ရရှိရန်စောင့်ဆိုင်းနေဆဲဖြစ်ပါတယ်။

ထုတ်လုပ်မှုများပြားခြင်း၊ တရုတ်နိုင်ငံရဲ့ ဝယ်လိုအားလျော့နည်းလာခြင်းတို့ကြောင့် ၂၀၀၉ ခုနှစ်ကစပြီး ကမ္ဘာ့ရော်ဘာဈေး တဖြည်းဖြည်းချင်းကျဆင်းလျက်ရှိနေပါတယ်။ လက်ရှိမှာ ရော်ဘာစိမ်း တစ်ကီလိုဂရမ်ကို ၄၅ ဘတ် ဈေးပေါက်သော်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်မှာ တစ်ကီလိုဂရမ်ကို ၅၅ ဘတ်မှ ဘတ် ၆၀ ကြားသုံးစွဲ နေရတဲ့အတွက် ထုတ်လုပ်မှုစရိတ်ကပိုများနေပါတယ်။ ထိုင်းနိုင်ငံက တစ်နှစ်ကို ရော်ဘာတန်ချိန် ၄ ဒသမ ၅ သန်း၊ အင်ဒိုနီးရှားက တန်ချိန် ၃ ဒသမ ၇ သန်း၊ မလေးနိုင်ငံက တန်ချိန် ၇ သိန်းနဲ့ ဗီယက်နမ်နိုင်ငံက တန်ချိန် ၁ ဒသမ ၁ သန်းမှ ၁ ဒသမ ၂ သန်းထုတ်လုပ်ပါတယ်။

မတ်မှ ဇွန်ထိ လေးလတာကာလမှာ ရော်ဘာထုတ်လုပ်မှုကိုကန့်သတ်ထားရှိမှာဖြစ်ကြောင်း၊ အဲဒီအချိန်ဟာ ရော်ဘာပင်များ အရွက်ကြွေချိန်ဖြစ်ပြီး ရော်ဘာအစေးခြစ်လုပ်ငန်းလည်း ရပ်နားချိန်ဖြစ်ပါတယ်။ စိုက်ဧက လျှော့ထားတဲ့အတွက် ထိုင်းနိုင်ငံရဲ့ ယခုနှစ် ရော်ဘာအထွက်နှုန်းဟာ ၅ ရာခိုင်နှုန်းခန့် ကျဆင်းမယ်လို့ သိရပါတယ်။

**CMK**

### ယခုဘဏ္ဍာနှစ် ၁၁ လကျော်ကာလအတွင်း ဂျုံစေ့နဲ့ ဂျုံမှုန့် တန်ချိန်သုံးသိန်းကျော် တင်သွင်းပြီးဖြစ်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် မတ် ၄ ရက်အထိ (၁၁) လကျော်ကာလအတွင်း ပြည်ပမှ ဂျုံမှုန့်နဲ့ ဂျုံစေ့ တင်သွင်းမှုမှာ တန်ချိန်သုံးသိန်းကျော် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀၃ သန်းနီးပါး တင်သွင်းထားပြီးဖြစ်ပါတယ်။ ယမန်နှစ်ကာလတူထက် ဂျုံစေ့ပိုမိုတင်သွင်းသော်လည်း ဂျုံမှုန့် တင်သွင်းမှု လျော့နည်းခဲ့ပါတယ်။

| ပစ္စည်းအမျိုးအမည် | | ယခုနှစ်တင်သွင်းမှု | ယမန်နှစ်တင်သွင်းမှုထက် (ပို/လို) |
|---|---|---|---|
| ဂျုံစေ့ | ကန်ဒေါ်လာ | ၁၀၁. ၈၃၅ | ၁၇. ၈၅၂ |
| | တန်ချိန် | ၃၃၉၁၀၈. ၄၂၆ | ၆၃၈၄၇. ၃၁၃ |
| ဂျုံမှုန့် | ကန်ဒေါ်လာ | ၁. ၁၂၄ | - ၁. ၅၄၇ |
| | တန်ချိန် | ၃၁၇၆. ၀၀၀ | - ၃၁၂၈. ၀၀၀ |

**MIRT**

# Colgate-Palmolive ၏ ကျပ်၅၄သိန်းတန်ဖိုးရှိ ဒုတိယမြောက်ပညာသင်ဆုကို မြောက်ဥက္ကလာပမြို့နယ်မှ မထက်နွယ်လင်း ရရှိ

Colgate-Palmolive ၏ ၂၀၁၆ ခုနှစ်အတွက် Colgate ပညာသင်ဆုအစီအစဉ်၏ ကျပ် ၅၄သိန်း တန်ဖိုးရှိ ဒုတိယမြောက် ပညာသင်ဆုကို မြောက်ဥက္ကလာပမြို့နယ်မှ အသက် ခုနစ်နှစ်အရွယ်ရှိ ကျောင်းသူ မထက်နွယ်လင်း က ဆွတ်ခူးရရှိခဲ့ကြောင်း Colgate-Palmolive ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။



မထက်နွယ်လင်း၏ မိခင်ဖြစ်သူ ဒေါ်ဝေမာလွင်သည် သမီးအတွက် ဖိနပ်အသစ်တစ်ရန် ဝယ်ယူရန် အိမ်အနီးရှိ'စျ' ဈေးသို့ သွားရောက်ခဲ့ရာ ဖိနပ်နှင့်အတူ Colgate Super Strong သွားတိုက်ဆေးနှစဘူးကိုပါ ဝယ်ယူခဲ့ရာမှ အဆိုပါဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

မထက်နွယ်လင်းသည် အ-မ-က (၁၂)မြောက်ဥက္ကလာပမြို့နယ်တွင် ဒုတိယတန်း၌ ပညာသင်ကြားနေသည့် ကျောင်းသူတစ်ဦးဖြစ်ပြီး ဉာဏ်ကောင်းသည်ဟု ဆရာဆရာမများ၏ ချီးကျူးခြင်းခံရသည့် ကျောင်းသူတစ်ဦးဖြစ်ကြောင်း သိရသည်။

၎င်း၏မိခင်ဖြစ်သူဒေါ်ဝေမာလွင်က "သမီးအတွက် ဒီပညာသင်ဆုက တကယ်ကို အထောက်အကူဖြစ်လို့ အခုလိုဆုရတာကို အရမ်းပဲဝမ်းသာပါတယ်။ ကျွန်မတို့သမီးလေးရဲ့ အနာဂတ် ပညာရေးအပြင် ကျန်းမာရေးကိုလည်း ကျွန်မတို့မျှော်မှန်းထားတဲ့အတိုင်း ဖြစ်လာအောင် အကောင်းဆုံး ကြိုးစားလုပ် ဆောင်သွားဖို့ ဆုံးဖြတ်ထားပါတယ်"ဟု ပြောကြားခဲ့သည်။

Colgate အင်ဒိုချိုင်းနား၏ အထွေထွေမန်နေဂျာ Mr. Kunal Chadha က "Colgate ဟာ ကမ္ဘာ့နံပါတ်တစ်သွားတိုက်ဆေးဖြစ်တာနဲ့ အညီ လူငယ်တွေရဲ့ ပညာရေးကို မြှင့်တင်တဲ့နေရာမှာ အထောက်အပံ့တွေ ပြုလုပ်သွားဖို့ ဆန္ဒရှိသလို အကူအညီ အမှန်တကယ် လိုအပ်နေသူတိုင်းကိုလည်း အခွင့်အလမ်းတွေပေးချင်ပါတယ်။ အခုလို ငယ်ရွယ်တဲ့ကျောင်းသူကလေး တစ်ယောက်က ကျွန်တော်တို့ရဲ့ သွားတိုက်ဆေးနဲ့ ပညာသင်ဆု နှစ်ခုလုံးကို အသုံးပြုပြီး အကျိုးကျေးဇူးရရှိမှာဖြစ်လို့ အရမ်းပဲဝမ်းသာမိပါတယ်။ ကျွန်တော်တို့အနေနဲ့ မထက်နွယ်လင်းနဲ့မိသားစုကို အထူးပဲဂုဏ်ပြုပါတယ်။ အခုဆိုရင် ၅၄ သိန်းတန် ပညာသင်ဆု နောက်တစ်ဆု ကျန်ရှိနေပါသေးတယ်။ ဒါကြောင့်မို့ အားလုံးပဲကံထူးကြပါစေ၊ Colgate ကို ပျော်ရွှင်စွာ သုံးစွဲနိုင် ကြပါစေလို့ ဆုတောင်းပေးပါတယ်" ဟု ပြောသည်။

ယခုပညာသင်ဆုအစီအစဉ်တွင် ပညာသင်ဆု ဆွတ်ခူးရရှိသူများကို ပညာသင်ဆုအစီစဉ်ကာလတစ်လျှောက် ကြေညာပေးသွားမည်ဖြစ်ပြီး ဆုရရှိသူများကို ပညာသင်ဆုအစီအစဉ်ပြီးဆုံးချိန် ဧပြီ ၁၅ရက် နောက်ပိုင်းတွင် ဆုများအား ချီးမြှင့်ပေးအပ်သွားမည်ဖြစ်သည်။ ယခုအစီအစဉ်နှင့် ပတ်သက်သည့် အသေးစိတ်သတင်းအချက်အလက်များကို အစီအစဉ်ပြီးဆုံးချိန်တွင် ထပ်မံအသိပေး ကြေညာသွားမည်ဖြစ်ကြောင်းသိရသည်။

**မယ်သီတာ**

သင့်ကျန်းမာရေး

# ပြင်းထန်ဝမ်းပျက် ဝမ်းလျှောရောဂါ (cholera)

**ဒေါက်တာလွင်သန့်**

**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောမှာ** ဘိုင်ဘရီရိုကော်လာလေး (Vibrio cholera) ရောဂါပိုးပါရှိတဲ့ မသန့်ရှင်းတဲ့ရေနဲ့ အစားအစာများ စားသောက်မိခြင်းမှ ကူးစက်ဖြစ်ပွားတယ်။

**ဝမ်းရောဂါပိုးဟာ ရောဂါရှိသူ** စွန့်ပစ်လိုက်တဲ့ မစင်မှာပါဝင်တယ်။ ဝမ်းလျှောရောဂါပြင်းထန်တဲ့အခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့်ဓာတ်ဆားများ လျင်လျင်မြန်မြန်ကုန်ခမ်းသွားလို့ အရည်ခမ်းခြောက်ခြင်းဖြစ်စေတယ်။ ရောဂါ ပြင်းထန်ရင် အသက်ဆုံးရှုံးနိုင်တယ်။

ရောဂါပျိုးစအချိန်မှာ နာရီအနည်းငယ်မှ ငါးရက်အထိဖြစ်တယ်။

ရောဂါဖြစ်ပွားခြင်းမှ ရှောင်ရှားဖို့ ရေကိုကျိုချက်သောက်ရမယ်။ အစားအစာများ ယင်မနားစေဖို့ဖုံးအုပ်ထားရမယ်။ အစားအစာပူပူနွေးနွေးစားရမယ်။ ယင်နားစာ၊ အမှည့်လွန်အသီးများမစားသင့်ပါ။ သန့်ရှင်းတဲ့ယင်လုံအိမ်သာအသုံးပြုရမယ်။ အစာမစားမီနဲ့ အိမ်သာမှဆင်းရင် လက်ကိုဆပ်ပြာ၊ ရေတို့နဲ့ စက္ကန့် ၂၀ မျှ စင်ကြယ်အောင် ဆေးကြောဖို့လိုတယ်။

**လူနာရဲ့အဝတ်အစားများကို** သောက်သုံးရေကန်များအနီး မလျှော်ဖွပ်သင့်ပါ။ ဆေးရုံတက်လူနာများ ဆေးရုံမှာသီးသန့်လျှော်ဖွပ်၊ နေပူလှန်း၊ မီးပူတိုက်ရမယ်။

**ပြင်းထန်တဲ့လက္ခဏာရှိရင်** အသက်ဆုံးရှုံးမှုမှ ကာကွယ်ဖို့ အနီးဆုံး ကျန်းမာရေးဌာနဆီ သွားရောက်ဆေးကုသမှုခံယူရမယ်။

ရေတွင်းရေကန်များကို ဘရီးချင်ပေါင်ဒါ (Bleaching powder) ဆေးခတ်ပေးရမယ်။

**ရေဂါလန်ပေါင်းတွက်နည်းမှာ** ရေတွင်းအချင်းနှစ်ထပ်ကိန်းကို ရေအနက်ငါးဆနဲ့မြှောက်ရမယ်။ ရေကန်များအတွက်က ရေကန်အလျား၊ အနံနှင့် အနက်ကို မြှောက်ပြီး ( ၆ ဒသမ ၂၅ )နှင့်မြှောက်ရမယ်။ ရေဂါလန်တစ်ထောင်မှာ ဘရီးချင်းအမှုန့်အောင်စဝက်မှ တစ်အောင်စ (ဟင်းစားဇွန်းနှစ်ဇွန်းခတ်ပြီး၊ မိနစ် ၃၀ စောင့်ပြီးမှ သုံးဖို့လိုအပ်မှာ ဖြစ်ပါတယ်။

**လက်နှိပ်တုံကင် (အဝီစီတွင်း)** မှာ ဆေးခတ်ဖို့အတွက် ဆေးမှုန့်ဟင်းစားဇွန်းနှစ်ဇွန်းကို ရေခွက်တစ်ခုမှာ ဖျော်ပြီး၊ လက်နှိပ်တုံကင်ထဲလောင်းထည့်ရမယ်။ မိနစ် ၃၀ စောင့်ပြီး ရေငါးပုံးစာခပ်ထုတ်ပြီးမှ အသုံးပြုသင့်ပါတယ်။

**ကျန်းမာရေးပညာပေးခြင်းအနေနဲ့** ယင်နှိမ်နင်းရေး၊ လောက်လန်းနှိမ်နင်းရေး၊ အစားအစာများဖုံးအုပ်ထားရေး၊ အစားအစာများနွေးပြီးမှစားဖို့၊ စားကြွင်းစားကျန်များ စနစ်တကျစွန့်ပစ်ဖို့၊ ရေကျက်အေးသာသောက်ဖို့၊ ယင်လုံအိမ်သာသုံးဖို့၊ ရေအရင်းအမြစ်များတွင် ဘရီးချင်းပေါင်ဒါ (Bleaching powder) ထည့်ခတ်ပါ။

# ပန်းလှိုင်စီလုံဆေးရုံကြီးအား Joint Commission International(JCI)အသိအမှတ်ပြု လက်မှတ်ရယူနိုင်ရန် ဆောင်ရွက်လျက်ရှိ




နိုင်ငံတကာအဆင့်မီ ကျန်းမာရေးဝန်ဆောင်မှုများအား ဆောင်ရွက်ပေးလျက်ရှိသည့် ပန်းလှိုင်စီလုံဆေးရုံကြီးအနေဖြင့် နိုင်ငံတကာအသိအမှတ်ပြုJoint Commission International (JCI)၏ လက်မှတ်ကိုရယူနိုင်ရန်အတွက် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း ပန်းလှိုင်စီလုံဆေးရုံကြီး၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

JCI သည် အမေရိကန်နိုင်ငံတွင် အခြေစိုက်သည့် အကျိုးအမြတ်မယူသည့်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး လူနာများ ဘေးကင်းလုံခြုံစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုအကောင်းဆုံးစံနှုန်းများ၊ နည်းလမ်းများကို ပံ့ပိုးကူညီနေသည့်အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။

ပန်းလှိုင်စီလုံဆေးရုံကြီး အနေဖြင့် အဆိုပါ JCI ၏ လက်မှတ်ရယူခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်ရန် စင်ကာပူနိုင်ငံရှိ ထိပ်တန်းဆေးရုံများတွင် ကျန်းမာရေးစီမံခန့်ခွဲမှု အတွေ့အကြုံ ခြောက်နှစ်ကျော်ရှိခဲ့သည့် ဒေါက်တာကျော်ကိုသက်က တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

"အခုလို မိမိနိုင်ငံအတွက် ပြန်လာပြီး ကျန်းမာရေး အဆင့်မြှင့်တင်မှုမှာ ဦးဆောင်ပါဝင်ခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံ အနေနဲ့ နိုင်ငံတကာအဆင့်မီ ကျန်းမာ ရေးဝန်ဆောင်မှုတွေပေးနိုင်မှာဖြစ်လို့ ပန်းလှိုင်ဆေးရုံက ဝန်ထမ်းတွေအားလုံး ကလည်း JCI လက်မှတ်ရရှိဖို့အတွက် ရည်မှန်းထားကြပါတယ်။ ပန်းလှိုင်စီလုံဆေးရုံကြီးဟာ ၂၀၁၇ခုနှစ် နှစ်လယ်ပိုင်းမှာ အမေရိကန်ကျန်းမာရေးစောင့်ရှောက်မှုစံနှုန်းများကို လိုက်နာကျင့်သုံးနေတဲ့ ပထမဦးဆုံးသော မြန်မာဆေးရုံတစ်ရုံဖြစ်တယ်လို့ ကြေညာနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ဒေါက်တာကျော်ကိုသက်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင်JCI အသိအမှတ်ပြုဆေးရုံမရှိသေးသော်လည်း အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံတွင် ၄၂ရုံ၊ စင်ကာပူနိုင်ငံတွင် ၁၀ ရုံ စသည်ဖြင့် အသီးသီးရှိနေပြီဖြစ်ကြောင်းသိရသည်။

ပန်းလှိုင် စီလုံဆေးရုံကြီး၏ ရည်မှန်းချက်မှာ အရည်အသွေးမီဝန်ဆောင်မှုများကို မြန်မာပြည်သူများအတွက်အလွယ်တကူ ရရှိစေရေးပင်ဖြစ်ကြောင်း သိရသည်။

အဆိုပါရည်မှန်းချက် အောင်မြင်ရေးအတွက် JCI အသိအမှတ်ပြုဆေးရုံဖြစ်လာရန် အရေးကြီးကြောင်း၊ JCI အသိအမှတ်ပြုဆေးရုံဖြစ်လာပါက မိမိနိုင်ငံအတွင်းမှာပင် လူမျိုး၊ ဓလေ့ထုံးစံ၊ ဘာသာစကားအခက်အခဲများမရှိတော့ဘဲ ကုန်ကျစရိတ်သက်သာစွာဖြင့် ဆေးကုသနိုင်မည့်နိုင်ငံတကာအဆင့်မီဆေးရုံ တစ်ရုံ ပေါ်ထွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မယ်သီတာ**

# ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းခွင်ဆိုင်ရာ သီးသန့်အလုပ်အကိုင်ပြပွဲ ပြသမည်

ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းခွင်ဆိုင်ရာ သီးသန့်အလုပ်အကိုင်ပြပွဲ တစ်ခုကို Work.com.mm အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေးမှ ဦးဆောင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အလုပ်အကိုင်ရှာဖွေရေး သီးသန့်ပြပွဲကို မတ် ၂၇ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park တွင် နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြပွဲကို ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်းကြီးများအတွက် လိုအပ်လျက်ရှိသည့် အရည်အချင်းမီ ဝန်ထမ်းများရရှိနိုင်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း Work.com.mm ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါပြပွဲကြီးတွင် ပြည်တွင်း ပြည်ပအခြေစိုက်ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းကြီးများမှ ဝန်ထမ်းလိုအပ်ချက်များအလိုက် ခေါ်ယူသွားမည်ဖြစ်ရာ လက်ရှိတွင် Max Hotel Group, Lake Garden နှင့် Hotel Amara စသည့်ဟိုတယ်လုပ်ငန်းစုများအပါအဝင် အခြားသောဟိုတယ်လုပ်ငန်းကြီးများကလည်း ဝန်ထမ်းများ ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

Work.com.mm ၏ ဒုတိယအကြိမ်မြောက် အလုပ်အကိုင်ပြပွဲကြီးကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၆ရက်နှင့် ၁၇ရက်တို့တွင်ကျင်းပခဲ့ရာ ပြည်တွင်းပြည်ပမှ ကုမ္ပဏီပေါင်း ၃၀ ကျော်ပါဝင်၍ ဝန်ထမ်းများခေါ်ယူခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်အကိုင်ပြပွဲသို့ လာရောက်ခဲ့သူပေါင်း ၁၇၀၀၀ ကျော်ရှိခဲ့ပြီး ဝန်ထမ်းပေါင်း ၃၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ ယင်း Work.com.mm ၏ ဝက်ဘ်ဆိုက်မှတစ်ဆင့် ဟိုတယ်လုပ်ငန်းခွင်နှင့်ဆိုင်သောအလုပ်ကို လျှောက်ထားရန် လျှောက်လွှာတင်ထားသူပေါင်း ခုနစ်ထောင်ဝန်းကျင်တွင်ရှိနေပြီး လုပ်ငန်းရှင်များအနေဖြင့် အွန်လိုင်းမှသာမက အော့ဖ်လိုင်းမှပါ ဝန်ထမ်းခေါ်ယူနိုင်ရန် ဟိုတယ်နှင့် အသက်မွေးမှုသင်တန်းကျောင်းများနှင့်ချိတ်ဆက်၍ အဆိုပါပြပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

# Vietjetနှင့် Pratt & Whitney ကုမ္ပဏီတို့ အမေရိကန်ဒေါ်လာ သုံးဘီလီယံကျော် တန်ဖိုးရှိသည့် အင်ဂျင်ပိုင်းဆိုင်ရာ သဘောတူညီချက်အား လက်မှတ်ရေးထိုး




Vietjet နှင့် Pratt & Whitney ကုမ္ပဏီတို့သည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၄ ဘီလီယံတန်ဖိုးရှိသည့် အင်ဂျင်ပိုင်းဆိုင်ရာ သဘောတူညီချက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ကြောင်း Vietjet၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါ သဘောတူညီချက်စာချုပ်တွင် Vietjet လေကြောင်းလိုင်းအနေဖြင့် ၎င်းတို့၏ A320neo နှင့် A321neo အမျိုးအစားလေယာဉ်များ၏ အင်ဂျင်ပါဝါ ပိုမိုမြင့်မားစေရန်အတွက်Pure Power Geared Turbonfan(GTF) အင်ဂျင်ကို သုံးစွဲရန်အတွက် United Technologies Corporation မှ Pratt & Whitney ကုမ္ပဏီနှင့်စာချုပ် ချုပ်ဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ စာချုပ်ချုပ်ဆိုရခြင်းမှာ ၂၀၁၆ ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ခရီးသွားပြည်သူများအား ဝန်ဆောင်မှုများပေးရာ၌ ပိုမိုတိုးတက်ကောင်းမွန်စေရန်အတွက် ပြုလုပ်သည့်အဓိက သဘောတူညီချက် သုံးရပ်အနက်မှ တစ်ခုဖြစ်ကြောင်း သိရသည်။

Vietjet ၏ အကြီးအကဲနှင့်အမှုဆောင်အရာရှိချုပ်ဖြစ်သူ ငုယင်သီဖောင်သို က Pure Power Geared Turbonfan(GTF) အင်ဂျင်ကို ကျွန်မတို့ရဲ့ A320neo နဲ့ A321neo ဂျက်လေယာဉ်အုပ်စုအတွက် ရွေးချယ်ခွင့်ရရှိခဲ့တာကို ကျေနပ်မိပါတယ်။ ဆီစားသက်သာစေဖို့ ထုတ်လုပ်ထားတဲ့ သူတို့ရဲ့ဒီဇိုင်းနဲ့ကာဗွန်ဒိုင်အောက်ဆိုက်စွန့်ထုတ်မှုနည်းခြင်းကြောင့် လေယာဉ်ရဲ့လုပ်နိုင်စွမ်းအားကို တိုးမြှင့်ပေးနိုင်မယ့်အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းကာကွယ်ရာရောက်ပါတယ်။ ပြီးတော့ ခရီးသည်တွေအတွက်လည်းပိုပြီး စျေးသက်သာတဲ့ လက်မှတ်တွေကို ရောင်းချပေးနိုင်မှာဖြစ်ပါတယ်" ဟု အဆိုပါသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

Vietjet အနေဖြင့် A320/A321 လေကြောင်းနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းကျောင်းတစ်ကျောင်းကို ဗီယက်နမ်နိုင်ငံဟိုချီမင်းမြို့တွင် တည်ထောင်ရန်အတွက် Airbus နှင့်လည်းကောင်း၊ အစိတ်အပိုင်းများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းဝန်ဆောင်မှုများအတွက် ဆွစ်ဇာလန်ကုမ္ပဏီတစ်ခုဖြစ်သည့် SR Technics နှင့်လည်းကောင်း သဘောတူညီမှုစာချုပ်တစ်ရပ်ကို ဖေဖော်ဝါရီလ ၁၇ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**မယ်သီတာ**




# MPT က မဟာသင်္ကြန်ကာလကို ရန်ကုန်တွင် Lucky Handနှင့် မန္တလေးတွင် Iron Crossတို့ဖြင့် ဆင်နွှဲမည်

ကျရောက်တော့မည့် မဟာသင်္ကြန်ကာလတွင် MPT အနေဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် မဟာသင်္ကြန်မဏ္ဍပ်များတည်ဆောက်၍ဆင်နွှဲသွားမည်ဖြစ်ရာ အဆိုပါမဏ္ဍပ်များတွင် ပေါ့ပ်နှင့်ရော့ခ်ဂီတတို့ဖြင့် ဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။ MPT ၏ ရန်ကုန်မြို့တွင် ဆင်နွှဲမည့် မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် Lucky Hand ဂီတဝိုင်းဖြင့်လည်းကောင်း၊ မန္တလေးမြို့တွင်ဆင်နွှဲမည့် မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် Iron Cross ဂီတဝိုင်းဖြင့်လည်းကောင်း ပျော်ရွှင်စွာရေကစားကြမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့၏ ကျက်သရေဆောင်ဖြစ်သည့် ကျုံး၏မြောက်ဘက်တွင် တည်ဆောက်ထားမည့် MPT ရေကစားမဏ္ဍပ်တွင် မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသော ရော့ခ်ဂီတအဖွဲ့ဖြစ်သည့် Iron Cross မှ ပင်တိုင်အဆိုတော် လေးဖြူ၊ အငဲ၊ မျိုးကြီး၊ ဝိုင်ဝိုင်းတို့က လိဒ်ဂစ်တာ ချစ်စမ်းမောင်၊ ဘေ့စ်ဂစ်တာ ခင်မောင်သန့်၊ ကီးဘုတ်ဗညားနိုင်၊ ဒရမ်မာ ခရမ်းတို့နှင့်အတူ ပရိသတ်များအား ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့ ပြည်လမ်းပေါ်ရှိ MPT ၏ ရေကစားမဏ္ဍပ်တွင် Lucky Hand တီးဝိုင်းအဖွဲ့နှင့်အတူ ပေါ့ပ်၊ ရော့ခ်အဆိုတော်များဖြစ်သည့် ဝိုင်းစုခိုင်သိန်း၊ ချစ်ကောင်း၊ မေလ၊ အောင်ထက်၊ ဂရေဟမ်နှင့် နုနုစိန်တို့က ဖျော်ဖြေပေးသွားမည်ဖြစ်သည်။ MPT-KGSM ၏ Chief Commercial Officer ဖြစ်သူ မစ္စတာကိုအိချိကာဝါဆဲက "သင်္ကြန်ပွဲတော်ဟာ မြန်မာလူမျိုးတို့အတွက်ပျော်စရာအကောင်းဆုံးနဲ့ အထင်ကရအဖြစ်ဆုံးပွဲတော်တစ်ခုပါ။ သုံးစွဲသူ ၁၉ သန်းကျော်ရှိနေတဲ့ မြန်မာနိုင်ငံရဲ့ အကြီးဆုံးဆက်သွယ်ရေးကုမ္ပဏီအနေနဲ့ ရန်ကုန်နဲ့ မန္တလေးမှာ အကောင်းဆုံးတေးဂီတအဖွဲ့တွေနဲ့ ပြည်သူတွေကိုဖျော်ဖြေနိုင်အောင် စီစဉ်ပေးနိုင်တဲ့အတွက် ကျေနပ်မိပါတယ်"ဟု ပြောကြားခဲ့သည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်း | ၆၅၀ စ/ပေ | (၇) လွှာ၊ အခန်းဖွဲ့ | ၃၅၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၂။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက် | (၁၂.၅×၄၅) ပေ | (၄) လွှာ | ၇၀၀ သိန်း | လမ်းမနီး | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၃။ | မြေ | ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၄) ရပ်ကွက် | (၄၀×၆၀) ပေ | မြေသီးသန့် | ၉၅၀ သိန်း | ညှိနှိုင်း | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | မြေ | ဒဂုံမြို့သစ် (မြောက်ပိုင်း) (၄၇) ရပ်ကွက် | (၄၀×၆၀) ပေ | မြေသီးသန့် | ၈၀၀ သိန်း | ညှိနှိုင်း | ၀၉/၉၇/၆၂၁၁၂၃ |
| ၅။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးလမ်းအနီး | (၄၀×၆၀) ပေ | | ၈၀ သိန်း | | ၀၉/၉၇/၆၂၁၁၂၃ |
| ၆။ | မြေ/အိမ် | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂) ရပ်ကွက်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ပေ | BN (၁) ထပ် | ၂၃၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁) ရပ်ကွက် | ၇၅၀ စ/ပေ | (၄) လွှာ၊ အခန်းဖွဲ့ | ၄၅၀ သိန်း | လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | ပြင်ဦးလွင်မြို့နယ်၊ ညောင်နီရွာ | (၆၀×၆၀) ပေ | မြေ (၂) ကွက်တွဲ (၃၀×၆၀) ပေ | ၁၈၀ သိန်း | | ၀၉/၅၁/ ၁၇၂၆၂ |
| ၉။ | မြေ/အိမ် | ပြင်ဦးလွင်မြို့နယ်၊ ပြည်တော်သာ (၄) လမ်း | (၃၀×၅၀) ပေ | RC (၁) ထပ် | ၁၃၅၀ သိန်း | လမ်းထောင့် လမ်းသန့် | ၀၉/၅၁/၁၇၂၆၂ |

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၂၈ သိန်း | 1.3 ဓာတ်ဆီ |
| ၂။ | ကိုရိုလာဗင် (97) | စီစီ (တက်စီ) | ၁၂၀ သိန်း | 2.0 ဓာတ်ဆီ |
| ၃။ | ဗီလ်ဒါဗင် (၂၀၁၀) | ယာယီ | ၂၁၅ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၆၅ သိန်း | 2.4 ဓာတ်ဆီ |
| ၅။ | စူဇူးကီးဆွဖ် | 5H | ၉၅ သိန်း | 1.3 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါဖစ် | 9H | ၁၂၅ သိန်း | 1.3 ဓာတ်ဆီ |
| ၇။ | ပရိုဘောက် (၂၀၁၀) | 1J | ၁၁၅ သိန်း | 1.5 ဓာတ်ဆီ |
| ၈။ | ပါဆို (၂၀၁၀) | ယာယီ | ၁၁၀ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | ဟိုက်ဂျက် (၂၀၀၇) | ယာယီ | ၈၀ သိန်း | 660 ဓာတ်ဆီ |

# ပြည်ပပို့ကုန်ဈေးကွက်သို့ သီဟိုဠ်စေ့ တိုးမြှင့်တင်ပို့နိုင်ရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပပြုလုပ်

ဧရာဝတီတိုင်းဒေသကြီး ပြည်ပပို့ကုန်များတွင် တစ်ခုအပါ အဝင်ဖြစ်တဲ့ သီဟိုဠ်ကိုဈေးကွက်သို့ တိုးမြှင့်တင်ပို့နိုင်ရေး၊ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပြည်ပနှင့်တိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်နိုင်ရေးနှင့် သီဟိုဠ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြား ရေးမှူး ဦးခင်မောင်လှိုင်၊ သုတေသန နှင့် နည်းပညာဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးထွန်းထွန်းနှင့်၊ ဒုတိယဦးစီးမှူး ဦးအောင်ငွေတို့သည် မြို့နယ်ဦးစီးမှူး ဦးထွန်းမင်းလတ် ပူးပေါင်းပါဝင်လျက် မတ် ၆ ရက် နံနက် ပိုင်းတွင် သာပေါင်းမြို့နယ် လေ့ကြီးတက်ကျေးရွာသို့ သွားရောက်ကာ ဒေသခံ သီဟိုဠ် စိုက်တောင်သူ ကုန်သည်၊ ကုန်ချောထုတ်လုပ်သော လုပ်ငန်းရှင်များနှင့် သွားရောက်တွေ့ဆုံပြီး သီဟိုဠ်ဈေးကွက်တိုးမြှင့်တင်ပို့နိုင်ရေး နည်းပညာပေး ဆွေးနွေးပွဲ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ထိုသို့တွေ့ဆုံခဲ့ရာတွင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က မိမိတို့ဌာနအနေဖြင့် ပို့ကုန်မြှင့်တင်ရန်နှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ကုန်သွယ်မှု မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတကာနှင့်ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း လုပ်ငန်းရှင်တစ်ဦးချင်းဆောင်ရွက်ခြင်းထက် ဒေသအာဏာပိုင် သက်ဆိုင်ရာ ဌာနဆိုင်ရာများ သီဟိုဠ်အသင်းအဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ လိုအပ်သည့် အခက်အခဲများကိုလည်း မိမိတို့ဌာနမှ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပါတယ်။

သုတေသနနှင့် နည်းပညာဌာနခွဲ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းက သီဟိုဠ်စိုက်ပျိုးတဲ့တောင်သူများအနေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်ရောင်းချပါက အနည်းငယ်သာရောင်းချနိုင်မှာဖြစ်၍ အသင်းအဖွဲ့အနေဖြင့် ရောင်းချပါက ပစ္စည်းအရေအတွက်များများ ပိုမိုရောင်းချနိုင်မှာဖြစ်ကြောင်း၊ ပြည်ပဈေးကွက်သို့ တိုးချဲ့ဆောင်ရွက်ရန် အသင်းအဖွဲ့များလိုအပ်ပြီး နိုင်ငံတကာဈေးကွက်ကို တင်ပို့မည်ဆိုပါက ကုန်ပစ္စည်းအရည်အသွေးနှင့် နည်းပညာများ သိရှိရန်လိုအပ်ကြောင်း၊ မိမိကုန်စည်ကို နည်းပညာအသုံးပြု၍ ကုန်ကျစရိတ် နည်းပါးစွာ ကြော်ငြာလိုပါက မြန်မာနိုင်ငံရှိ Bagan Trade.com online မှတစ်ဆင့် မိမိကုန်ပစ္စည်းများကို ကြော်ငြာ နိုင်သလို Alibaba .com နဲ့လည်း ချိတ်ဆက်ဆောင်ရွက်နိုင်ရန် မိမိတို့ဌာနမှ ကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းနဲ့ SMEs member များဖြစ်ရေးအတွက် ငွေကြေးပေးဆောင်ရန်မလိုဘဲ မိမိတို့ ဌာနမှ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသွားပါတယ်။

ဆက်လက်၍ သီဟိုဠ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲဒင်နဲ့ သီဟိုဠ်လုပ်ငန်းရှင်များက လက်ရှိသီဟိုဠ် ဈေးကွက်အခြေအနေနှင့် သီဟိုဠ်အသင်းရဲ့ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားပြီး သိလိုသည်များကို မေးမြန်းခဲ့ရာတွင်လည်း တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ရပ်စောက်မြို့မှာ အထည်ပန်းပုံရိုက်ခြင်းနဲ့ ဆေးရေးပန်းချီသင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ်ရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးမှုအတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်အရ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရှမ်းပြည်နယ်)ရဲ့ ကြီးကြပ်မှုဖြင့် အထည်ပန်းပုံရိုက်ခြင်းနဲ့ ဆေးဝါးပန်းချီသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၀ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ရပ်စောက်မြို့ ရတနာသီရိခန်းမမှာ ကျင်းပပြုလုပ်ခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်က တက်ရောက် အမှာစကား ပြောကြားခဲ့ကြောင်းသိရပါတယ်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်စောက်မြို့မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများ သင်တန်းသူ၊ သင်တန်းသားများ စုစုပေါင်း ၇၃ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းပို့ချမှုကို ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းမှ ပညာရှင်များက သင်ကြားပြသပေးကြမှာဖြစ်ပြီး သင်တန်းသို့ရပ်စောက်မြို့ရှိ ကျေးရွာများမှ တိုင်းရင်းသူ ၂၀ ဦး တက်ရောက်ခဲ့ကြပြီး၊ သင်တန်းကာလမှာ ရက်သတ္တပတ် နှစ်ပတ်ကြာမည်ဖြစ်ကြောင်း သိရပါတယ်။

**မင်းအောင် -တောင်ကြီး**

## ကုန်သွယ်မှုမြှင့်တင်ရေး အရာထမ်းများ အရည်အသွေးမြှင့်တင်ရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ကုန်သွယ်မှုမြှင့်တင်ရေး အရာထမ်းများ အရည်အသွေးမြှင့်တင်ရေးနှင့် ကုန်သွယ်မှုဖွံ့ဖြိုးရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး စတုတ္ထထပ်ရှိ ကုန်သွယ်မှုသင်တန်းကျောင်း အဆင့်မြင့်သင်တန်းခန်းမတွင် မတ်လ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာကျင်းပပြုလုပ်ခဲ့ပါတယ်။ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက တက်ရောက်လာသော သင်တန်းသားများအား သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့်ပတ်သက်၍ပြောကြားခဲ့ပါတယ်။ သင်တန်းနည်းပြများအဖြစ် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ UMFCCI ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (DICA) နှင့် စက်မှုဝန်ကြီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူများက သင်ကြားပို့ချခဲ့ကြပြီး၊ အဆိုပါ သင်တန်းသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအပါအဝင် ပြည်နယ်နှင့်တိုင်းအသီးသီးမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရပါတယ်။

**ကောင်းထွဋ်အောင်- YGN**

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် တတိယကြိမ်မြောက် ဧရာဝတီကုန်စည်ပြပွဲ ဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် တတိယကြိမ်မြောက် ဧရာဝတီကုန်စည်ပြပွဲ ၂၀၁၆ ဖွင့်လှစ်ပွဲကို မတ် ၁၁ ရက်နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာလှိုင်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးလှခိုင်၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်တို့က ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များ၊ စက်ပိုင်၊ ကုန်သည်၊ လုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ထွက်ရှိသော ဒေသထွက်ကုန်စည်များအပြင် ပြည်ပကုမ္ပဏီများမှ လာရောက်ပြသရောင်းချသည့် စပါးအခြောက်ခံစက်နှင့် ဆန်စက်အပိုပစ္စည်းများ၊ လယ်ယာသုံးစက်ကိရိယာများ၊ လျှပ်စစ်ပစ္စည်းမျိုးစုံ၊ ဆိုင်ကယ်အရောင်းပြခန်းများ၊ စားသောက်ကုန်စည်များ၊ ဆေးပစ္စည်းပြခန်းများ၊ အဝတ်အထည်ပြခန်းများ၊ အလှကုန်ပစ္စည်းများ၊ မြို့နယ်များရှိ ဒေသထွက်ကုန်များအပြင် ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနားရှိ ကုမ္ပဏီပြခန်းများ၊ စုစုပေါင်းပြခန်းပေါင်း ၆၀ ကျော်ဖြင့် မတ်၁၁ ရက်မှ ၁၃ ရက် အထိ နေ့စဉ်နံနက် ၉နာရီမှ ည ၁၀နာရီအထိ ခင်းကျင်းပြသရောင်းချပေးခဲ့ကြောင်း သိရပါတယ်။

ကုန်စည်ပြပွဲသို့ လာရောက်သော ဧည့်ပရိသတ်များအတွက် ဖျော်ဖြေရေးအစီအစဉ်ကို ညစဉ် ညနေ ၅နာရီမှ ည ၁၀နာရီအထိ Dynamic Dancer & Model အဖွဲ့ဖြင့် အခမဲ့ဖျော်ဖြေတင်ဆက်ပေးခဲ့ကြောင်းလည်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

၁၄-၃-၂၀၁၆ မှ ၂၀-၃-၂၀၁၆ ရက်နေ့ထိ

ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** တစ်ခုမကများပြားသော စီးပွားရေးလုပ်ငန်းများကို ထိန်းချုပ်ရန်အတွက် အကျိုးတူပူးပေါင်းဆောင်ရွက်သူ ရှယ်ယာဝင်များနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး တာဝန်ကိုယ်စီခွဲဝေယူ၍ စီမံအုပ်ချုပ်မှုပြုရတတ်ပါသည်။ စက်ရုံအလုပ်ရုံ မိုးကာဖျင်၊ ဂုံလျှော်၊ ကော်ဇောလုပ်ငန်းများအောင်မြင်မှုရရှိလိမ့်မည်။ ပညာရေးအောင်မြင်မှုကောင်းနေမည်။ အချစ်ရေးတွင် စိတ်ဓာတ်ခိုင်မာမှုရှိသူနှင့်ကြုံရတတ်သည်။ ကျန်းမာရေးတွင် အစာအိမ်အချဉ်ပေါက်ခြင်း၊ လေထိုး၊ လေအောင့်ရောဂါဝေဒနာခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင် ရောင်တော်ဖွင့်ပါ။**



**တနင်္လာသားသမီးများအတွက်** ပေါင်းသင်းဆက်ဆံရေးသည် စီးပွားရေးလုပ်ငန်းတို့တွင် အဓိကအခန်းကဏ္ဍမှပါဝင်နေတတ်ပါသည်။ အဖျော် ယမကာလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများ အကျိုးပေး ကောင်းပါလိမ့်မည်။ ပညာရေးတွင်လက်တွေ့အသုံးချပညာ စီးပွား ရေးပညာရပ်များတွင် ထူးချွန်လိမ့်မည်။ အချစ်ရေးတွင် အချစ်ပိုသူ၏ မေတ္တာသစ္စာချည် နှောင်၍ ဘဝနှစ်ခုပေါင်းစပ်ရန် အရေးမျှော်တွေး၍ ငွေကြေးများ စုဆောင်းရတတ်သည်။ ကျန်းမာရေးတွင် ခေါင်းမူး၊ ခေါင်းကိုက်၊ ဇက်ကြောထိုးဝေဒနာများကို သတိရှိနေသင့်ပါသည်။

**ယတြာ။ ။သံဃာတော်အား သင်္ကန်းထပ်ပေးပါ။**



**အင်္ဂါသားသမီးများအတွက်** လက်တွေ့ဆင်ခြင်ဆောင်ရွက်သမျှ မှန်ကန်ပြီးအောင်မြင်မှုရရှိနေမည်။ စိတ်ရှုပ်ထွေးခြင်း၊ စိတ်မကြည်မလင်ခြင်းကြောင့် ဆုံးဖြတ်ချက်မှားတတ်သည်။ ရေနှင့် ရေထွက်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းများ အကျိုးရှိနေလိမ့်မည်။ ပညာရေး မဆိုးပါ။ ကြိုးစားလျှင် ရည်မှန်းချက်အောင်မြင်လိမ့်မည်။ အချစ်ရေးတွင် အနေနီးသူနှင့် အိမ်ထောင်သည်ဘဝသို့ ရောက်သွားတတ်ပါသည်။ ကျန်းမာရေးတွင် ပင်ပန်းမှုများကြောင့် စိတ်ဖိစီးသော ဝေဒနာခံစားရလိမ့်မည်။

**ယတြာ။ ။ဘုရားတွင် ရွှေထီးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** ပျော်ပျော်ရွှင်ရွှင်အေးအေးချမ်းချမ်းနှင့်လုပ်ကိုင်ဆောင်ရွက်ရင်းဘဝကို ဖြတ်သန်းချင်သော စိတ်ဆန္ဒရှိနေတတ်သည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၊ လယ်ယာသုံးပစ္စည်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းတို့အောင်မြင်မှုရရှိနေတတ်ပါသည်။ အချစ်ရေး၊ ပညာရေးကောင်းနေပါသည်။ ကျန်းမာရေးအနေဖြင့် လုပ်ငန်းခွင်ပင်ပန်းခြင်း၊ ခရီးသွားများခြင်းတို့ကြောင့် ဖြစ်လာတတ်သော အကြောအားနည်းတတ်ခြင်း၊ အဆုတ် အားနည်းတတ်ခြင်း၊ အသက်ရှူပြွန်ရောင်ခြင်းတို့ သတိထားသင့်ပါသည်။

**ယတြာ။ ။သံဃာတော်အား ဖိနပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** မိမိအကြောင်းကိုသိသော ပုဂ္ဂိုလ်တို့သည် သူတို့၏အကျိုးစီးပွားအတွက် မိမိအားခုတုံးလုပ်၍အမြတ်ထုတ်သွားတတ်သည်။ စီးပွားရေးတွင် အသိပညာဉာဏ်နှင့်လုပ်ဆောင်သော ဘဏ်လုပ်ငန်းများမှ အကျိုးဖြစ်ထွန်းမှုရရှိမည်။ ပြည်ပနှင့် ဆက်သွယ် ရေးလုပ်ငန်းအောင်မြင်မည်။ ပညာရေးထူးချွန်နေမည်။ အချစ်ရေးတွင် ဝေဝါးစွာသုံး သပ်မှုရှိနေသောကြောင့် ချစ်သောသူ၏စွန့်လွှတ်မှုကို ရရှိတတ်သည်ကို သတိပြုသင့်ပါ သည်။ ကျန်းမာရေးကောင်းနေမည်။

**ယတြာ။ ။ပင်မှည့်ဖျော်ရည်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများတွင် တည်ငြိမ်အေးဆေးမှုမရှိသော်လည်း ပင်ကိုယ်လုပ်ကိုင်သော အနုပညာလုပ်ငန်းများ အောင်မြင်မှုရရှိလိမ့်မည်။ အကျိုးတူ ပူးတွဲလုပ်ဆောင်သောလုပ်ငန်းများတွင် ရှုပ်ထွေးမှုများရှိတတ်သည်ကို သတိရှိသင့်ပါသည်။ ပညာရေးကောင်းနေမည်။ အချစ်ရေး၊ အိမ်ထောင်ရေးပျော်ရွှင်မှုများ ရရှိလာမည်ဖြစ်ပါသည်။ ကျန်းမာရေးတွင် အဆီအဆိမ့်စားသောက်ခြင်းများသည့်အခါ သွေးတိုး၊ ဆီးချို၊ လေအောင့်ရင်ပြည့်ရင်ကယ်ဝေဒနာခံစားရတတ်ပါသည်။

**ယတြာ။ ။နွားနို့ဆွမ်းကပ်၍ လိုရာဆုတောင်းပါ။**



**စနေသားသမီးများအတွက်** သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ကျယ်နေတတ်သည်။ လက်အောက်ငယ်သားများစွာဖြင့် လုပ်ရသော စီးပွားရေးလုပ်ငန်းများတွင် အောင်မြင်မှုများရရှိနေမည်ဖြစ်ပါသည်။ ပညာရေးတွင် အောင်မြင်မှုများ ရရှိလိမ့်မည်။ အခက်အခဲအနည်းငယ်ရှိတတ်သော်လည်း ကျော်ဖြတ်နိုင်လိမ့်မည်။ အချစ်ရေး စိတ်တိုင်း မကျရှိနေမည်။ မိမိဖြစ်ချင်တာတစ်မျိုးဖြစ်လာတာတစ်မျိုးရှိလိမ့်မည်။ ကျန်းမာရေးတွင်လေ၊ အကြောတို့သိသာစွာဝေဒနာခံစားရလိမ့်မည်။ အပူအအေးမျှတမှုအရေး ကြီးသည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ ။အုန်းရည်သောက်ခြင်း၊ လှူဒါန်းခြင်းပြုပါ။**

# နာရီတိုင်းမှာငါးမိနစ်စာ အထူးအစီအစဉ်ကို MPT က ပြန်လည်စတင်

MPT သည် လက်ရှိ သုံးစွဲနေသူ ၁၉သန်းကျော်အတွက် စိတ်လှုပ်ရှားဖွယ်ရာအထူးအစီအစဉ် တစ်ရပ်ကို မတ်လ ၁၀ ရက် နံနက်ပိုင်း မှ စတင်လိုက်ပြီဖြစ်ကြောင်း MPT ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါအစီအစဉ်ကို ယခင်နှစ်ကလည်း ပြုလုပ်ခဲ့ဖူးပြီး ငါးမိနစ်နှင့်အထက် MPT အချင်းချင်း ဆက်သွယ်ပြောဆိုသူများအနေဖြင့် ငါးမိနစ်စာကျသင့်ငွေဖြစ်သည့် ၁၁၅ကျပ်ကိုသာ ပေးဆောင်ရမည်ဖြစ်သည်။

ယင်းအထူးအစီအစဉ်တွင် မိနစ် ၆၀ အထိဆက်တိုက် ဖုန်းပြောသူများအတွက် ၅၅မိနစ်စာကို အခမဲ့ပြောဆိုခွင့်ရရှိမည်ဖြစ်ပြီး မိနစ် ၆၀ ထက်ကျော်လွန်ပါက မူလနှုန်းထားအတိုင်း တစ်မိနစ်လျှင် ၂၃ ကျပ်နှုန်းဖြင့် ပြန်လည်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

MPT-KSGM Joint Operations ၏ CEO ဖြစ်သူ မစ္စတာတာကာရှိနာဂါရှီးမားက "သုံးစွဲသူတွေကြားမှာ လူကြိုက်များခဲ့တဲ့ ဒီအစီအစဉ်ကိုထပ်မံပြုလုပ်ရတဲ့ အတွက် အရမ်းကို ဝမ်းမြောက်မိပါတယ်။ ပြီးခဲ့တဲ့နှစ်က ဒီအစီအစဉ် ကို လူတွေ သဘောကျပြီး အသုံးများတာကို သိခဲ့ရတဲ့ အတွက် အခုလက်ရှိမှာ အသုံးပြုနေသူတွေကိုလည်း တစ်နာရီကြာတဲ့ အထိ ဖုန်းပြောတာတောင် မှ ၁၁၅ ကျပ်ပဲ ကျသင့်မယ့် ဒီအခွင့်အရေး ကို ပေးချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

ယင်းအစီအစဉ်ကို ညနေ ၆နာရီမှ ည ၁၀နာရီအတွင်း အသုံးပြုပါက မူလသတ်မှတ်နှုန်းထားဖြစ်သည့် တစ်မိနစ်လျှင် ၂၃ကျပ်နှုန်းဖြင့်ဖြတ်တောက်မည်ဖြစ်သည်။ ထိုအချိန်မှ လွဲ၍ ကျန်မည်သည့်အချိန်တွင်မဆို ဖုန်းခေါ်ဆိုအသုံးပြုပါက မိနစ် ၆၀လျှင် ၅၅ မိနစ်စာ အခမဲ့ရရှိမည်ဖြစ်ပြီး ဧပြီလ ၁၆ ရက်အထိ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်တွင် (လိုင်းဖုန်းများ အပါအဝင်) MPT နံပါတ်အချင်းချင်း သာ ခေါ်ဆိုနိုင်မည်ဖြစ်ပြီး မည်သည့် ငွေသွင်းစနစ်မျိုးကိုမဆို အသုံးပြုနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

## ➲စာမျက်နှာ- ၁၈- စတော့ရှယ်ယာတွေနဲ့ ပတ်သက်လို့ . . . မှ အဆက်

တွေ့ကြုံဆုံကြတဲ့အခါ ကျွန်တော် စတော့ရှယ်ယာ ကစားချင်တယ်၊ ဘယ်လိုလုပ်ရမလဲဆိုတာစပြီးတော့ မေးကြတာတွေ့ရပါတယ်။ မေးတဲ့မေးခွန်းကိုက ရင်းနှီးမြှုပ်နှံတဲ့ သဘောမဟုတ်ဘဲနဲ့ အလောင်းအစားသဘောလုပ်ချင်ကြတဲ့ သဘောဖြစ်နေပါတယ်။ အခြေခံနားမလည်သေး မပိုင်သေးဘဲနဲ့ မြန်မြန်ချမ်းသာချင်ကြတဲ့ သဘောမျိုး ဖြစ်နေပါတယ်။ အဲဒီလိုနားလည်သိကျွမ်းမှုနည်းပြီး လောဘကြီးမားပြီး လုပ်ရင်တော့ အမှားတွေဖို့ပိုများပါတယ်။

အလွယ်တကူလေ့လာနိုင်တဲ့နည်းကတော့ အချို့ပညာရှင်များ ရေးသားထုတ်ဝေထားတဲ့ စာအုပ်တွေကို အချိန်ယူလေ့လာပြီးမှ ဖတ်ရှုပြီးနားလည်နိုင်ပါတယ်။ အချိန်ယူလို့ ပြောရတာက ပညာရပ်တစ်ခုဆိုတာက ချက်ချင်းလက်ငင်းသိ၊ ချက်ချင်း လက်ငင်းတတ် ဘယ်လိုမှ ဖြစ်နိုင်စရာမရှိလို့ပါ။ အဲဒီတော့ "တော်ကြာ အခုစိတ်ကူးရလို့ ထဖတ်လိုက် ပြီးရင်ပစ်ထားလိုက် "ဆိုရင်လည်း နားလည်နိုင်မှာမဟုတ်ပါဘူး။

အရေးကြီးတာကတော့ ကိုယ့်ရဲ့စဉ်းစားတွေးခေါ်ဉာဏ်ပါပဲ၊ ကိုယ့်ရဲ့စဉ်းစားတွေးခေါ်ဉာဏ်ဆိုတာကတော့ သူများက၊ ဘယ် သင်တန်းကမှ သင်ပေးနိုင်တဲ့ အနေအထားမျိုးမရှိပါဘူး။ ဒါကြောင့် စတော့ရှယ်ယာမှာရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ်၊ အခြားဘယ်ကိစ္စမှာ ရင်းနှီးမြှုပ်နှံတာပဲ ဖြစ်ဖြစ်၊ နောက်ကိုယ့်ရဲ့အသိဉာဏ် ဗဟုသုတ တိုးပွားအောင် ကြိုးစားနေဖို့နဲ့ လောဘမကြီးအောင် နေဖို့ပဲ လိုပါတယ်။ "ငွေမျောငွေနဲ့လိုက်၊ လှေမျောလှေနဲ့လိုက်"ဆိုတဲ့ စကားဟာ ကြားရတာကောင်းပေမယ့်၊ လိုက်လို့ မဆုံး၊ ငွေမျောလို့ မဆုံး၊ လှေလိုက်လို့မဆုံး ဖြစ်သွားမှာလည်းစိုးရိမ်ရပါတယ်။ အဲဒါကြောင့် သက်ဆိုင်ရာ ပညာရှင်များက နိုင်သလောက်ပဲလုပ်၊ အိမ်ရောင်းပြီး၊ မြေရောင်းပြီး၊ ရှယ်ယာအရောင်းအဝယ်လုပ်တာမျိုး တွေ၊ စွန့်စားမှုကြီးတဲ့အလုပ်တွေမလုပ်ကြဖို့ တိုက်တွန်းတာတွေ့ ရပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ၂၀၁၆ ထဲမှာ ရင်းနှီးမြှုပ်နှံစရာ အခွင့်အလမ်းတစ်ခု တိုးလာတဲ့အတွက်ကတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်။ အခုလိုရန်ကုန်စတော့ဒိုင်ပေါ်ပေါက်လာတော့ နေ့ချင်းညချင်းချမ်းသာမယ်လို့ မျှော်လင့်ကြတယ်၊ တချို့ကလည်း သူတို့လိုချင်ကြတဲ့ အရင်းအနှီးတွေရတော့မှာပဲလို့ မျှော်လင့်ကြတယ်။ တချို့ကလည်း ဘဏ်မှာရှိတဲ့ ငွေတွေ ဆွဲထုတ်သွားပြီး၊ စတော့ရှယ်ယာတွေ ပြောင်းဝယ်သွားကြရင် ဘဏ်တွေဒုက္ခ ရောက်မယ်လို့ တွက်ဆကြတယ်။ တကယ့်တကယ်ကတော့ ဒါတွေ အားလုံးဟာ ရေတိုမှာဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဘယ်ကုမ္ပဏီတွေက ဘဏ်တိုးနှုန်းထက် ပိုပေးနိုင်မလဲ၊ ပိုများတဲ့ အမြတ်ဝေစုပိုပေးနိုင်မလဲဆိုတာလည်းမသေချာသေးပါဘူး။ စောစောကပြောသလိုပဲ ဘဏ်များမှာ စုငွေအဖြစ် အပ်နှံထားတာဟာလည်း ဆက်လက်ပြီးတော့ ရှိနေဦးမှာပါ။

စတော့ရှယ်ယာဈေးကွက် ချက်ချင်းလက်ငင်း ဝုန်းဒိုင်းနဲ့ ကြီးပွားလာဖို့လည်း မဖြစ်နိုင်သေးပါဘူး။ တစ်ဖက်မှာ ရှယ်ယာဝယ်တဲ့သူတွေ ရှိမယ်၊ အဲဒီဝယ်ထားတဲ့ စတော့ရှယ်ယာတွေ ကို ပြန်ရောင်းရင် ဝယ်တဲ့သူကလည်းရှိရမယ်၊ စတော့ရှယ်ယာတွေကနေ ဘာတွေအကျိုးရှိမလဲဆိုတော့ အမြတ်ဝေစုရမယ်၊ ကိုယ်ဝယ်ထား တဲ့ ကုမ္ပဏီရဲ့အခြေအနေကောင်းရင် အမြတ်ဝေစုရမယ်၊ အခြေအနေ မကောင်းရင်တော့ ဆုံးရှုံးမှုတွေရှိနိုင်တယ်။ အဲဒီလိုပါပဲကိုယ် ဝယ်ထားတဲ့ ကုမ္ပဏီတွေရဲ့အခြေအနေကောင်းရင် ရှယ်ယာဈေးတွေ ထိုးတက်သွားမယ်၊ ကိုယ်ဝယ်ထားတဲ့ ကုမ္ပဏီတွေရဲ့ အခြေအနေမကောင်းရင်တော့ ရှယ်ယာဈေးတွေ ထိုးကျသွားမယ်။ ပုံမှန်အားဖြင့်တော့ အမြတ်ဝေစုနဲ့ ရှယ်ယာဈေးနှုန်းကနေပြီး အကျိုးရှိမယ်လို့ ဆိုနိုင်ပါတယ်။ အမြတ်ဝေစုတွေ များများပေးနေရင်လည်း ဘဏ်တိုးနဲ့ ယှဉ်ပြီးအမြတ်ဝေစုများများပေးနေတာကိုဝယ်တဲ့သူ တွေကတော့ သဘောကျကြမှာပါ။ ဒါပေမယ့်တစ်ဖက်ကလည်း အမြတ်ဝေစုများများပေးလိုက်လို့ရှိရင် ကုမ္ပဏီရဲ့ ရေရှည် တိုးတက် ရာတိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း ပြန်ပြီးတော့ ရင်းနှီးမြှုပ်နှံဖို့ ခက်တယ်ဆိုတာသတိပြုရမှာပါပဲ၊ ဒီတော့ နိဂုံးချုပ် ရမယ်ဆိုရင် စတော့ရှယ်ယာမှာ ရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ်၊ တခြား နေရာမှာရင်းနှီးမြှုပ်နှံတာပဲဖြစ်ဖြစ်၊ အချို့ ပညာရှင်များ သတိပေးသလို အတုအယောင်တွေ သတိထားကြဖို့၊ လွယ်လွယ်ကူကူနဲ့ ငွေရနိုင်တယ် အကျိုးအမြတ်ရှိတော့မယ်လို့ ပြောရင်၊ လိမ်တာဟုတ်၊ မဟုတ်စဉ်းစားဖို့၊ လိုအပ်တာထက် လောဘမကြီးဖို့ဆိုတဲ့ "ကံ၊ ဉာဏ်၊ ဝီရိယ "တွေ လိုအပ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

■



## မြို့ကြီးများ၏ ၁၄-၃-၂၀၁၆ မှ ၁၈-၃-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၄-၃-၂၀၁၆) | အင်္ဂါ(၁၅-၃-၂၀၁၆) | ဗုဒ္ဓဟူး(၁၆-၃-၂၀၁၆) | ကြာသပတေး(၁၇-၃-၂၀၁၆) | သောကြာ(၁၈-၃-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၂˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F |
| ရန်ကုန်မြို့ | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၀˚F | နေသာ ၃၈˚C/၁၀၁˚F |
| မန္တလေးမြို့ | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၉˚C/၁၀၃˚F |
| မြစ်ကြီးနား | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၄˚F |
| လားရှိုး | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၁˚C/၈၇˚F | နေသာ ၃၀˚C/၈၆˚F | နေသာ ၃၀˚C/၈၆˚F |
| ကျိုင်းတုံ | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F |
| လွိုင်ကော် | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၄˚C/၉၄˚F |
| တောင်ကြီး | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၉˚C/၈၅˚F | နေသာ ၂၈˚C/၈၂˚F | နေသာ ၂၇˚C/၈၁˚F | နေသာ ၂၈˚C/၈၂˚F |
| မော်လမြိုင် | နေသာ ၃၄˚C/၉၄˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F |
| ဘားအံ | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၇˚C/၉၇˚F | နေသာ ၃၇˚C/၉၇˚F | နေသာ ၃၇˚C/၉၇˚F | နေသာ ၃၇˚C/၉၇˚F |
| တောင်ငူ | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၉˚C/၁၀၂˚F |
| မုံရွာ | နေသာ ၄၀˚C/၁၀၄˚F | နေသာ ၃၉˚C/၁၀၃˚F | နေသာ ၃၈˚C/၁၀၁˚F | နေသာ ၃၇˚C/၉၉˚F | နေသာ ၃၈˚C/၁၀၀˚F |
| ပုသိမ် | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၆˚C/၉၆˚F | နေသာ ၃၅˚C/၉၅˚F | နေသာ ၃၆˚C/၉၆˚F |
| မြိတ် | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၄˚C/၉၃˚F | နေသာ ၃၄˚C/၉၃˚F |
| စစ်တွေ | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၂˚C/၉၀˚F | နေသာ ၃၃˚C/၉၂˚F | နေသာ ၃၃˚C/၉၂˚F |
| မကွေး | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၂˚C/၈၉˚F | နေသာ ၃၃˚C/၉၁˚F | နေသာ ၃၃˚C/၉၁˚F |
| ဖလမ်း | နေသာ ၂၆˚C/၇၉˚F | နေသာ ၂၇˚C/၈၀˚F | နေသာ ၂၆˚C/၇၈˚F | နေသာ ၂၄˚C/၇၅˚F | နေသာ ၂၄˚C/၇၆˚F |

## အီသီယိုးပီးယားနှင့် အခြားသောနိုင်ငံများတွင် အယ်လ်နီညိုကျရောက်မှုကြောင့် မိုးခေါင်ခြောက်သွေ့မှုများနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများဖြစ်ပေါ်

အီသီယိုးပီးယားနှင့် အခြားသော ကမ္ဘာ့နိုင်ငံအချို့တို့တွင် အယ်လ်နီညိုကျရောက်မှုကြောင့် မိုးခေါင်ခြောက်သွေ့မှုများနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အထူးသဖြင့် အာရှ၊ လက်တင်အမေရိကနှင့် အာဖရိက နိုင်ငံအများအပြားတို့တွင် အဆိုပါ ပြဿနာများကို ရင်ဆိုင်ရလျက်ရှိနေကြောင်း Oxfam America ၏ စစ်တမ်းကောက်ယူချက်များကို ကိုးကား၍ NBC သတင်းတွင် ဖော်ပြထားသည်။

"ကျွန်တော်တို့ရဲ့တွေ့ရှိချက်က တော်တော်လေးကို ဆိုးရွားလွန်းလှပါတယ်။ စိုးရိမ်စရာအခြေအနေတစ်ရပ်ကိုရောက်နေပါပြီ။ အယ်လ်နီညိုဖြစ်စဉ်တွေကြောင့် ခြောက်သွေ့မှုတွေ၊ ပူပြင်းမှုတွေက ပိုပြီးပြင်းထန်တဲ့အခြေအနေ တစ်ရပ်ကိုရောက်ရှိနေပါတယ်"ဟု Oxfam America မှ ဒါရိုက်တာတစ်ဦးဖြစ်သူ နာဟဲလ်အာရီနော့စ်က ပြောကြားခဲ့သည်။အယ်လ်နီညိုဖြစ်စဉ်သည် ခုနစ်နှစ် သို့မဟုတ် ရှစ်နှစ်လျှင်တစ်ကြိမ် ဖြစ်ပေါ်နေကြဖြစ် သော်လည်း ယခုနှစ် အယ်လ်နီညို ကျရောက်မှု သည် အဆိုးရွားဆုံးဖြစ်ကြောင်း ၎င်းကထပ်မံ ပြောကြားခဲ့သည်။

အီသီယိုးပီးယားနိုင်ငံရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်နေကြသူများဖြစ်ရာ ယခုကဲ့သို့ မိုးခေါင်ခြောက်သွေ့မှုများကြောင့် စားနပ်ရိက္ခာအခက်အခဲများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ အီသီယိုးပီးယားနိုင်ငံအနေဖြင့် ယခုအခါတွင် ပြည်သူ ၁၀ သန်းကျော်မှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်နေပြီဖြစ်ကြောင်း၊ အီသီယိုးပီးယားအစိုးရအနေဖြင့် လူဦးရေ ရှစ်သန်းနီးပါးကို အရေးပေါ်အကူအညီများ ပေးထားသော်လည်း အကူအညီများ ထပ်မံလိုအပ်နေဦးမှာဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့အတူ မာလာဝီ၊ ဇင်ဘာဘွေနှင့် တောင်အာဖရိကနိုင်ငံတို့တွင်လည်း မိုးခေါင်ခြောက်သွေ့မှုများနှင့်ရင်ဆိုင်နေရသည်ဟုဆိုသည်။



## ပူပြင်းခြောက်သွေ့မှုကြောင့် ထိုင်းနိုင်ငံ အလယ်ပိုင်းဒေသများတွင် စပါးစိုက်ဧက ရိုင်သိန်း ၅၀၀ ကျော် ပျက်စီး

ထိုင်းနိုင်ငံ အလယ်ပိုင်းဒေသများတွင် ပူပြင်းခြောက်သွေ့မှုများကြောင့် စပါးစိုက်ဧက ရိုင်သိန်းပေါင်း ၅၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ရကြောင်းလယ်ယာစိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီး ဗိုလ်ချုပ်ကြီး ချတ်ချိုင်းဆီရီကူယာက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ အလယ်ပိုင်းဒေသရှိ လယ်သမားများအနေဖြင့် စပါးစိုက်ပျိုးချိန်တွင် စိုက်ပျိုးရေလုံလောက်စွာမရရှိသည့်အပြင် အပင်ကြီးထွားချိန်တွင်လည်း လိုအပ်သည့်ရေကို ဖြည့်သွင်းပေးနိုင်ခြင်းမရှိသဖြင့် ယခုကဲ့သို့ ပျက်စီးခဲ့ရခြင်းဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးချတ် ချိုင်းက မတ် ၉ရက်က ခြောက်သွေ့မှုအခြေအနေများနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံအလယ်ပိုင်းဒေသမှ လယ်သမားများသည် ကျောက်ဖယား မြစ်ကမ်းပါးတစ်လျှောက် စိုက်ပျိုးကြခြင်းဖြစ်ပြီး ကျောက်ဖယားမြစ်ရေနည်းလာချိန်တွင် ရေရရှိမှုနည်းပါးခဲ့ကာ စပါးစိုက်ဧကရိုင်လေးသိန်းကျော် ပျက်စီးခဲ့ရသည်ဟု ဗန်ကောက်ပို့စ် သတင်းတွင် ဖော်ပြထားသည်။

ဝန်ကြီးချတ်ချိုင်း၏ အဆိုအရ ကျောက်ဖယားမြစ်ကြောင်းတစ်လျှောက် စိုက်ပျိုးထားသည့် စပါးစိုက်ဧကများအနက် စုစုပေါင်း ရိုင် ၃ ဒသမ ၀၅ သန်းကို စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ဧကအနက် ရိုင် ၁ ဒသမ ၉၈ သန်းမှာ ရေသွင်းစိုက်ပျိုးနိုင်သည့်နေရာများပင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စပါးရိတ်သိမ်းခဲ့သည့် ဧကပေါင်းမှာ ရိုင် ၉ ဒသမ ၄ သိန်းသာရှိသေးကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် အဆိုးရွားဆုံး မိုးခေါင်ခြောက်သွေ့မှုများနှင့် ရင်ဆိုင်ရလျက်ရှိရာ ယခုနှစ်သည် နှစ်ပေါင်း၂၀ အတွင်း အပြင်းထန်ဆုံးသော မိုးခေါင်ခြောက်သွေ့မှုပင်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် ပြည်နယ် ၇၇ ခုရှိသည့်အနက် ၁၄ ခုတွင် မိုးခေါင်ခြောက်သွေ့လျက်ရှိပြီး ၃၃ ခုတွင်လည်း ပူပြင်းခြောက်သွေ့မှုနှင့် ရင်ဆိုင်ရနိုင်သည်ဟု ရေသွင်းစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံတွင် နှစ်စဉ် ဧပြီလအတွင်းကျင်းပလျက်ရှိသည် ဆုန်ခလန် ရေသဘင်ပွဲတော်တွင် မြို့တော်သူမြို့ တော်သားများအနေဖြင့် ရေများကို အလွန်အကျွံသုံးစွဲပစ်မည်ကို စိုးရိမ်ပူပန်မိကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခဲ့သည်။

**မယ်သီတာ**

မိုးခေါင်ခြောက်သွေ့မှုများကြောင့် စားနပ်ရိက္ခာများ ရှားပါးလျက်ရှိရာ အစားအစာဈေးနှုန်းများမှာ ယခင်ကထက် ၅၀မှ ၁၀၀ ရာခိုင်နှုန်းအထိ မြင့်တက်သွားခဲ့သည်ဟုဆိုသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏သတင်းထုတ်ပြန်ချက်များအရ ကမ္ဘာ့တစ်ဝန်းလုံးရှိ လူဦးရေသန်း ၆၀ခန့်သည် အယ်လ်နီညိုဖြစ်ပေါ်မှုဒဏ်ကို ဆိုးရွားစွာခံစားနေကြရကြောင်း သိရသည်။

**မယ်သီတာ**

Domestic Sport News
Vol: 16, No.11 Monday March 14 2016

## ဆူဇူကီးဖလားပြိုင်ပွဲအတွက် ရည်ရွယ်၍ကြိုတင်ပြင်ဆင်ကြရန်လိုအပ်ဟု ဦးဇော်ဇော်ဆို
## စင်ကာပူ၊ လက်ဘနွန်အသင်းတို့နှင့်ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အပြီးသတ်လူစာရင်းအားထုတ်ပြန်



စင်ကာပူလက်ရွေးစင် ဘောလုံးအသင်း၊ လက်ဘနွန်လက်ရွေးစင်ဘောလုံးအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်း၏ အပြီးသတ်လူစာရင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။

အဆိုပါလူစာရင်းတွင် **(ဂိုး)** ရန်အောင်လင်း(ရတနာပုံ)၊ ကျော်ဇင်ဖြိုး(မကွေး)၊ ပြည့်ဖြိုးအောင်(ဆောက်သမ်း)၊ **(နောက်)** ဒေးဗစ်ထန်း၊ ဇော်မင်းထွန်း၊ သီဟထက်အောင်(ရန်ကုန်)၊ ကျော်ဇင်လွင်၊ နန္ဒကျော်(မကွေး)၊ အောင်ဇော်(ဟံသာဝတီ)၊ ဟိန်းသီဟဇော်(ရှမ်း)၊ ဖြိုးကိုကိုသိန်း(ရောဝတီ)**(လယ်)** လှိုင်းဘိုဘို၊ ရဲကိုဦး၊ အောင်သူ၊ မျိုးကိုထွန်း(ရတနာပုံ)၊ နိုင်နိုင်ကျော်(မကွေး)၊ ရန်အောင်ကျော်၊ ကြည်လင်း(ရန်ကုန်)၊ ရန်နိုင်ဦး(ဇေယျာရွှေမြေ)၊ မောင်မောင်လွင်(ဟံသာဝတီ)၊ **(ရှေ့)** ကျော်ကိုကို၊ သန်းပိုင်(ရန်ကုန်)၊ ဆော်လမန်(ချင်း)၊ သက်နိုင်၊ ဝင်းနိုင်စိုး(ရတနာပုံ)တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ၏ လေ့ကျင့်ရေးအစီအစဉ်ကို မတ် ၁၀ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ပိုင် မြက်ခင်းတုကွင်းတွင်ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်လာရောက်ကြည့်ရှုခဲ့ပြီး လက်ရွေးစင်ကစားသမားများအား မှာကြားမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလေ့ကျင့်ခန်း အစီအစဉ်သို့ အေအက်ဖ်စီဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်ကျန်ရှိနေသည့် ရန်ကုန်နှင့် ဧရာဝတီအသင်းတို့မှ ကစားသမားများမှလွဲ၍ ကျန်ကစားသမားများအားလုံး လာရောက်ပူးပေါင်း လေ့ကျင့်ခဲ့ကြသည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကစားသမားများအနေဖြင့် တစ်ပွဲနှစ်ပွဲစာအတွက်ကိုသာ ပြင်ဆင်မှုမပြုလုပ်ဘဲ နှစ်ကုန်တွင် ပြုလုပ်မည့် ဆူဇူကီးဖလားပြိုင်ပွဲအတွက်ကို ရည်ရွယ်၍ ကြိုတင်ပြင်ဆင်ကြရန် အလေးအနက်ထား မှာကြားခဲ့ကြောင်း သိရသည်။

"တစ်ကိုယ်တော်တော့ ကစားတတ်တယ်။အသင်းလိုက်မကစားတတ်တဲ့ပြဿနာပဲ။ နည်းပြခိုင်းတဲ့အတိုင်း မကစားတတ်တာဘဲ။ ပရော်ဖက်ရှင်နယ်ပီသအောင်ကြိုးစားရမယ်။ကမ္ဘာ့ဖလားခြေစစ်ပွဲမှာဂိုးပြတ်ရှုံးတာ ဒါပဲ။ နည်းပြခိုင်းတဲ့အတိုင်း ကစားတတ်တဲ့ပရော်ဖက်ရှင်နယ်ပီသတဲ့ ကစားသမားတွေဖြစ်ဖို့ လိုတယ်။ အဓိကပြဿနာက နည်းပြခိုင်းတဲ့အတိုင်း မလုပ်နိုင်တဲ့ပြဿနာပဲ။ နီးတော့မှ လုပ်လို့မရဘူး။ Line-up က မငြိမ်ဘူးဖြစ်နေတာ။ မင်းတို့အုပ်စုကမွေးသမျှ လက်ရွေးစင်ထဲမှာ အသက်အငယ်ဆုံးပဲ။ မင်းတို့အနေနဲ့တစ်ပွဲနှစ်ပွဲအတွက် မပြင်ဆင်နဲ့။ တစ်နှစ်လုံးစာ ရည်မှန်းပြီးပြင်ဆင်ရမယ်။ ကိုယ့်ပရိသတ်ရှေ့မှာ ကစားရတဲ့အချိန်ရောက်မှ ပေါက်ကရလုပ်ရင် ဘောလုံးလောကကြီး ပျက်သွားမယ်။ ကြိုးစားရင် အားလုံးက ချစ်မြတ်နိုးတယ်။ ကြိုးစားရင်းနဲ့ ရှုံးရင် လူတိုင်းက လက်ခံတယ်။ ဖြစ်သလို မလုပ်ကြနဲ့။ ဖြစ်သလို မကစားကြနဲ့လို့ တိုက်တွန်းချင်တယ်"ဟု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု(က)ကို အိမ်ရှင်အဖြစ်ယခုနှစ်နိုဝင်ဘာလတွင် လက်ခံကျင်းပမည်ဖြစ်သည်။

ယင်းမှာ ကျင်းပပြီးစီးခဲ့သည့် ဆူဇူကီးဖလားပြိုင်ပွဲ (၁၀)ကြိမ်တွင် ၂၀၀၄ခုနှစ်ကတစ်ကြိမ်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည့်မြန်မာအသင်းအတွက် အကောင်းဆုံးအခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

## တိုယိုတာမဲခေါင်ချန်ပီယံရှစ် ၂၀၁၆ ပြိုင်ပွဲကို နိုဝင်ဘာလတွင် စတင်ကျင်းပမည်

မဲခေါင်ဒေသတွင်းနိုင်ငံများမှ ချန်ပီယံကလပ်အသင်းများ ပါဝင်ယှဉ်ပြိုင်မည့် မဲခေါင်ကလပ်ချန်ပီယံရှစ် ၂၀၁၆ (Toyota Mekong Club Championship 2016) ပြိုင်ပွဲအား လာမည့်နိုဝင်ဘာလ၌ စတင်ကျင်းပမည်ဖြစ်ကြောင်း မတ် ၉ ရက်က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ပြုလုပ်ခဲ့သည့် ပြိုင်ပွဲညှိနှိုင်းအစည်းအဝေးတွင် အတည်ပြုကြေညာခဲ့သည်။

"ပြိုင်ပွဲဝင်အသင်းတွေကို အရင်နှစ်က ရလဒ်တွေ၊ လက်ရှိလိဂ်ရပ်တည်မှုတွေအပေါ်မူတည်ပြီး ခြေစစ်ပွဲအဆင့်၊ ဆီမီးဖိုင်နယ်နဲ့ ဖိုင်နယ်အဆင့်ဆိုပြီး ပါဝင်ယှဉ်ပြိုင်ကစားစေမှာပါ။ ပြိုင်ပွဲမှာ ပါဝင်ကစားမယ့် ကိုယ့်မြန်မာကလပ်အသင်းတွေ အဆင်ပြေဖို့နဲ့ မြန်မာ့လက်ရွေးစင်အသင်း ထိခိုက်မှုမရှိစေဖို့ အခြားပြိုင်ဘက်နိုင်ငံတွေနဲ့ အချေအတင်ကို ဆွေးနွေးခဲ့ရပါတယ်။ သူတို့ဘက်ကလည်း သူတို့ကလပ်၊ သူတို့လိဂ်နဲ့ သူတို့ လက်ရွေးစင်အသင်းအတွက် ဦးစားပေး ဆွေးနွေးခဲ့ကြသလို ကိုယ့်မြန်မာအတွက်လည်း ကိုယ်တွေက အလျှော့မပေးဘဲ အချေအတင်ဆွေးနွေးခဲ့ရတာပါ။ ပြိုင်ပွဲဆုကြေးကတော့ အရင်နှစ်ကအတိုင်းပါပဲ" ဟု မြန်မာနေရှင်နယ်လိဂ်၏ မီဒီယာဒါရိုက်တာဖြစ်သူ ဦးစိုးမိုးကျော်က ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲအားချန်ပီယံအသင်းများသာ ပါဝင်ကစားရန် သတ်မှတ်ထားသော်လည်း ချန်ပီယံအသင်း မအားလပ်ပါက ရှုံးထွက်ဖလားချန်ပီယံကိုလည်းကောင်း၊ လိဂ်ချန်ပီယံနှင့် ရှုံးထွက်ချန်ပီယံ နှစ်သင်းစလုံး ကစားဖြစ်ပါက လိဂ်ဒုတိယအသင်းကိုလည်းကောင်း ဦးစားပေးသတ်မှတ်ကစားခွင့်ပြုမည်ဖြစ်သည်။

တိုယိုတာမဲခေါင်ကလပ် ချန်ပီယံရှစ် ၂၀၁၆ ၏ ပထမအဆင့်ပွဲစဉ်များအဖြစ် နိုဝင်ဘာ ၅ရက်တွင် လာအိုကလပ်အသင်းနှင့် ဗီယက်နမ်ကလပ်အသင်း(အိမ်ရှင်-လာအို)၊ ဒီဇင်ဘာ ၂၃ရက်တွင် ဗီယက်နမ်ကလပ်အသင်းနှင့် မြန်မာကလပ်အသင်း(အိမ်ရှင်-ဗီယက်နမ်)၊ ဒီဇင်ဘာ ၂၇ ရက်တွင် မြန်မာကလပ်အသင်းနှင့် လာအိုကလပ်အသင်း(အိမ်ရှင်-မြန်မာ)တို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဆုကြေးများမှာ ပထမဆု အမေရိကန်ဒေါ်လာ ၇၅၀၀၀၊ ဒုတိယဆု အမေရိကန်ဒေါ်လာ ၅၀၀၀၀၊ တတိယဆု အမေရိကန်ဒေါ်လာ ၃၀၀၀၀၊ စတုတ္ထဆု အမေရိကန်ဒေါ်လာ ၁၀၀၀၀၊ ပဉ္စမဆု အမေရိကန်ဒေါ်လာ ၅၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

## မြန်မာယူ-၁၉ အသင်းကို ကိုင်တွယ်ရန် နေပြည်တော်နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ သဘောတူညီမှုရရှိ




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် နေပြည်တော်အသင်း၏ နည်းပြချုပ် ဦးမျိုးလှိုင်ဝင်းတို့သည် မြန်မာယူ-၁၉ အသင်းကို ကိုင်တွယ်ရန် သဘောတူညီမှုရရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အနေဖြင့် ဦးမျိုးလှိုင်ဝင်းအား ပြီးခဲ့သည့် ဖေဖော်ဝါရီ တတိယပတ်ကတည်းက ကမ်းလှမ်းခဲ့ခြင်းဖြစ်သော်လည်း ဦးမျိုးလှိုင်ဝင်းအနေဖြင့် နေပြည်တော်အသင်းသာမက မြန်မာယူ-၁၉ အသင်းကိုပါ ကိုင်တွယ်လိုသည့်အတွက် ကြန့်ကြာနေခဲ့ခြင်းဖြစ်သည်။

ဦးမျိုးလှိုင်ဝင်းအနေဖြင့် မြန်မာ ယူ-၁၉ အသင်းကို ကိုင်တွယ်မည်ဆိုပါက ယခုလကုန်ပိုင်းတွင် နေပြည်တော်အသင်းမှ တရားဝင် နုတ်ထွက်စာတင်ရမည်ဖြစ်ကြောင်း သိရသည်။

"ဦးမျိုးလှိုင်ဝင်းကို တစ်နှစ်ချင်းစီပဲ စာချုပ်ချုပ်မယ်။ သူ့ရဲ့စွမ်းဆောင်ရည်ပေါ်မူတည်ပြီး တစ်နှစ်ပြီးမှ နောက်တစ်နှစ် စာချုပ်သက်တမ်းတိုးမြှင့်မယ်"ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဲပုဂံဘောလုံးအသင်းတွင် နည်းပြဘဝကို စတင်ခဲ့သည့် မြန်မာ့လက်ရွေးစင်တိုက်စစ်မှူးဟောင်း ဦးမျိုးလှိုင်ဝင်းသည် အာရှဘောလုံးအဖွဲ့ချုပ်၏ ဘီလိုင်စင်လက်မှတ်ကို ရရှိထားသူဖြစ်ပြီး ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးမှုဖြင့် ဂျာမနီနိုင်ငံတွင် နည်းပြသင်တန်းတက်ရောက်ထားသူတစ်ဦးဖြစ်ကြောင်း သိရသည်။

## ဘောလုံးတိုးတက်ရေးအတွက် ဆန်းဒါးလန်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ဆွေးနွေးမှုများပြုလုပ်

ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာမှ ကလပ်အသင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရန်ကုန်ယူနိုက်တက်အသင်းသည် ၂၀၁၆ ခုနှစ်အတွက် ပထမဆုံးခြေလှမ်းအဖြစ် အင်္ဂလန်ပရီးမီးယားလိဂ်မှ ဆန်းဒါးလန်းအသင်းနှင့် မတ် ၅ ရက်က တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း အသင်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ဆန်းဒါးလန်းအသင်း၏ ဘောလုံးဖွံ့ဖြိုးမှု အကြီးအကဲ ဂရာဟမ်ရော်ဘင်ဆင်သည် ရန်ကုန်ယူနိုက်တက် မြက်ခင်းတုကွင်းသို့ ရောက်ရှိလာခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်း၏ အထွေထွေ အတွင်းရေးမှူး ဦးကျော်လင်းထွေး၊ နည်းစနစ်ဒါရိုက်တာ ဦးဝင်းသူမိုး၊ အသင်းမန်နေဂျာ ဦးမြင့်သိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အပြန် အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆန်းဒါးလန်းအသင်း၏ ဘောလုံးဖွံ့ဖြိုးမှုအကြီးအကဲ ဂရာဟမ်ရော်ဘင်ဆင်အနေဖြင့် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဆန်းဒါးလန်းအသင်းတို့ မိတ်ဖက်ပြုနိုင်ရေးကိစ္စ၊ ကလပ်အသင်း နှစ်သင်းကြား အပြန်အလှန် ဘောလုံးတိုးတက်ရေးကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးတို့အတွက် အဓိကထား၍ ဆွေးနွေးခဲ့ကြောင်း သိရသည်။




"အခုဆွေးနွေးမှုကပဏာမအဆင့် ပဲရှိပါသေးတယ်။ ဆန်းဒါးလန်းလိုအသင်းမျိုးနဲ့ မိတ်ဖက်အသင်းပြုလုပ်ခွင့်ရရှိမယ်ဆိုရင် အများကြီးအကျိုးရှိမှာပါ။ ရန်ကုန်ယူနိုက်တက်အသင်း တိုးတက်ဖို့အပြင် မြန်မာ့ဘောလုံးလောက တိုးတက်ဖို့အတွက်ပါ အထောက်အကူပြုနိုင်မယ်လို့ ထင်ပါတယ်"ဟု ရန်ကုန်ယူနိုက်တက်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ် ၂၀၁၆ အမှတ်ပေးပြိုင်ပွဲ၌ ကိုးပွဲကစားပြီးချိန်တွင် အဆင့်(၃)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

# မယ်လ်ဒိုနီယမ်ဆေးသည် အသက်ဆုံးရှုံးနိုင်သဖြင့် တားမြစ်ဆေးဝါးစာရင်းတွင် ထည့်သွင်းရခြင်းဖြစ်သည်ဟုဆို တင်းနစ်လောကသို့ တစ်ကျော့ပြန်လည်ဝင်ရောက်မည်ဟု ရှာရာပိုဗာကတိပြု



ကမ္ဘာ့တားမြစ်ဆေးဝါး ထိန်းချုပ်ရေး အေဂျင်စီက မယ်လ်ဒိုနီယမ်ဆေးကို ကြာရှည်သုံးစွဲပါက အသက်ဆုံးရှုံးနိုင်သဖြင့် တားမြစ်ဆေးဝါးစာရင်းတွင် ထည့်သွင်းရခြင်းဖြစ်သည်ဟု မယ်လ်ဒိုနီယမ်ဆေးဝါးထုတ်လုပ်သူကထုတ်ဖော်ပြောကြား ခဲ့သည်။

မီလ်ဒရိုနိတ်ဟု လူသိများသည့် မယ်လ်ဒိုနီယမ်ဆေးသည် ဆီးချိုရောဂါရှင်များနှင့် နှလုံးရောဂါကြောင့်ဖြစ်သော နောက်ဆက်တွဲရောဂါများတွင် ကုသသည့်ဆေးဖြစ်သော်လည်း ကမ္ဘာ့တားမြစ်ဆေးဝါးထိန်းချုပ်ရေးအေဂျင်စီက အဆိုပါဆေးအား ဇန်နဝါရီလအတွင်းက တားမြစ်ဆေးစာရင်းတွင် ထည့်သွင်းထားသည်။

"ကျွန်တော်တို့ အဲဒီဆေးကြောင့် အားကစားကွင်းထဲမှာ ကစားသမားတွေ လဲကျသေဆုံးသွားတာကို မြင်နေရလိမ့်မယ်။ မယ်လ်ဒိုနီယမ်ကို သုံးစွဲနေတဲ့ ကစားသမားတစ်ယောက်ဟာ သူ့ဘဝမှာ သက်တမ်းစေ့အောင်နေသွားနိုင်မှာ မဟုတ်ဘူး"ဟု အီဗရာကယ်လ်ဗင်က ပြောကြားခဲ့သည်။

အဆိုပါမယ်လ်ဒိုနီယမ်ဆေးသည် ဈေးကွက်အတွင်း ရောက်ရှိနေသည်မှာ နှစ်ပေါင်း ၃၂နှစ်ကျော်ရှိနေပြီဖြစ်သော်လည်း အားကစားသမားများ သုံးစွဲလိမ့်မည်ဟု မထင်မိကြောင်း ၎င်းကပြောကြားခဲ့သည်။

ယင်းဆေးကို တားမြစ်ဆေးဝါးစာရင်းတွင် ထည့်သွင်းပြီးနောက် ဖေဖော်ဝါရီလအတွင်းက ပြိုင်ပွဲဝင်ခဲ့သည့် အားကစားသမားများကို စစ်ဆေးခဲ့ရာ ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် တားမြစ်ဆေးစစ်ဆေးမှုဖြင့် ကျရှုံးခဲ့ရသည်။

တားမြစ်ဆေးကျရှုံးခဲ့ရသည့်အတွက် ရုရှားတင်းနစ်မယ် ရှာရာပိုဗာအား ပြိုင်ပွဲများတွင် ပါဝင်ကစားခွင့် လေးနှစ်ပိတ်ပင်ခြင်းပြစ်ဒဏ်ကို အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်က ချမှတ်လိမ့်မည်ဖြစ်သည်။

သို့သော် ရှာရာပိုဗာအား တားမြစ်ဆေးကျရှုံးသည့် သတင်းကို သတင်းစာရှင်းလင်းပွဲပြုလုပ်၍ တရားဝင်အသိပေးခဲ့ပြီးနောက် ၎င်းအား ထောက်ခံအားပေးသူများက အီးမေးလ်များပေးပို့၍ စိတ်ဓာတ်မကျဘဲ အခြေအနေအရပ်ရပ်ကို ရင်ဆိုင်ရန် နှစ်သိမ့်ခဲ့ကြကြောင်း သိရသည်။

ရှာရာပိုဗာကလည်း ယခုအခြေအနေကို ၎င်း၏ကစားသမားဘဝ အဆုံးသတ်အဖြစ် လက်မခံနိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ရှာရာပိုဗာက ၎င်းအနေဖြင့် မယ်လ်ဒိုနီယမ်ဆေးဝါးကို မှီဝဲနေရခြင်းမှာ ၎င်း၏အမျိုးမျိုးသော ကျန်းမာရေးအခြေအနေများကြောင့်ဖြစ်ကြောင်း၊ ယင်းဆေးကို လွန်ခဲ့သည့် ၂၀၀၆ ခုနှစ်ကတည်းက မှီဝဲနေခဲ့ရခြင်းဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

အသက် ၂၈နှစ်အရွယ်သာရှိသေးသည့် ရှာရာပိုဗာသည် ယခုအခါတွင် လော့စ်အိန်ဂျလိစ်ကမ်းခြေ၌ လေ့ကျင့်ခန်းများ ပြုလုပ်လျက်ရှိပြီး ၎င်းအနေနှင့် အကောင်းဆုံးအခြေအနေကိုမျှော်လင့်လျက်ရှိသကဲ့သို့ အဆိုးဆုံးအခြေအနေကို ရင်ဆိုင်ရန်လည်း အသင့်ပြင်ထားကြောင်း ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ တင်းနစ်အဖွဲ့ချုပ်အနေဖြင့် ရှာရာပိုဗာအား မတ် ၁၂ ရက်မှစတင်ကာပြိုင်ပွဲများတွင် ပါဝင်ကစားခြင်းမပြုရန် တားမြစ်ကန့်သတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

# နိုင်ဂျီးရီးယားနိုင်ငံသား ကီလီချီနဝါကာလီကို ငါးနှစ်စာချုပ်ဖြင့် အာဆင်နယ်အသင်း ခေါ်ယူ



အာဆင်နယ်အသင်းသည် နိုင်ဂျီးရီးယားနိုင်ငံသား ကီလီချီနဝါကာလီကို ငါးနှစ်စာချုပ် ချုပ်ဆို၍ ခေါ်ယူလိုက်ပြီဖြစ်သည်။

နဝါကာလီသည် ပြီးခဲ့သည့် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နိုင်ဂျီးရီးယား လက်ရွေးစင်အသင်းနှင့်အတူ ပါဝင်ကစားခဲ့ပြီး အကောင်းဆုံးကစားသမားဆုကို ရရှိခဲ့သူဖြစ်သည်။

နဝါကာလီကို အာဆင်နယ်အသင်းနှင့်အတူ အခြားပြိုင်ဘက်အသင်းများက စိတ်ဝင်စားခဲ့ကြသော်လည်း ၎င်းတက်ရောက်နေသည့် ဒိုင်မွန်းဘောလုံးအကယ်ဒမီက အာဆင်နယ်အသင်းတွင်သာ ပါဝင်ကစားနိုင်ရန် သဘောတူညီခဲ့သည်။

"ကျွန်တော် လန်ဒန်ကနေပြန်လာခဲ့ပါပြီ။ ကျွန်တော်နဲ့ အာဆင်နယ်အသင်းတို့ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ကြပါတယ်။ အသင်း တော်တော်များများက ကျွန်တော့်ကို စိတ်ဝင်စားကြပေမယ့် ကျွန်တော့်ရဲ့အိပ်မက်က အာဆင်နယ်အသင်းဖြစ်နေလို့ အာဆင်နယ်အသင်းကို ရွေးလိုက်တာပါ"ဟုနဝါကာလီက ပြောကြားခဲ့သည်။

နဝါကာလီသည် အာဆင်နယ်အသင်းတွင် လုပ်ခလစာပေါင်သုံးသိန်းရရှိမည်ဖြစ်ပြီး ၎င်းအနေဖြင့် ဇွန် ၁၈ ရက် ပရီးမီးယားလိဂ်အပြောင်းအရွှေ့ရာသီစတင်ချိန်တွင် တရားဝင်စာချုပ်ချုပ်ဆိုရမည်ဖြစ်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

နဝါကာလီကဲ့သို့ အင်္ဂလန်ပရီးမီးယားလိဂ်တွင် လာရောက်ကစားနေသည့် ၎င်း၏အသင်းဖော်တစ်ဦးမှာ အဲလက်စ်အီဝိုဘီဖြစ်သည်။ အီဝိုဘီသည်လည်း အာဆင်နယ်အသင်းတွင် ပါဝင်ကစားလျက်ရှိသည်။

အီဝိဘီသည် ယခုနှစ်ဘောလုံးရာသီတွင် အာဆင်နယ်အသင်းနှင့်အတူ ၁၁ ပွဲပါဝင်ကစားပေးခဲ့ပြီးဖြစ်သည်။




# သမ္မတလောင်းဒေါ်နယ်လ်ထရမ့်ရှေ့တွင် အကြိတ်အနယ်ယှဉ်ပြိုင်၍ Cadillac Championship ဖလားအား အဒမ်စကော့တ် အနိုင်ရယူ

ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမားတစ်ဦးဖြစ်သူ အဒမ်စကော့တ်သည် ပြီးခဲ့သည့် မတ် ၇ ရက်ကယှဉ်ပြိုင်ခဲ့သည့် Cadillac Championship ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ဘက်ကစားသမားများဖြစ်ကြသည့် မက်အီရှိုင်း၊ ဘတ်ဘာဝပ်ဆန်နှင့် ဒယ်နီယယ်ဝီလ်လက်တို့အား ကျော်ဖြတ်ကာ အနိုင်ရဗိုလ်စွဲနိုင်ခဲ့သည်။

အဆိုပါ Cadillac Championship ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ နောက်ဆုံးနေ့ပြိုင်ပွဲသို့ အမေရိကန်နိုင်ငံသမ္မတလောင်း ရီပတ်ဘလစ်ကန်ပါတီမှ ဒေါ်နယ်ထရမ့် လာရောက်ကြည့်ရှုခဲ့သည်။ ပြိုင်ပွဲ၏ နောက်ဆုံးကျင်းစိမ်ရိုက်ချက်တွင် အဒမ်စကော့တ်သည် ပြိုင်ဘက်များအား ကျော်ဖြတ်ကာ အနိုင်ရရှိခဲ့သည်။

ယင်းကဲ့သို့ အနိုင်ရရှိခဲ့ခြင်းသည် အမေရိကန်သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်အတွက်ဖြစ်သည်ဟု စကော့တ်က ပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲတွင်အဒမ်စတော့တ်က သတ်မှတ်ရိုက်ချက်အောက် ၁၂ ချက်လျှော့ရိုက်နိုင်ခဲ့ပြီး ပြိုင်ဘက် ဘတ်ဘာဝပ်ဆန်က သတ်မှတ်ရိုက်ချက် အောက် ၁၁ ချက်လျှော့ရိုက်နိုင်ခဲ့ကာ ဒုတိယရရှိခဲ့သည်။ မက်အီရှိုင်းနှင့် ဒန်နီယယ်ဝီလ်လက်တို့မှာမူ သတ်မှတ်ရိုက်ချက်အောက် ၁၀ ချက်လျှော့ရိုက်နိုင်ခဲ့ကာ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

# စတိဗ်မက္ကလာရင်ကို နယူးကာဆယ်အသင်းနည်းပြအဖြစ်မှ ထုတ်ပယ် ရာဖေးဘင်နီတက်ဇ်ကို အသင်း၏မန်နေဂျာအဖြစ် သုံးနှစ်စာချုပ်ဖြင့် ခန့်အပ်

နယူးကာဆယ်အသင်းသည် အသင်း၏မန်နေဂျာဖြစ်သူ စတိဗ်မက္ကလာရင်ကို ထုတ်ပယ်ပြီးနောက် ရာဖေးဘင်နီတက်ဇ်ကို အသင်း၏မန်နေဂျာအဖြစ် သုံးနှစ်စာချုပ် ချုပ်ဆိုကာ ခန့်အပ်လိုက်ပြီဖြစ်သည်။




ဘင်နီတက်ဇ်နှင့် နယူးကာဆယ်အသင်းမှ တာဝန်ရှိသူများသည် စိန့်ဂျိမ်းပတ်ကွင်းတွင် စာချုပ်ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။

နယူးကာဆယ်အသင်းသည် အသင်း၏မန်နေဂျာ မက္ကလာရင်လက်ထက်တွင် ၂၈ ပွဲကစား ၆ပွဲနိုင်၊ ၆ ပွဲသရေ၊ ၁၆ ပွဲရှုံး ရမှတ် ၂၄ မှတ်သာရရှိထားကာ ဇယားတိုင်၏အဆင့် ၁၉ နေရာတွင် ရပ်တည်လျက်ရှိကာ တန်းဆင်းဇုန်အတွင်းသို့ ရောက်ရှိနေသည့်အသင်းဖြစ်သည်။

ထိုကဲ့သို့ ရလဒ်များ ဆိုးရွားနေမှုကြောင့် အသင်းပိုင်ရှင်များက အသင်း၏မန်နေဂျာ စတိဗ်မက္ကလာရင်ကို ထုတ်ပယ်ကာ ဘင်နီတက်ဇ်ကို ခန့်အပ်လိုက်ခြင်းဖြစ်သည်။

ဘင်နီတက်ဇ်သည် နယူးကာဆယ်အသင်းနှင့် စာချုပ်မချုပ်ဆိုမီအသင်းမှ ကစားသမားများဖြစ်သည့် ကိုလိုချီနီနှင့် ရှိုဗေးတို့ကိုတွေ့ဆုံခဲ့ကြောင်း မေးလ်အွန်လိုင်းသတင်းတွင်ဖော်ပြထားသည်။

အသက်(၅၅)နှစ်အရွယ်ရှိပြီဖြစ်သည့် ဘင်နီတက်ဇ်သည် နယူးကာဆယ်အသင်းကို စတင်တာဝန်ယူပြီးနောက် မတ် ၁၂ ရက်တွင် လယ်စက်စတာအသင်းနှင့် အဝေးကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

လယ်စက်စတာအသင်းသည် ယခုနှစ်ပရီးမီးယားလိဂ်ဘောလုံးရာသီတွင် ချန်ပီယံလမ်းကြောင်းပေါ်သို့ ရောက်ရှိနေသည့် အသင်းကောင်းတစ်သင်းဖြစ်သည့်အတွက် ဘင်နီတက်ဇ်အနေဖြင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း သုံးသပ်လျက်ရှိသည်။

"ကျွန်တော်အနေနဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမှာပါ။ ဒါပေမယ့် ဒီစိန်ခေါ်မှုဟာ ကျွန်တော်တစ်ဦးတည်းအတွက် မဟုတ်ပါဘူး။ အသင်းက ကစားသမားတွေရော၊ အသင်းက တာဝန်ရှိသူတွေရော၊ ဝန်ထမ်းတွေအားလုံးပါ ရင်ဆိုင်ကြရမှာဖြစ်ပါတယ်"ဟု ဘင်နီတက်ဇ်ကပြောကြားခဲ့သည်။

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒလမြို့နယ် ကမာကဆစ်ဈေးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူလူထုများ စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ဆေးဝါးများ နှင့် ဝန်ဆောင်မှုများကို ဘေးဥပဒ် အန္တရာယ်ကင်းစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးကို ရည်ရွယ်၍ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တာဝန်ရှိသူများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)နှင့် ပူးပေါင်း၍ မတ် ၉ ရက်တွင် ဒလမြို့နယ်၊ ကမာကဆစ်ဈေး၌ ဈေးရောင်းချသူများအား စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း သိကောင်းစရာများကို အသိပညာပေး ဟောပြောဆွေးနွေးခြင်း၊ ဈေးအတွင်းရောင်းချလျက်ရှိသည့် ကုန်ပစ္စည်းများအား ကြည့်ရှုစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ ဌာနစုမှူး ဦးဖြေမင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ဈေးရောင်းချသူများသည်လည်း စားသုံးသူများဖြစ်သည့်အတွက် ဟောပြောဆွေးနွေးမှုများကို သေချာလိုက်နာမှတ်သားကြစေလိုကြောင်း ပြောကြားခဲ့ပြီး၊ ကုန်သွယ်မှု မြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၁၀) ဖြင့် ပြဋ္ဌာန်းခဲ့ပြီး အခန်း (၁၂) ခန်းနှင့် ပုဒ်မ (၃၁) ခု ပါရှိပြီး စားသုံးသူများ သိသင့်သိထိုက်သည့် အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ရည်ရွယ်ချက်များ စားသုံးသူတို့၏ အခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်တို့၏ အခွင့်အရေးနှင့် တာဝန်တားမြစ်ချက်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ စားသုံးသူတိုင်ကြားမှုများ ဖြေရှင်းရန် ဗဟိုကော်မတီဖွဲ့စည်းထားမှု၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းထားမှု၊ တိုင်ကြားမှုများကို တိုင်ကြားလိုပါက ဖုန်းဖြင့် (သို့မဟုတ်) စာဖြင့် တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားမှုပုံစံများရှိပြီး တိုင်ကြားသူကို လျှို့ဝှက်ထားပေးမည်ဖြစ်ကြောင်း၊ စားသုံးသူများ နစ်နာမှုရှိလာပါက နောက်ကြောင်းလိုက်နိုင်ရန် မိမိဆိုင်သို့ လာပို့သည့် အိမ်တွင်းမှု လုပ်စားသောက်ကုန်ပစ္စည်း မှန်သမျှ အနည်းဆုံး အမည်၊ ဖုန်း၊ လိပ်စာမပါရှိပါက လုံးဝ မရောင်းကြပါရန်နှင့် ရွေးချယ်ခွင့်ရရှိပါက မိမိ ကျန်းမာရေးအတွက် ဘေးကင်း လုံခြုံမှုရှိသော အစားအသောက်များကို မည်ကဲ့သို့ ရွေးချယ်စားသောက်ရမည်ကို အကျယ်တဝင့် ပြောကြားပြီးဈေးများ၏ ဆောင်ပုဒ်ပါ အချက်အလက်များသည် ကျန်းမာရေးအတွက် အလွန်ကောင်းပါသဖြင့် ဈေးသူ/ဈေးသားများအားလုံး လိုက်နာ ဆောင်ရွက်ကြစေလိုပါကြောင်း၊ စားသုံးသူ အကာကွယ်ပေးရေး လုပ်ငန်းများသည် တစ်ဦးတစ်ယောက် ဌာနတစ်ခုတည်း ဆောင်ရွက်ရန် မဖြစ်နိုင်သဖြင့် ပြည်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်ကြမှသာ အောင်မြင်မည်ဖြစ်၍ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်ဥမ္မာစိုးဝင်းက ဌာနအနေဖြင့် တင်သွင်း/တင်ပို့သည့် အစားအသောက်များကို စစ်ဆေးခြင်း၊ လိုင်စင် ထုတ်ပေးခြင်း၊ အစားအစာလူသုံး ကုန်ပစ္စည်းများတွင် အသုံးပြုသည့် ဓာတုဆိုးဆေးများအကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ စားသုံးရန်နှင့် သုံးစွဲရန်မသင့်သည့် ကုန်ပစ္စည်းများကို နိုင်ငံပိုင်သတင်းစာများတွင် ကြေညာပေးလျက်ရှိပါကြောင်း၊ ဈေးရောင်းချသူများအား ပညာပေးလက်ကမ်းစာစောင်များ ဝေငှ၍ ဆွေးနွေးပြောကြားခဲ့ပါသည်။ ထို့ပြင် ရှောင်တခင် စစ်ဆေးမှုများကို FDA မှဖွဲ့စည်းထားသည့် ကွန်ရက်အဖွဲ့တွင် ပါဝင်သော ပြည်ထဲရေးဝန်ကြီးဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူကာကွယ်ရေးအသင်း၊ စားသုံးသူရေးရာဦးစီးဌာနတို့နှင့်အတူ ဈေးများ၊ ဆေးဆိုင်များ၊ စက်မှုဇုန်များသို့ သွားရောက်ပြီး ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပါကြောင်း၊ စံချိန်စံညွှန်းမမီသောဆေးဝါး အတုများ၊အလှကုန်၊ ရေသန့်များကို တွေ့ရှိပါက စစ်ဆေး သိမ်းဆည်းပြီး အသိပညာပေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြောကြားသွားပါသည်။

ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက ဟောပြောဆွေးနွေးရာတွင် စားသုံးသူကာကွယ်ရေးနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများသည် ဆက်စပ်လျက်ရှိကြောင်း၊ ဈေးသူ/ဈေးသားများ အနေဖြင့် မိမိ၏ ဆိုင်ခန်းအလိုက်၊ ဈေးတန်းအလိုက် သန့်ရှင်းရေးလုပ်ငန်းများကိုလုပ်ဆောင်ပါက ဈေးရုံတစ်ခုချင်းမှဈေးတစ်ဈေးလုံး သန့်ရှင်းကောင်းမွန်လာကာ လာရောက်ဝယ်ယူသည့် စားသုံးသူ ပြည်သူများလည်း ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းသည့် စားသောက်ကုန်များကို ဝယ်ယူ စားသုံးနိုင်မည်ဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေ မပြဋ္ဌာန်းမီကတည်းက စားသုံးသူများကို အကာအကွယ်ပေးနိုင်မည့် ဆက်စပ်ဥပဒေများလည်း ပြဋ္ဌာန်းထားခဲ့ပြီးဖြစ်ကြောင်း၊ နမူနာအနေဖြင့် ရန်ကုန်မြို့တော စည်ပင်သာယာရေးကော်မတီမှ ပြဋ္ဌာန်းခဲ့သည့် ဥပဒေပုဒ်မ ၅၉(င)တွင်လည်း "မည်သူမျှလူတို့စားသုံးရန်မသင့်သော သား/ငါး၊ ဟင်းသီးဟင်းရွက်၊ အသီးအနှံ စသည့် အစားအသောက်များ၊ သက်ဆိုင်ရာဌာနများမှတာမြစ်ထားသည့် ဆေးဝါး/ အစားအသောက်၊ လူသုံးကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် အခါအားလျော်စွာ အမိန့်ထုတ်ပြန်၍ တားမြစ်ထားသည့် ပစ္စည်းများကို စည်ပင်သာယာဈေးနယ်နိမိတ်အတွင်း ရောင်းချခြင်း၊ တည်ခင်းခြင်း၊ သိုလှောင်ခြင်းမပြုရ" ဟု ပါရှိကြောင်း၊ ယင်းအချက်များကို လိုက်နာလျှင်ပင် စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို မိမိတို့အပိုင်းမှ လိုက်နာဆောင်ရွက်ပြီး ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း၊ စားသုံးသူ အကာအကွယ်ရေး လုပ်ငန်းများကို ဌာနဆိုင်ရာများမှ ကြိုးပမ်းအကောင်အထည်ဖော်နေသည့်အတွက် တက်ရောက်လာသူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။ အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ တာဝန်ရှိသူ၊ တောင်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ ဈေးရောင်းချသည့် ဈေးသူ/ဈေးသားများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကမာကဆစ်ဈေးသည် ဈေးအဆင့်(ခ) အဆင့်ဖြစ်ပြီး စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ဆေးဝါးရောင်းချသည့် ဆိုင်ခန်းပေါင်း ၃၃၅ ခန်းရှိကြောင်း သိရှိရပါသည်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

# ဈေးကွက်ထဲက စားသောက်ကုန်များနဲ့ စားသုံးသူအန္တရာယ် စုပေါင်းကာကွယ်ကြပါစို့

ယနေ့ မြန်မာနိုင်ငံတွင် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိတာကို သတင်းတချို့မှာ မကြာခဏ ဖတ်ရပါတယ်။ လူသားများအနေနဲ့ နံနက်အိပ်ရာထချိန်မှ ညအိပ်ရာဝင်ချိန်အထိ လူသုံးကုန်များ၊ အစားအသောက်များနဲ့ ကင်းကွာလို့မရနိုင်တာ အားလုံးသိကြမှာပါ။ နံနက်အိပ်ရာထလျှင်ထချင်း သွားတိုက်ဆေးကအစပြုလို့ နံနက်စာ၊ နေ့လယ်စာနဲ့ ညစာတို့အပြင် အခြားစားသောက်ဖွယ်ရာများကို ကလေးရော လူကြီးပါ မဖြစ်မနေစားသုံးကြရတာ လူ့လောကဓမ္မတာတစ်ခုဖြစ်ပါတယ်။

ဒီလိုစားသောက်ကြတဲ့ နေရာမှာ အဓိကအရေးကြီးဆုံးက ကျန်းမာရေးနဲ့ညီညွတ်ပြီး အာဟာရဖြစ်စေဖို့အတွက် အစားအစာဘေးအန္တရာယ်ကင်းရှင်းဖို့က အဓိကလိုအပ်ပါတယ်။ ယနေ့မြန်မာနိုင်ငံ အနေနဲ့လည်း အခြားသောကမ္ဘာ့နိုင်ငံများနည်းတူ စားသောက်မှုပုံစံများ ပြောင်းလဲလျက်ရှိနေပြီး အသင့်စားသုံးလို့ရတဲ့ အစားအစာများကို စားသုံးမှုများပြားလာသလို စားသောက်ကုန်ရဲ့ ထုတ်လုပ်မှုနည်းစဉ်များ ပြောင်းလဲနေတာကိုလည်း တွေ့ရမှာဖြစ်တဲ့အပြင် ကမ္ဘာလုံးဆိုင်ရာရောင်းဝယ်ဖောက်ကားမှုမှသည် စားသုံးသူ ပြည်သူများ ကင်ဆာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ကင်ဆာရောဂါဖြစ်ပွားမှု ကမ္ဘာ့အဆင့်(၂) နေရာမှာရှိကြောင်းကိုလည်း ဖတ်ခဲ့ကြဖူးမှာပါ၊ ကင်ဆာရောဂါဖြစ်ပွားခြင်းကို ကျန်းမာသန့်ရှင်းသော အစားအစာများ စားသုံးခြင်းဖြင့် ၇၅ ရာခိုင်နှုန်း ကာကွယ်နိုင်ပါတယ်။ အထူးသဖြင့် တာရှည်ခံအောင် ပြုလုပ်ထားတဲ့ အစားအစာများ၊ ဓာတုဆိုးဆေးများ အသုံးပြုထားတဲ့ အစားအစာများနဲ့ အချိုရည်များအပြင် သဘာဝကိုလွန်ဆန်ပြီး ဓာတုနည်းပညာနဲ့ ထုတ်လုပ် ထားတဲ့ အစားအသောက်များကို ရှောင်ကြဉ်ကြဖို့ လိုအပ်လာပါတယ်။

အထူးသဖြင့် ဈေးကွက်အတွင်းမှာ မြန်မာစာဖြင့် ရေးသားထားခြင်းမရှိဘဲ မည်သည့် ကုန်ကြမ်းများဖြင့် မည်သို့ ထုတ်လုပ်ထားကြောင်း မသိရတဲ့ သက်တမ်းကုန်ဆုံးရက် မပါရှိတဲ့ စားသောက်ကုန်များ နေရာယူနေတာကို တွေ့ရပါတယ်။ စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များမှာ ပြည်သူတစ်ရပ်လုံးပါဝင်ဖို့ အသိအမြင် ဗဟုသုတတွေ ပြည့်စုံပြီး စားသုံးသူကိုယ်တိုင်ကလည်း ရွေးချယ်စားသောက်တတ်ဖို့ လိုအပ်လျက်ရှိပါတယ်။

ယင်းကိစ္စနဲ့ ပတ်သက်လို့ ရှမ်းပြည်နယ်၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းစဉ်များမှာ လိုက်ပါပူးပေါင်း ဆောင်ရွက်နေတဲ့ တာဝန်ရှိသူတစ်ဦးကို မေးမြန်းရာမှာ မတ် ၃ ရက်က ရှမ်းပြည်နယ် တောင်ကြီးမြို့ပေါ်မှာရှိတဲ့ စတိုးဆိုင်ကြီးနှစ်ဆိုင်ကို ရှမ်းပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးကော်မတီအဖွဲ့စုံဖြင့် နို့နှင့် နို့ထွက်ပစ္စည်းများကို စစ်တမ်းကောက်ယူ ဈေးကွက်ထောက်လှမ်း စိစစ်ခြင်းဆောင်ရွက်ရာမှာ သတ်မှတ် ဘာသာနဲ့ ဖော်ပြထားခြင်းမရှိတဲ့ နို့နဲ့နို့ထွက်ပစ္စည်း ၁၄ မျိုး အပါအဝင်စားသောက်ကုန် အများအပြားမှာ ဈေးကွက် တင်ခြင်းဆိုင်ရာ အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိတာတွေ့ခဲ့ရပါတယ်။

အရောင်းဝန်ထမ်းတစ်ဦးကို မေးမြန်းကြည့်ရာမှာ တရုတ်ကလာတဲ့ အချိုရည်နဲ့ နို့ထွက်ပစ္စည်းအများစုက ဒီလိုပဲလာကြောင်းနဲ့ သက်တမ်းကုန်ရက်စွဲများ မပါဘူးလို့သိရကြောင်း အဆိုပါအရာရှိက ပြောပါတယ်။

ဒါကို ထောက်ရှုခြင်းအားဖြင့် ဈေးကွက်ထဲမှာ စားသုံးသူကိုအန္တရာယ်ပြုနေတဲ့ ကုန်ပစ္စည်းများ အများအပြား ရှိနေတာကို ဒီအတိုင်းကြည့်နေကြမယ်ဆိုရင် စားသုံးသူပြည်သူအများရဲ့ ကျန်းမာ ရေး၊ စီးပွားရေးနဲ့ လူ့စွမ်းအား အရင်းအမြစ်တွေ အများကြီး ထိခိုက်ဆုံးရှုံးပြီး ကိုယ့်လူမျိုးကို တဖြည်းဖြည်းဝါးမျိုနေတဲ့ စားသုံးသူများအတွက် အန္တရာယ်ဆိုးကြီး ပိုမိုကျရောက်လာမှာဖြစ်တဲ့အတွက် ဈေးကွက်ထဲက စံမမှီစားသောက်ကုန်တွေကို အမျိုးသားရေးအမြင်ဖြင့် စုပေါင်းတားဆီးကာကွယ်ဆောင်ရွက်သွားကြပါစို့လို့ တိုက်တွန်းအပ်ပါတယ်။ စားသုံးသူပြည်သူ အပေါင်း စားသုံးသူအကာအကွယ်ပေးရေးရဲ့ထီးရိပ်အောက်မှာ ကျန်းမာပျော်ရွှင်တဲ့ ဘဝတွေက အမြန်ရကြရောက်ရှိခံစားနိုင်ကြပါစေ-

**မင်းအောင် - တောင်ကြီး**

# မုံရွာမြို့တွင် စားသုံးသူအကာကွယ်ပေးရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှကြီးမှူး၍ မူမမှန်သည့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများအတွက်ပညာပေးခြင်း၊ အရေးယူဆောင်ရွက်သည့် နည်းလမ်းများဖြင့် စားသုံးသူပြည်သူများကို အကာအကွယ်ပေးနိုင်ရန် ရည်ရွယ်လျက်စားသုံးသူအကာအကွယ်ပေးရေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၀ရက်က မုံရွာကုန်စည်ဒိုင်၌ ကျင်းပပြုလုပ်ခဲ့ရာ မိတ်ဘက်ဌာနဆိုင်ရာများ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ SRCCI၊ မုံရွာကုန်စည်ဒိုင်နှင့် အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များ စုစုပေါင်း ၁၃၀ ဦး တက်ရောက်ခဲ့ကြပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံစီးပွားဝန်ကြီး ဦးစိန်မောင်းက စားသုံးသူ အကာအကွယ်ပေးရေး ဟောပြော ဆွေးနွေးပညာပေးမှုများကို ၂၀၁၄-၂၀၁၅ နှစ်အတွင်း ၁၀၁ ကြိမ်၊ ၂၀၁၅-၂၀၁၆ နှစ်အတွင်း ၆၄၄ ကြိမ် ဆောင်ရွက် နိုင်ခဲ့တဲ့အတွက် ပညာပေးမှုများမှာ အားရဖွယ်ဖြစ်ပါကြောင်း စစ်ဆေးဆောင်ရွက်မှုနှင့် အငြင်းပွားမှုဖြေရှင်းရေးကော်မတီ လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် လိုပါကြောင်း ပြောကြားခဲ့ပါတယ်။

အလုပ်ရုံဆွေးနွေးပွဲမှာ မုံရွာစီးပွားရေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာအောင်ကျော်က "စားသုံးသူကာကွယ်ရေးမှ မျှတသောပြိုင်ဆိုင်မှုပတ်ဝန်းကျင်နှင့် သက်ရှည်ကျန်းမာသော မြန်မာ့လူ့ဘောင် အသိုင်းအဝိုင်းတည်ဆောက်ရေးဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ လုံခြုံစိတ်ချရသော အစားအသောက် ဆေးဝါးနှင့်အသုံးအဆောင်များကို မသိခြင်း၊ သိသော်လည်း ဝယ်ယူအသုံးမပြုနိုင်သောကြောင့် ကျန်းမာရေး၊ လူမှုစီးပွားရေးထိခိုက်ရခြင်း၊ အခြား ဝန်ဆောင်မှုများတွင်လည်း မဟုတ်မမှန်ခြင်း၊ ကျင့်ဝတ်နှင့်မညီခြင်း၊ တရားမျှတခြင်းမရှိသောအပြုအမူများ ရှိနေခြင်းကြောင့် စားသုံးသူများကို ကာကွယ်ပေးနိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်ရာ သုတေသနတိုင်းတာမှုနည်းလမ်းဖြင့် ကောက်ယူထားသည့် ရလဒ်များကို ရှင်းလင်းဆွေးနွေးကာ စားသုံးသူဥပဒေနှင့်အညီ အကာအကွယ်ပေးမှုပိုမိုအားကောင်း လာတော့မည်ဟု မျှော်လင့်ကြောင်း ပြောကြားဆွေးနွေးခဲ့ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှ ဒေါ်တင်နီလာဌေးက FDA မှ Mobile Lab ဖြင့်စစ်ဆေးဆောင်ရွက်ခဲ့မှုလုပ်ငန်းများ သုံးစွဲရန်မသင့်သည့် ပစ္စည်းများ ထုတ်ပြန်ကြေငြာပေးမှု အခြေအနေများကိုဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက မြို့နယ်အသီးသီးသို့ လာရောက်စစ်ဆေးပေးရန် ပြောကြားဆွေးနွေးခဲ့ကြပါတယ်။

ရွှေဘိုခရိုင် ဆန်စပါးကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးလှပေါက ပြည်သူများ အဓိကစားသုံးသည့် ဆန်သည် လုံခြုံစိတ်ချရမှု အရှိဆုံး ဖြစ်ရမည်ဖြစ်ကြောင်း၊ ယခု ခေတ်မီနည်းပညာများ သုံးစွဲခြင်းဖြင့် အထွက်နှုန်းကောင်း ၊ အရည်အသွေးကောင်း ဆန်များထုတ်လုပ်နိုင်မည်ဖြစ်သော်လည်း ဓာတ်ကြွင်းမကျန်အောင် စိုက်ပျိုးသည်မှစတင်၍ ဂရုပြုရမည်ဖြစ်ကြောင်း၊ ယခုချိန်အထိအလေးချိန် ချိန်တွယ်ရာတွင် တင်းတောင်းစနစ်ဖြင့် အသုံးပြုနေကြခြင်းကြောင့် ဒေသတစ်ခုနှင့်တစ်ခု ကိုက်ညီမှုမရှိသည်များကြောင့်လည်း စားသုံးသူများ နစ်နာနေခြင်းကြောင့် ပူးပေါင်းအဖြေရှာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးက မြန်မာလူမျိုးတွေအနေနဲ့ နိုင်ငံခြားမှ တင်သွင်းသောဆီများကို စားသုံးသောဓလေ့စရိုက်များ ပြားလာကြောင်း၊ မည်သည့်ပစ္စည်း သုံးစွဲသည်ဖြစ်စေ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိသော ပစ္စည်းများကိုသာ ရွေးချယ်သုံးစွဲသင့်ကြောင်း၊ စားဆီတွင်လည်း ပဲဆီစစ်စစ်ဟု သုံးစွဲကြရာစစ်ရုံတင်သာမက သန့်ဖို့ပါလိုသဖြင့် ကုန်ကြမ်းမှစတင်၍ ကြိတ်ခွဲထုတ်လုပ်ထုပ်ပိုး ရောင်းချသည်အထိ သန့်စင်ဖို့လိုအပ်ကြောင်း၊ စားသုံးသူများ စားသုံးဆီကို ကောင်းကောင်း နားလည်ပြီးမှ သုံးစွဲရန်နှင့် မြန်မာနိုင်ငံ၏ ဆီအဆင့်အတန်းမြှင့်မားရေးအတွက် ဆီအသင်းမှ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြားပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်က "မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဆိုင်ရာ အလေ့အကျင့်ကောင်းများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ကမ္ဘာ့လူဦးရေတိုးတက်များပြားလာသည်နှင့် အမျှ စားသောက်နေထိုင်မှု တိုးတက်ပြောင်းလဲလာရာ အရည်အသွေးကောင်းမွန်မှု အရေးကြီးလာကြောင်း၊ နိုင်ငံအသီးသီးကလည်း လုံခြုံစိတ်ချရသောစားသောက်ကုန်များ ထွက်ရှိရေးအတွက် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းသတ်မှတ်လာကြရာ GAPအရ မဖြစ်မနေလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကိရိယာများ သုံးစွဲမှုမှအစ ဓာတ်မြေဩဇာပိုးသတ်ဆေး စနစ်တကျသုံးစွဲမှု မှတ်တမ်းတင်ထားကာ အန္တရာယ်မှကာကွယ်ရန် အနည်းဆုံးထိခိုက်မည့် နည်းလမ်းကို ရှာဖွေဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍမှ စားသုံးသူကိုအကာကွယ်ပေးရမည်ဖြစ်ကြောင်း ပြောကြား ဆွေးနွေးပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူး ဦးခင်ဇော်က "စားသုံးသူအကာအကွယ်ပေးရေး"ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေကို ၂၀၁၄ ခုနှစ် မတ်၁၄ရက်တွင် ပြဋ္ဌာန်းပြီး စားသုံးသူအကာအကွယ်ပေးရေးနှင့် ပတ်သက်သည့်အသိပညာဗဟုသုတများအား ပြည်သူများသိရှိနိုင်ရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေးနှင့်တာဝန်များ၊ တားမြစ်ချက်များ၊ စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကာ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ထုတ်လုပ်သူများ၊ စားသုံးသူများ ပူးပေါင်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားဆွေးနွေးခဲ့ပါတယ်။

တက်ရောက်လာသူများရဲ့ မေးမြန်းဆွေးနွေးမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ဖြေကြားရှင်းလင်းဆွေးနွေးကာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် စားသုံးသူရေးရာဌာနခွဲ ညွှန်ကြားရေးမှူးဦးအောင်မောင်းတို့က ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးပေးကာ အလုပ်ရုံဆွေးနွေးပွဲ၏ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများအဖြစ် ဆန်နှင့်စားသုံးဆီများ စစ်ဆေးလိုပါက ရန်ကုန်လှည်းကူး CTQM နှင့်မန္တလေး MITS ဓာတ်ခွဲခန်းများသို့ ပေးပို့ စစ်ဆေးနိုင်ကြောင်း၊ ယခုလို ပညာပေး အလုပ်ရုံဆွေးနွေးပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ဆောင်ရွက်သွားရန်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် တောင်သူများ GAP နည်းပညာရပ်များပြန့်ပွားစေရေးအတွက် စိုက်ပျိုးရေးနှင့်လည်းကောင်း၊ စားသုံးသူကာကွယ်ရေးနှင့် ပတ်သက်၍ ရလဒ် စစ်တမ်းကောက်ယူမှုအတွက် စီးပွားရေးတက္ကသိုလ်နှင့်လည်းကောင်း၊ အလေးတင်းတောင်းအချိန်အတွယ်စနစ်ကို တစ်ပြေးညီဖြစ်စေရေးအတွက် ကုန်သည်စက်ပိုင်များနှင့် လည်းကောင်း၊ စစ်ဆေးပညာပေးရာတွင် ပိုမိုမြန်ဆန်ထိရောက်စေရန် လူမှုအဖွဲ့အစည်းများနှင့်လည်းပူးပေါင်းဆောင်ရွက်ရန်နှင့် အားကောင်းသန်မာ ဘက်မလိုက်သော စားသုံးသူအကာအကွယ်ပေးရေးအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်သွားရန် တို့ကို ဆွေးနွေးဆုံး ဖြတ်ခဲ့ကြပါတယ်။ စားသုံးသူအကာအကွယ် ပေးရေးဥပဒေ၏ ထီးရိပ်အောက်တွင် စားသုံးသူဆိုင်ရာ အခွင့်အလမ်းများ အပြည့်အဝရရှိခံစားနိုင်စေရေးကို ဤအလုပ်ရုံဆွေးနွေးပွဲမှ တစ်စိတ်တစ်ပိုင်း ပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။

**ရီလင်းထွန်း - မုံရွာ**

## ယင်းမာပင်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းတွင် မတ် ၃ ရက် နေ့လယ်က အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူး၊ ယင်းမာပင်ခရိုင် ပြည်တွင်းအခွန်ဦးစီးဌာန၊ ယင်းမာပင်ခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းပိုဦးစီးသည့် ဝန်ထမ်း ၅ ဦးသည် မိမိတို့ဌာနအသီးသီးမှ ဆောင်ရွက်ချက်များကို သင်တန်းသူများအား ဆွေးနွေးဟောပြောခဲ့ပါသည်။

ဟောပြောပွဲတွင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးက မြန်မာနိုင်ငံ၌ အာဆီယံအမွေအနှစ် ဥယျာဉ်များအကြောင်း သိကောင်းစရာများကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး ပြည်တွင်းအခွန် များဦးစီးဌာနမှ ဦးစီးအရာရှိကလည်း အခွန်အမျိုးအစားများအကြောင်းကို အသေးစိတ်ခွဲခြား ရှင်းလင်းပြောကြားခဲ့ပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းပိုက စားသုံးသူအကာအကွယ်ပေးရေးအကြောင်းသိကောင်းစရာများနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူတို့၏အခွင့်အရေး၊ စားသုံးသူတို့ရပိုင်ခွင့်နှင့် စီးပွားရေးသမား၏ လုပ်ငန်းတာဝန်များ၊ စားသုံးသူ အငြင်းပွားမှုဖြစ်လျှင် ဖြေရှင်းမည့် နည်းလမ်းများအကြောင်း၊ စားသုံးသူတို့၏ ရွေးချယ်မှု မှန်ကန်ရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ တိုးတက်လာတဲ့ခေတ်နှင့်အညီ စားသောက်ကုန်ပစ္စည်းများမှာဆိုရင်လည်း ဓာတုဆေးများသုံးစွဲထားကြောင်း၊ ဟင်းချိုမှုန့်များနှင့် အသားဟင်းခတ်မှုန့်များမှာလည်း တာရှည်ခံဆေး၊ မှိုသတ်ဆေးများနှင့် အခြားဓာတုဆေးများပါဝင်သောကြောင့် လွန်ကဲစွာ စားသုံးမိလျှင် ဖြစ်ပွားတတ်သော နောက်ဆက်တွဲဆိုးကျိုးများကြောင့် မိမိတို့ နေ့စဉ်နဲ့အမျှသုံးစွဲနေတဲ့ ဆီများမှာလည်း မသန့်ရှင်းသော ဆီများကို ပြန်လည်သန့်စင်စေပြီး ဓာတုဆေး အနည်းအများထည့်ကာ ဈေးကွက်အတွင်းသို့ ပြန်လည်ရောင်းချကြောင်း၊ အသား၊ ငါး (အေးခဲသား) စသည်တို့ကိုလည်း ကြာရှည်ခံအောင် ဆေးများထည့်သွင်းထားကြောင်း ရှင်းလင်း ပြောကြားပြီး သင်တန်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေ၍ သင်တန်းဆရာမကြီးအား ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်သော ခွင့်မပြု ဓာတုဆိုးဆေးပါ မုန့်အမည်စာရင်းစာရွက်များနှင့် ဌာနမှထုတ်ဝေသော ကောမတ်စ်ဂျာနယ်များ ပေးအပ်ခဲ့ပါသည်။ ဟောပြောပွဲတွင် ယင်းမာပင်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းမှ ဆရာမ ၁၅ ဦးနှင့် သင်တန်းသူ ၆၉ ဦးတက်ရောက်ခဲ့ပါသည်။

**မိုးမိုးမြင့်- ယင်းမာပင်**

# အာဆီယံနဲ့ ဆက်ဆံရေးတိုးတက်ခိုင်မာရေးအတွက် အိန္ဒိယနိုင်ငံ ကြိုးပမ်း




အိန္ဒိယ-အာဆီယံ ဆက်ဆံရေးနဲ့ ပတ်သက်ပြီး (၈) ကြိမ်မြောက်ဒေလီဆွေးနွေးပွဲ (8th Delhi Dialogue) ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ကြောင်း အီကိုနိုမီဝပ်ချ်သတင်းမှာ ဖော်ပြပါတယ်။

အိန္ဒိယနိုင်ငံရဲ့ အရှေ့မျှော် (Look East) မူဝါဒအရ အရှေ့တောင်အာရှနိုင်ငံများနဲ့ ကုန်သွယ်မှုတိုးမြှင့်ရေးနဲ့ မဟာဗျူဟာမြောက် ဆက်ဆံရေးအတွက် အိန္ဒိယနိုင်ငံက ၁၉၉၁ ခုနှစ်ကစပြီး တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ အာဆီယံဒေသက အိန္ဒိယနိုင်ငံရဲ့ စတုတ္ထမြောက်အကြီးမားဆုံး ကုန်သွယ်ဖက်ဒေသတစ်ခုဖြစ်လာပါတယ်။ အခြားအကြီးမားဆုံး ကုန်သွယ်ဖက်ဒေသတွေက တရုတ်၊ ဥရောပသမဂ္ဂ(အီးယူ)နဲ့ အမေရိကန်ပြည်ထောင်စုတို့ ဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံအနေနဲ့ အာဆီယံဒေသနဲ့ ဆက်ဆံရေး ကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်ရတဲ့ ရည်ရွယ်ချက်က သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုဆက်ဆံရေးထူထောင်ဖို့၊ ဈေးကွက်ချဲ့ထွင်ဖို့၊ ဒေသတွင်းမှာ တရုတ်နိုင်ငံရဲ့ ဩဇာ သက်ရောက်မှုကို တန်ပြန်ဖို့နဲ့ ဒေသတွင်း အင်အားကြီးနိုင်ငံအဖြစ် အိန္ဒိယနိုင်ငံက ရပ်တည်နိုင်ဖို့အတွက် ဖြစ်ပါတယ်။ ဒါပေမယ့် ဒေသတွင်းနိုင်ငံတွေနဲ့ အိန္ဒိယနိုင်ငံရဲ့ ဆက်ဆံရေးက မူလရည်မှန်းထားသလောက် ခရီးမရောက်ခဲ့ပါဘူး။ အဓိကအားဖြင့် အာဆီယံနဲ့ ဆက်ဆံရေးခိုင်မာမှုက ကမ္ဘာ့အင်အားကြီးနိုင်ငံအဖြစ် အိန္ဒိယနိုင်ငံရဲ့အနေအထားကို မြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်။ ၂၀၀၉ ခုနှစ်က အာဆီယံဒေသနဲ့ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုပြီးချိန်ကစပြီး ကုန်သွယ်မှုက အစဉ်တစိုက်တိုးတက်လာပြီး ရင်းနှီးမြှုပ်နှံမှုတွေလည်း အမြောက်အမြား စီးဝင်ခဲ့ပါတယ်။ ဒါပေမယ့် အိန္ဒိယ-အာဆီယံဆက်ဆံရေးကိုအပြည့်အဝ ဖော်ဆောင်နိုင်အောင်ကြိုးပမ်းဖို့ လိုအပ်ပါတယ်။

ဒေလီဆွေးနွေးပွဲက နှစ်စဉ်ကျင်းပတဲ့ ဆွေးနွေးပွဲဖြစ်ပြီး အိန္ဒိယနဲ့ အာဆီယံဒေသတွင်း နိုင်ငံတွေက စီးပွားရေး၊ လုံခြုံရေးနဲ့ စီးပွားရေးရာကိစ္စတွေကို ဆွေးနွေးတဲ့ ဆွေးနွေးပွဲဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာကိစ္စရပ် အမြောက်အမြားပါဝင်ပြီး စီးပွားရေးလုပ်ငန်းဆွေးနွေးပွဲ၊ဝန်ကြီးအဆင့်ဆွေးနွေးပွဲနဲ့ ပညာရှင်အဆင့်ဆွေးနွေးပွဲတွေပါဝင်ပါတယ်။

**ညဏ်တင်-စစည်းတင်ပြသည်**

# အာဆီယံ+၃ ဘွန်းစာချုပ်ထုတ်ဝေမှု အစီအစဉ်ကို ဖိလစ်ပိုင်က စတင်ဆောင်ရွက်မည်

အာဆီယံ+၃ ရဲ့ ငွေကြေးမျိုးစုံနဲ့ ဘွန်းစာချုပ်ထုတ်ဝေမှုအစီအစဉ်မှာ ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်သူနိုင်ငံတစ်နိုင်ငံအဖြစ်ပါဝင်ဆောင်ရွက်မှာဖြစ်ကြောင်းနဲ့ ဒီအစီအစဉ်က အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB) ရဲ့ အစီအစဉ်တစ်ခုဖြစ်ပြီး အစီအစဉ်မှာပါဝင်တဲ့နိုင်ငံတွေအချင်းချင်းဘွန်းစာချုပ် အပြန်အလှန်ထုတ်ဝေမှုကို လွယ်ကူချောမွေ့စေအောင် အထောက်အကူပေးမှာဖြစ်ကြောင်း မနီလာတိုင်းမ်အွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

ယခု မူဘောင်က နှစ်နိုင်ငံအပြန်အလှန်သဘောတူညီချက်သဖွယ်ဖြစ်ပြီး ဒီမူဘောင်အရ ပါဝင်တဲ့နိုင်ငံတွေမှာရှိတဲ့ ကော်ပိုရေးရှင်းတွေက သက်ဆိုင်ရာလက်ခံနိုင်ငံအတွင်းမှာ ဘွန်းစာချုပ်တွေထုတ်တဲ့အခါ အထူးအခွင့်အရေးကိုခံစားခွင့်ရှိမှာဖြစ်ကြောင်းနဲ့ လက်ခံနိုင်ငံက အဆိုပါ ဘွန်းစာချုပ်ကိုလက်ခံဆောင်ရွက်ရမှာဖြစ်ပြီး ကန့်သတ်ချက်များကို အနည်းဆုံးဖြစ်အောင်ထားရှိရမှာဖြစ်ကြောင်း အာမခံစာချုပ်စာတမ်းများနှင့် ငွေကြေးလဲလှယ်ရေးကော်မရှင် (Securities and Exchange Commission-SEC) မှ ဥက္ကဋ္ဌ တဲရဲဆီတာဟာဘိုဆာက ပြောပါတယ်။ ဒီအစီအစဉ်ကို ယခုနှစ်အတွင်း အကောင်အထည်ဖော်ဖို့ ရည်မှန်းထားပါတယ်။

"သဘောတူစာချုပ်မှာ လက်မှတ်ရေးထိုးပြီးပါဝင်မယ့် နိုင်ငံတွေက တခြားနိုင်ငံတွေရဲ့ ပိုင်နက်မှာ ဘွန်းစာချုပ်တွေကို အပြန်အလှန်ရောင်းချခွင့်ရှိမှာ ဖြစ်ပါတယ်။ အာဆီယံ+၃ နိုင်ငံတွေအနေနဲ့ ဘွန်းစာချုပ်ထုတ်ဝေခွင့် မှတ်ပုံ တင်လျှောက်ထားမှုကိုလက်ခံမယ့် နိုင်ငံအရေအတွက်ကို ကန့်သတ်ချက်အနည်းငယ်သာထားရှိရမှာဖြစ်တဲ့အတွက် နိုင်ငံစုံအပြန်အလှန်သဘောတူစာချုပ်အဖြစ် ဆောင်ရွက်နိုင်ပါတယ်"လို့ ဟာဘိုဆာက ပြောပါ တယ်။

အာဆီယံ+၃ (ဂျပန်+တောင်ကိုရီးယား+တရုတ်) ငွေကြေးမျိုးစုံဘွန်းစာချုပ်ထုတ်ဝေမှု မူဘောင် (Ambif) အရ စာချုပ်ထဲမှာပါဝင်တဲ့ နိုင်ငံတွေက သက်ဆိုင်ရာနယ်နိမိတ်တွေထဲမှာ အချင်းချင်းဘွန်းစာချုပ်တွေ အပြန်အလှန်ထုတ်ဝေနိုင်တဲ့ အစီအစဉ်ဖြစ်ကြောင်း SEC ရဲ့ တွဲဖက်ကော်မရှင်နာ အက်ဖီရိုလူးဝစ်အမာတောင်က ပြောပါတယ်။

# အာဆီယံအမျိုးသမီးစွန့်ဦးတီထွင်သူများ ကွန်ဖရင့်သို့ အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသမီး ၃၀၀ ကျော်တက်ရောက်

မတ် ၄ ရက်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ "အေအီးစီဖွံ့ဖြိုးတိုးတက်ရေးတွင် အမျိုးသမီးစွန့်ဦးတီထွင်သူများ ဖော်ထုတ်ရေး" (Fostering Women Entrepreneurs in Advancing the AEC Development) ဆိုတဲ့ ကွန်ဖရင့်ကို ကျင်းပခဲ့ရာ အဖွဲ့ဝင် ၁၀ နိုင်ငံမှ အမျိုးသမီး စွန့်ဦးတီထွင်သူ ၃၅၀ ကျော် တက်ရောက်ခဲ့ကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီရဲ့သတင်းမှာ ဖော်ပြပါတယ်။

အာဆီယံအမျိုးသမီး စွန့်ဦးတီထွင်သူများကွန်ရက် (ASEAN Women Network) ရဲ့ လှုပ်ရှားမှုတစ်ရပ်အဖြစ်ဆောင်ရွက်တဲ့ ဒီဖိုရမ်မှာ စီးပွားရေးလုပ်ငန်းတွင် အမျိုးသမီးများပါဝင်မှု အလားအလာ၊ သူတို့ရင်ဆိုင်နေရတဲ့ ဖိအားပေးမှုစတဲ့ အကြောင်းအရာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ အလားတူ မိမိတို့သက်ဆိုင်ရာနိုင်ငံများနဲ့ အာဆီယံဒေသရဲ့ စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာမှာ သူတို့ရဲ့ အသိဉာဏ်နဲ့ စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပေးမယ့် ဖြေရှင်းချက်အဖြေများကိုလည်း စဉ်းစားဖော်ထုတ်ခဲ့ကြပါတယ်။

"ဗီယက်နမ်အမျိုးသမီးများအပါအဝင် အာဆီယံအမျိုးသမီးစွန့်ဦးတီထွင်သူတွေက ယှဉ်ပြိုင်နိုင်မှုစွမ်းဆောင်ရည်တိုးတက်ကောင်းမွန်ရေးနဲ့ အာဆီယံပေါင်းစည်းရေးကို နက်ရှိုင်းစွာဆောင်ရွက်နိုင်ဖို့အတွက် သူတို့ရဲ့ စွမ်းအားအလားအလာတွေကို တိုးတက်အောင်ဆောင်ရွက်ရာမှာ အခြားစီးပွားရေးလုပ်ငန်းများနဲ့ ဆက်သွယ်ပြီး ပူးပေါင်းဆောင်ရွက်ရေး စတဲ့အချက်တွေကို ဦးစားပေးဆောင်ရွက်သွားဖို့ လိုပါတယ်"လို့ အခမ်းအနားဖွင့်ပွဲမှာ ကွန်ရက်ရဲ့ ဒုတိယဥက္ကဋ္ဌ ငုယင်သီဒိုအမ်က ပြောပါတယ်။

အမျိုးသမီးစွန့်ဦးတီထွင်သူတွေက အာဆီယံအသင်းရဲ့ပေါင်းစည်းမှုနဲ့ တီထွင်ဖန်တီးမှုကို အထောက်အကူပေးပြီး အပြည်ပြည်ဆိုင်ရာနယ်ပယ်မှာ အာဆီယံဂုဏ်သိက္ခာ ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရင်း မူဝါဒဆိုင်ရာ သုံးသပ်မှုနဲ့ အာဆီယံအစိုးရများညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်တွေမှာ အမျိုးသမီးစွန့်ဦးတီထွင်သူတွေက အရေးပါတဲ့ အခန်းမှ ပါဝင်ခဲ့ကြကြောင်း သူမက ပြောပါတယ်။

အာဆီယံ စွန့်ဦးတီထွင်သူများ အသိုက်အဝန်း အထူးသဖြင့် အမျိုးသမီးစွန့်ဦးတီထွင်သူများ အသိုက်အဝန်းစည်းလုံးညီညွတ်မှုက အေအီးစီဖွံ့ဖြိုးရေးအတွက် ပိုမိုလှုံ့ဆော်အားပေးနိုင်ကြောင်းနဲ့ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းအချင်းချင်း အကျိုးစီးပွားမျှဝေခံစားစေနိုင်မယ့်အပြင် အပြည်ပြည်ဆိုင်ရာ ပေါင်းစည်းရေးအတွက် အထောက်အကူ ပေးနိုင်ကြောင်း အာဆီယံ အထွေထွေအတွင်းရေးမှူး လီလျောင်မင်းက ပြောပါတယ်။

# အာဆီယံဒေသတွင်း ကုန်သွယ်မှုက အီးယူဒေသတွင်း ကုန်သွယ်မှုထက် ပိုမို

အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ကုန်သွယ်မှုကို အာဆီယံအုပ်စုတစ်ခုလုံးရဲ့ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုးအရကြည့်ရင် တခြားဒေသတွင်း နိုင်ငံများအချင်းချင်း ကုန်သွယ်မှုအချိုးအစားထက် သေးငယ်တယ်လို့ ထင်ရကြောင်း၊ သေသေချာချာခွဲခြမ်းစိတ်ဖြာလေ့လာကြည့်တဲ့အခါ အာဆီယံဒေသအတွင်း ကုန်သွယ်ဆက်ဆံရေးက ယခင်ကမျှော်မှန်းထားတာထက် ပိုမိုများပြားတာကို တွေ့ရကြောင်း အေရှုဝမ်းသတင်းမှာ ဖော်ပြပါတယ်။

နောက်ဆုံးပြုစုထားတဲ့ ဒေသတွင်း အပြန်အလှန်ဆောင်ရွက်တဲ့ ကုန်သွယ်မှုအခြေအနေပြ အညွှန်းကိန်း Trade Intensity Index TTI အရ ဒေသ တွင်းအချင်းချင်းကုန်သွယ်မှုမှာ အာဆီယံနိုင်ငံများက ဥရောပသမဂ္ဂ (အီးယူ) နိုင်ငံများထက် ၇၃ ဒသမ ၅ ရာခိုင်နှုန်း ပိုမိုပါတယ်။ အာရှဖွံ့ဖြိုးရေးဘဏ် (အေဒီဘီ) နဲ့ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) တို့ ပြုစုထားတဲ့စာရင်းအရ ၂၀၁၄ ခုနှစ်မှာ အာဆီယံဒေသရဲ့ ဒေသတွင်း အပြန်အလှန် ကုန်သွယ်မှုအညွှန်းကိန်း TTI က ၃ ဒသမ ၅၄ ရာခိုင် နှုန်းရှိပါတယ်။

ဒါပေမယ့် ဒေသတွင်း ကုန်သွယ်မှုဝေစုအရ ကြည့်ပါက ပြောင်းပြန်အနေအထားဖြစ်နေပါတယ်။ ကုန်သွယ်မှုဝေစုက ဒေသတွင်းမှာ အချင်းချင်း ဆောင်ရွက်နေတဲ့ ကုန်သွယ်မှုကို စုစုပေါင်း ကုန်သွယ်မှုပမာဏအရ အချိုးအစားချမှတ်တာ ဖြစ်ပါတယ်။ အဲဒီအချိုးအစားအရ အေဒီဘီနဲ့ အိုင်အမ်အက်ဖ်က ပြုစုတဲ့စာရင်းအရ ၂၀၁၄ ခုနှစ်မှာ အာဆီယံဒေသက ၂၄ ဒသမ ၂၂ ရာခိုင်နှုန်းရှိပြီး အီးယူက ၆၄ ဒသမ ၅၃ ရာခိုင်နှုန်းရှိပါတယ်။

ဒေသတွင်း ကုန်သွယ်မှုဝေစုမှာ အာဆီယံက နိမ့်ကျနေတဲ့အတွက် အာဆီယံစီးပွားရေးပေါင်းစည်းမှုအောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့တာကို စီးပွားရေးသမား တွေက ငြင်းပယ်ခဲ့ကြပါတယ်။ ဒါပေမယ့် အာဆီယံရဲ့ TTI က ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး အီးယူရဲ့ TTI ထက် ပိုမိုသာလွန်သွားပါတယ်။ အာဆီယံ ဒေသတွင်းအချင်းချင်း ကုန်သွယ်မှုက လုံးဝဆိုးရွားမှုမရှိပါဘူးလို့ The Business Times နဲ့ တွေ့ဆုံမေးမြန်းခန်းမှာ အာဆီယံလေ့လာရေးစင်တာမှ ဆန်ချီတာဘာစူးဒပ်စ်က ပြောပါတယ်။

## ကမ္ဘောဒီးယားနိုင်ငံက အန်ကောဝပ်ခရီးသွား လက်မှတ်များကို အွန်လိုင်းမှ ရောင်းချပေးမည်

ခရီးသွားများအဆင်ပြေညီညွတ်မှုရှိစေရန်အတွက် အန်ကောဝပ်ဘုရားကျောင်းသို့လာရောက်လည်ပတ်မည့် ခရီးသည်များအတွက် ခရီးသွားလက်မှတ်များကို ကမ္ဘောဒီးယားနိုင်ငံက အွန်လိုင်းမှ စတင်ရောင်းချတော့မှာဖြစ်ကြောင်း တီတီအာဝိကလီး သတင်းမှာဖော်ပြပါတယ်။

ခရီးသွားများအတွက် ပိုမိုလျှင်မြန်အဆင်ပြေညီညွတ်တဲ့ ဝန်ဆောင်မှုကိုပေးနိုင်ဖို့အတွက် အန်ကောဝပ်ခရီးသွားလက်မှတ်ကို အွန်လိုင်းမှစတင်ရောင်းချသွားမှာဖြစ်ကြောင်းနဲ့ လက်မှတ်ရောင်းချရရှိတဲ့ ဝင်ငွေကိုလည်း ပိုမိုထင်သာမြင်သာရှိပြီး ရှင်းလင်းအောင်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး အွန်ပွန်မိုနီရော့သ်က ဖနွမ်းပင်ပို့စ်သတင်းစာကို ပြောကြား ပါတယ်။

"လက်ရှိ အိုင်တီစနစ်ကို ပြန်လည်ပြင်ဆင်ရပါမယ်။ လောလောဆယ်မှာ ဆာဗာကောင်းကောင်းလည်း မရှိသေးပါဘူး။ မှတ်ပုံတင်အကောင့်နဲ့ လက်မှတ်အချက်အလက်တွေသတ်မှတ်တဲ့ စနစ်ကလည်းအဆင့်မမီသေးပါဘူး"လို့ သူကပြောပါတယ်။

ငွေပေးချေမှုစနစ်ကို ချေးငွေကတ်နဲ့ပေးချေပြီး၊ သူတို့ရဲ့ဓာတ်ပုံကို အီးမေးလ်နဲ့ပို့ပါက ဝန်ကြီးဌာနက သူတို့အတွက် လက်မှတ်ကို ပြင်ဆင်ပေးမှာဖြစ်ကြောင်းနဲ့ လက်မှတ်ရဖို့အတွက် တန်းစီပြီးစောင့်ဆိုင်းရန်လိုတော့မှာမဟုတ်ကြောင်း သူကပြောပါတယ်။ လက်ရှိ လက်မှတ်ရောင်းတဲ့ စနစ်ကို ၁၉၉၉ ခုနှစ်ကစတင်အသုံးပြုခဲ့တာဖြစ်ပြီး အင်တာနက်က အလွန်နှေးတယ်လို့ဆိုပါတယ်။ စနစ်သစ်က ပိုမိုတိုးတက်ကောင်းမွန်တဲ့ ဝက်ဘ်ဆိုက်နဲ့ ချိတ်ဆက် ဆောင်ရွက်မှာဖြစ်ကြောင်း သူကပြော ပါတယ်။

လောလောဆယ်မှာ နိုင်ငံခြားခရီးသွားတွေက ဘုရားကျောင်းများကို သွားရောက်လည်ပတ်ရာမှာ တစ်ရက်အတွက် အမေရိကန်ဒေါ်လာ ၂၀၊ သုံးရက်အတွက် အမေရိကန်ဒေါ်လာ ၄၀ နဲ့ ရက်သတ္တပတ် အတွက်ဒေါ်လာ ၆၀ ပေးရပါတယ်။

ယခုအခါ ကမ္ဘောဒီးယားဗဟိုအစိုးရက "Angkor Wat Institution" ဆိုတဲ့အေဂျင်စီတစ်ခုကိုဖွဲ့စည်းပေးပြီး အန်ကောဝပ် ရှေးဟောင်းဒေသဝင်ကြေးများကို တာဝန်ယူကောက်ခံလျက်ရှိပါတယ်။ ရှေးဟောင်းဒေသဝင်ကြေးကို ယခင်က ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်တဲ့ Sokinex Group ကို ကန်ထရိုက်စနစ်နဲ့ခွင့်ပြုထားရာမှ ယခုနှစ်ဇန်နဝါရီ ၁ ရက်ကစပြီး ခွင့်ပြုမိန့်ကို ရုပ်သိမ်းခဲ့ပါတယ်။

## ဖိလစ်ပိုင်နိုင်ငံ မင်နာဒါအိုငါးဖမ်းလုပ်ငန်းကဏ္ဍ ပြည်ပတင်ပို့ရေးအတွက် ငွေကြေးလိုအပ်

ပို့ကုန်လုပ်ငန်းတွေ ကျဆင်းနေတဲ့အတွက် ထုတ်လုပ်မှုအရည်အသွေးနဲ့ ထုတ်လုပ်မှုစွမ်းဆောင်ရည်တွေကို တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်မပေးနိုင်ဘူးဆိုရင် ဖိလစ်ပိုင်နိုင်ငံ မင်နာဒါအိုဒေသရှိ ငါးဖမ်းလုပ်ငန်းတွေမှာ အလုပ်သမား ရှားပါးမှုနဲ့ ရင်ဆိုင်တွေ့ကြုံရလိမ့်မယ်လို့ ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းရှင်များအသင်းချုပ် (Philippine Exporters Confederation-Philexport) က သတိပေးထားကြောင်း ဖီးလ်စတားအွန်လိုင်းသတင်းမှာ ဖော်ပြပါတယ်။

"မင်နာဒါအိုရဲ့ ကုမ္ပဏီတွေအများစုက လုပ်သားတွေ လျှော့ချချင် လျှော့ချ၊ လုပ်ငန်းတွေကို အလှည့်ကျ အစီအစဉ်နဲ့ လုပ်ချင်လုပ်၊ ဒါမှမဟုတ် အလုပ်သမားတွေကို အလုပ်ကနေရပ်နားခိုင်းရမယ့် အခြေအနေ ရှိနေပါတယ်"လို့ ဖိလစ်ပိုင်ပို့ကုန်လုပ်ငန်းရှင်များအသင်းချုပ်ရဲ့ အမှုဆောင်ဒါရိုက်တာ အစ္စမေးလ်ဆာလစ်ဂျူနီယာက ပြောပါတယ်။

လောလောဆယ်မှာ ဒေသတွင်းရှိ ငါးဖမ်းနဲ့ ပင်လယ်ရေကြောင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းမှာ ဆောင်ရွက်နေတဲ့ လုပ်သား ၃၀၀၀၀၀ ရှိနေပါတယ်။ ဒီအရေအတွက်ထဲမှာ အခြေအနေတွေ ပိုမိုဆိုးရွားလာတာနဲ့တစ်ပြိုင်နက် သွယ်ဝိုက်ပြီးထိခိုက်ခံရမယ့် လုပ်သားတွေမပါဝင်သေးကြောင်း ဆာလစ်ကပြောပါတယ်။

ယခုပြဿနာဖြစ်ပွားရတဲ့ အဓိကအချက်က ဆန်းတို့စ်စီးတီးအပါအဝင် ဒေသတွင်းမှာ ငါးရရှိမှုကျဆင်းတဲ့အတွက် စည်သွပ်ဘူးလုပ်ငန်းနဲ့ ရေထွက်ပစ္စည်းဆင့်တက် ပြုပြင်မှုလုပ်ငန်းတွေရဲ့ ပို့ကုန်ကျဆင်းမှုကြောင့် ဖြစ်ပါတယ်။

ဖိလစ်ပိုင်ငါးဖမ်းသူအများစုက အင်ဒိုနီးရှားရေပိုင်နက်မှာ ခွင့်ပြုချက်ယူပြီး ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေသူတွေ ဖြစ်ပါတယ်။ အင်ဒိုနီးရှားက ငါးဖမ်းခွင့်ကို ပိတ်ပင်လိုက်တဲ့အတွက် ဖိလစ်ပိုင်ကုမ္ပဏီ ၁၀၀ ကျော်မှာ စီးပွားရေးလုပ်ငန်းတွေ နှေးကွေးကျဆင်းပြီး တချို့လုပ်ငန်းတွေ ရပ်ဆိုင်းထားရပါတယ်။

ဒီပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် မိုက်ကရို၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေအတွက် ဆောင်ရွက်ထားတဲ့ အစီအစဉ်အရ ငွေကြေးထောက်ပံ့မှုအကူအညီရဖို့ ဒေသတွင်းရှိ ပို့ကုန်လုပ်ငန်းရှင်တွေက ကြိုးပမ်းနေကြောင်း ပို့ကုန်လုပ်ငန်းရှင်များအသင်းချုပ်က ပြောပါတယ်။

## လပ်ကီးဆင်းမ်ကတ်များအတွက် ဗီယက်နမ်နိုင်ငံသားတို့ တန်းစီ



ဗီယက်နမ်ပြည်တွင်းစမတ်ဖုန်းထုတ်လုပ်ရေးလုပ်ငန်း Vinaphone က ဗီယက်နမ်မြောက်ပိုင်းနဲ့ တောင်ပိုင်းဒေသမှာ မတ် ၇ ရက်က လပ်ကီးမိုဘိုင်းဖုန်းဆင်းမ်ကတ်များကို ရောင်းချခဲ့တဲ့အတွက် လူအများအပြားတန်းစီဝယ်ယူကြကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

နံပါတ်ရှစ်ကကောင်းတဲ့ ဂဏန်းလို့ ဗီယက်နမ်လူမျိုး အများအပြားက ယုံကြည်ထားပါတယ်။ ရောင်းချနေတဲ့ ဆင်းမ်ကတ်တွေကို ဂဏန်း ၀၈၈ နဲ့ စထားတဲ့အတွက် ကံကောင်းတဲ့နံပါတ်တွေအဖြစ် ယူဆကြပါတယ်။ ဆင်းမ်ကတ်ရောင်းချသူတွေက ဟနွိုင်းမြို့ ဒင်ရှန်းဟောင်လမ်းမှာ ဆင်းမ်ကတ်သစ် ၅၀၀ ခန့်နဲ့နောက် ၅၀၀ ကိုဟိုချီမင်းစီးတီးပတ်စချာလမ်းမှာ ရောင်းချမှာ ဖြစ်ပါတယ်။ ကတ်တွေကို http://chanso.vinaphone.com.vn ကနေအွန်လိုင်းစနစ် နဲ့ ဝယ်ယူနိုင်ပါတယ်။

ဟနွိုင်းမြို့ ဘာဒင်းခရိုင်မှာ ဖုန်းကတ်တွေကို ဦးရာလူစနစ်နဲ့ ရောင်းဖို့ vinaphone က ကြေညာခဲ့ရာ မိမိကြိုက်နှစ်သက်ရာ ဂဏန်းဝယ်နိုင်ဖို့ လူတွေတန်းစီပြီးစောင့်နေရပါတယ်။ တချို့ဆို တစ်နာရီကျော်ကြာတန်းစီစောင့်ခဲ့ပေမယ့် သူလိုချင်တဲ့ နံပါတ်ကိုဝယ်လို့မရခဲ့ဘူးလို့ ဆိုပါတယ်။

မတ် ၈ ရက်မှစပြီး vinaphone ဆင်းမ်ကတ်တွေကို အွန်လိုင်းကရော vinaphone အရောင်းဆိုင်တွေမှတစ်ဆင့်ပါ တစ်နိုင်ငံလုံး ဖြန့်ချိသွားမှာ ဖြစ်ပါတယ်။ vinaphone ရဲ့အဆိုအရကတ်အသစ်တွေကို မိုဘိုင်းဖုန်းနံပါတ်အဖြစ် အသုံးပြုနိုင်ပြီး ဖုန်းပိုင်ရှင်ကကတ်ကို စမတ်ဖုန်းတွေ တက်ဘလက်တွေနဲ့ တွဲကာ အင်တာနက်ကိုအသုံးပြုနိုင်မှာ ဖြစ်ပါတယ်။

ဆင်းမ်ကတ်အသစ်ဝယ်သူတွေက ဗီယက်နမ်ဒေါင် ၁၄၈၀၀၀ (အမေရိကန်ဒေါ်လာ ၇ ဒေါ်လာ) ဖိုး ကြိုတင်ငွေဖြည့်ကတ်ဝယ်ရင် တစ်လအတွင်း ဖုန်းခေါ်ချိန် ၂၈၈ မိနစ်၊ SMS ၂၈၈ ကြိမ်အသုံးပြုနိုင်ပြီး ပထမသုံးလမှာ ဒေတာ 600 MB အသုံးပြုခွင့်ရမှာ ဖြစ်ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

## ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ဖို့ အင်ဒိုနီးရှားအစိုးရကို ကျွမ်းကျင်သူများက နှိုးဆော်

ကုန်စည်ဈေးနှုန်းများကျဆင်းပြီး ကုန်ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးမှုနှုန်းတန့်နေတဲ့အတွက် ဆက်တိုက်ဖွံ့ဖြိုးတိုးတက်နေတဲ့ ဝန်ဆောင်မှုကဏ္ဍကို အစိုးရကပိုမိုဂရုစိုက်ဆောင်ရွက်သင့်တယ်လို့ ကျွမ်းကျင်သူများနဲ့ ဝန်ဆောင်မှုကဏ္ဍလုပ်ငန်း ဆောင်ရွက်နေသူတွေကပြောကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။ ဝန်ဆောင်မှုကဏ္ဍက ဖွံ့ဖြိုးရေးအတွက် အစားထိုးအင်ဂျင်တစ်ခုဖြစ်ကြောင်းနဲ့ ကုန်စည်ဈေးနှုန်းတွေကျဆင်းနေချိန်မှာ ဒီကဏ္ဍကို ယှဉ်ပြိုင်နိုင်စွမ်းရည်အားသာချက်မြင့်တင်ရေး လက်နက်ကိရိယာတစ်ခုအဖြစ်အသုံးပြုသင့်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဟောင်းနဲ့ စီးပွားရေးပညာရှင်တစ်ဦးဖြစ်သူ မာရီအယ်လ်ကာပန်ဂဲဆုက ပြောပါတယ်။

"ကုန်ထုတ်လုပ်မှု ကဏ္ဍမှာ တန်ဖိုးမြှင့်ထုတ်လုပ်မှုကိုဆောင်ရွက်ရမယ့်အပြင် ဝန်ဆောင်မှုကဏ္ဍနဲ့လည်း ကုန်သွယ်မှုကို တစ်ဟုန်ထိုးမြှင့်တင်ပေးနိုင်မယ့် အလားအလာတွေ ရှိနေပါတယ်"လို့ သူမက ပြောပါတယ်။

စီးပွားရေးဖွံ့ဖြိုးမှုကို လှုံ့ဆော်အားပေးနိုင်ဖို့နဲ့ ကုန်စည်နဲ့ရေနံစိမ်းဈေးနှုန်းတွေကျဆင်းနေတာကို ကာမိနိုင်ဖို့အတွက် ယခုအချိန်မှာ ကုန်ထုတ်လုပ်မှုကဏ္ဍမှာ တန်ဖိုးမြှင့်ထုတ်ကုန်တွေထုတ်လုပ်နိုင်ဖို့ အစိုးရကကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅ ခုနှစ် အင်ဒိုနီးရှားနိုင်ငံရဲ့ ရေနံမဟုတ်တဲ့ ကုန်ပစ္စည်းလုပ်ငန်းက ၅ ဒသမ ၀၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ အစိုးရရဲ့ ကနဦးရည်မှန်းချက်က ၆ ရာခိုင်နှုန်းသတ်မှတ်ထားတဲ့အတွက် ရည်မှန်းချက်အောက်အများကြီး ကျဆင်းနေပါတယ်။ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူပေးရာမှာ ဝန်ဆောင်မှုကဏ္ဍကလွန်စွာအရေးပါကြောင်း ဆစ်ဂမာဆင်ဘာဒါဂရုဥက္ကဋ္ဌ ခရစ်ကန်တာက ပြောပါတယ်။

ဝန်ဆောင်မှုကဏ္ဍမှာ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးမှ အစပြုပြီး ဆက်သွယ်ရေးလုပ်ငန်းများ အဆုံးကဏ္ဍမျိုးစုံပါဝင်ပြီး ဂျီဒီပီတိုးတက်မှုကို များစွာအထောက်အကူပြုခဲ့ပါတယ်။ အင်ဒိုနီးရှားဝန်ဆောင်မှု ဆွေးနွေးပွဲအဖွဲ့ရဲ့ခန့်မှန်းချက်အရ ၂၀၀၀ ပြည့်နှစ်မှာ ဂျီဒီပီရဲ့ ၄၅ ရာခိုင်နှုန်းရှိရာမှ ၂၀၁၂ ခုနှစ်မှာ ၅၅ ရာခိုင်နှုန်းအထိမြင့်တက်လာပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### လန်ဒန်

ကမ္ဘာမှာ ရေနံအများဆုံးထုတ်လုပ်သူများက မတ်လအတွင်းမှာ ရေနံထုတ်လုပ်မှုထိန်းချုပ်ဖို့ သဘောတူမှာဖြစ်ကြောင်းနဲ့ ဒီလိုသဘောတူတဲ့အတွက် နှစ်ပေါင်းများစွာဖြစ်ပေါ်နေတဲ့ ရေနံအလျှံပယ်ဖြစ်မှုတွေ လျော့ပါးသွားလိမ့်မယ်ဆိုတဲ့ ခန့်မှန်းချက်များထွက်ပေါ်လာပြီး မတ် ၉ ရက်မှာ ရေနံစိမ်း ဈေးနှုန်းတွေ အမေရိကန်ဒေါ်လာ ၄၀ အထက် မြင့်တက်လာကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

### တိုကျို

ယခင်နှစ်အကုန်အထိပြုစုထားတဲ့ စာရင်းများအရ ဂျပန်နိုင်ငံမှာနေထိုင်ဖို့ မှတ်ပုံတင်ထားတဲ့ နိုင်ငံခြားသားဦးရေ ၂၂၃၂၀၀၀ ဦးအထိ ရှိခဲ့ရာ ၂၀၁၄ခုနှစ်ကထက် ၁၁၀၀၀၀ ဦး ပိုမိုခဲ့ကြောင်းနဲ့ ယခုကဲ့သို့ နိုင်ငံခြားသား များပြားလာရခြင်းမှာ ကျောင်းသားဗီဇာနဲ့ သင်တန်းသားဗီဇာတို့ဖြင့်နေထိုင်သူဦးရေများပြားလာခြင်းကြောင့်ဖြစ်ကြောင်း တရားရေးဝန်ကြီးဌာနမှ မတ် ၁၁ရက်က ထုတ်ပြန်ချက်ကို ကိုးကားပြီး အင်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

### စင်ကာပူ

စင်ကာပူနိုင်ငံမှာ စီးပွားရေးဖွံ့ဖြိုးမှုနှေးကွေးနေတာနဲ့ အလုပ်သမားစရိတ် မြင့်တက်နေတာကို ကျော်လွှားဖို့ ကြိုးပမ်းနေရတဲ့အတွက် နိုင်ငံခြားလုပ်သားအတွက် ကောက်ခံတဲ့အခွန်(Levy)ကောက်ခံရေးကို ရွှေ့ဆိုင်းထားလိမ့်မယ် သို့မဟုတ် ၂၀၁၆ ခုနှစ်ဘတ်ဂျက်မှာ လုံးဝပယ်ဖျက်ထားလိမ့်မယ်လို့ ခန့်မှန်းရကြောင်း Citi အစီရင်ခံစာကို ကိုးကားပြီး စင်ကာပူ ဘိဇနက်ရီဗျူးသတင်းမှာ ဖော်ပြပါတယ်။

### ဟာနွိုင်း

ဒေသတွင်းနဲ့ အပြည်ပြည်ဆိုင်ရာပေါင်းစည်းရေးမှာ မိမိတို့ရဲ့ ယှဉ်ပြိုင်မှုစွမ်းရည်ကို မြှင့်တင်မယ်ဆိုရင် ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေ အထူးသဖြင့် အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေက မိမိတို့ ကုန်အမှတ်တံဆိပ်တွေ ဖွံ့ဖြိုးတိုးတက်စေမယ့် အစီအမံတွေကို မြှင့်တင်ဆောင်ရွက်သင့်တယ်လို့ စက်မှုနဲ့ ကုန်သွယ်ရေးဒုတိယဝန်ကြီး ဒိုသန်းဟိုင်ကပြောကြောင်း ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

## USA

# လေယာဉ်မှူးရှားပါးမှုကြောင့် ဒေသတွင်း လေကြောင်းလိုင်းများထိခိုက်

အမေရိကန်ပြည်ထောင်စုအတွင်းရှိ အလယ်အလတ်တန်းစားနဲ့ ဒေသတွင်း လေကြောင်းလိုင်းများမှာ လေယာဉ်မှူးရှားပါးမှုနဲ့ ရင်ဆိုင်တွေ့ကြုံနေရပြီး ထိုသို့ရှားပါးမှုက အမေရိကန်ပြည်ထောင်စု လေကြောင်းသွားလာမှုလုပ်ငန်းကို ခြိမ်းခြောက်လာကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြထားပါတယ်။ လုပ်သားရှားပါးမှုကြောင့် မဲဆာအဲလိုင်းနဲ့ ဆီလ်ဗားအဲဝေးစသည့် ခရီးသည်တင်လေယာဉ်များရဲ့ ခရီးစဉ်များကို ဖျက်သိမ်းခဲ့ရပါတယ်။ ဒီအခြေအနေကြောင့်ရက်ဒင်း၊ ကယ်လီဖိုးနီးယား၊ ပင်ဆယ်ဗေးနီးယားကဲ့သို့သော လေဆိပ်ငယ်ကလေးများကို ပိုမိုထိခိုက်စေခဲ့ကြောင်း လေကြောင်းလိုင်းလေယာဉ်မှူးများအသင်း (Air Line Pilots Association-ALPA) မှ ထုတ်ပြန်သော စာရင်းများအရ တွေ့ရပါတယ်။

ဝန်ထမ်း အခက်အခဲကြောင့် ကျေးလက် စားသုံးသူများအတွက် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးနေကြတဲ့ အလတ်စားကုမ္ပဏီများကို မှီခိုအားထား ဆောင်ရွက်နေကြတဲ့ ယူနိုက်တက်အဲလိုင်းနဲ့ ဒယ်လ်တာအဲလိုင်းကဲ့သို့သော လေကြောင်းလိုင်းကုမ္ပဏီကြီးများရဲ့ သွားလာမှုကို အဟန့်အတားဖြစ်စေခဲ့ပါတယ်။

"ခရီးသည်တင်လေယာဉ် အချို့မှာ အကျပ်အတည်းတွေ့ပြီး လေကြောင်းခရီးစဉ် ဖျက်သိမ်းမှုများနဲ့ ကြုံတွေ့ရသလို အခြားပြင်းထန်တဲ့ အခက်အခဲတွေနဲ့ တွေ့ကြုံခဲ့ရပါတယ်" လို့လေယာဉ်မှူး တစ်ဦးကပြောပါတယ်။

ဒယ်လ်တာအဲဝေး၊ ယူနိုက်တက်အမေရိကန် အဲလိုင်းတို့အတွက် ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးနေတဲ့ ရီပတ်ဗလစ်အဲဝေးလေကြောင်းလိုင်းက ဖေဖော်ဝါရီမှာ လုပ်သားရှားပါးမှုကြောင့် ဒေဝါလီခံဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ လေ ယာဉ်မှူး ရှားပါးရခြင်း အကြောင်းတရားများစွာရှိသည့်အနက် အလုပ်ချိန် ရှည်လျားခြင်း၊ စီမံခန့်ခွဲမှုနဲ့ ဆက်ဆံရေး မပြေလည်ခြင်း၊ အလုပ်အကိုင်ကို အကာအကွယ်ပေးမှု နည်းပါးခြင်းနဲ့ ၂၀၂၂ ခုနှစ်အထိ အနားယူတော့မယ့် လေယာဉ်မှူး ၁၈၀၀၀ အထိရှိနေခြင်း စတဲ့အချက်တို့ ပါဝင်ပါတယ်။

## East Asia

# တောင်ကိုရီးယားစီးပွားရေးဖွံ့ဖြိုးမှုနှုန်း နှေးကွေးလာ



ကမ္ဘာ့ဝယ်လိုအား ကျဆင်းခြင်းနဲ့ အတူ အဓိကအားဖြင့် တောင်ကိုရီးယားရဲ့ ပို့ကုန်လုပ်ငန်းများ ကျဆင်းမှုနဲ့ ပြည်တွင်းစားသုံးမှု ကျဆင်းခြင်းတို့ကြောင့် တောင်ကိုရီးယား စီးပွားရေး နှေးကွေးကျဆင်းရတယ်လို့ နိုင်ငံတော် အကြံပေးအဖွဲ့ (State-run Think Tank) က မတ် ၇ ရက်ကပြော ကြောင်း ယွန်းဟပ်သတင်းမှာ ဖော်ပြပါတယ်။

"တောင်ကိုရီးယား နိုင်ငံရဲ့ အဓိကစီးပွားရေး ညွှန်းကိန်းတွေက ဆက်လက်ကျဆင်းလျက်ရှိတာကို တွေ့ရပြီး စီးပွားရေးဖွံ့ဖြိုးမှုမှာလည်း တစတစ ကျဆင်းနေတာကို အချက်ပြသတိပေးလျက်ရှိနေပါတယ်"လို့ ကိုရီးယား ဖွံ့ဖြိုးရေးသိပ္ပံ (Korea Development Institute) က ထုတ်ဝေ တဲ့ တိုင်းပြည်ရဲ့ စီးပွားရေးအခြေအနေ လစဉ်သုံးသပ်ချက်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှေးကွေးမှုကြောင့် ပို့ကုန်လုပ်ငန်းများက ဆက်တိုက်ကျဆင်းနေကြောင်းနဲ့ အဲဒီလိုကျဆင်းတဲ့ အကျိုးဆက်ကြောင့် သတ္တုတူးဖော်ရေး၊ ကုန်ထုတ်လုပ်ရေးနဲ့ သင်္ဘောတင်ပို့မှုလုပ်ငန်းတွေ ဆက်လက်ကျဆင်းခဲ့ရကြောင်း KDI က ဆက်လက်တင်ပြထားပါတယ်။

အာရှဒေသမှာ စတုတ္ထအကြီးမားဆုံးဖြစ်တဲ့ တောင်ကိုရီးယားနိုင်ငံရဲ့ ဖေဖော်ဝါရီပြည်ပပို့ကုန်က နှစ်အလိုက်နှိုင်းယှဉ်ရင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ၁၄ လမြောက်အဖြစ် ဆက်တိုက်ကျဆင်းခဲ့ရာ တိုင်းပြည်၏ ကုန်သွယ်မှုသမိုင်း အရှည်ကြာဆုံး ကျဆင်းမှု ဖြစ်ခဲ့ပါတယ်။

ပို့ကုန်လုပ်ငန်းနဲ့ တိုက်ရိုက်ဆက်သွယ်နေတဲ့ စက်မှုလုပ်ငန်းထုတ်လုပ်မှုက ဇန်နဝါရီမှာ လအလိုက်နှိုင်းယှဉ်ရင် ၁ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ အဓိကအားဖြင့် မော်တော်ကားထုတ်လုပ်ရေးနဲ့ သတင်းအချက်အလက်နည်းပညာလုပ်ငန်းရဲ့ ထုတ်လုပ်မှုကျဆင်းတဲ့အတွက် ယခုလိုကျဆင်းရတာဖြစ်ပါတယ်။ ကုန်လက်ကျန်နဲ့တင်ပို့မှုအချိုးမှာ ဒီဇင်ဘာက ၁၂၀ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ဇန်နဝါရီမှာ ၁၂၈ ဒသမ ၄ ရာခိုင်နှုန်း ရှိပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

## South Asia

# အိန္ဒိယအစိုးရက ဆိပ်ကမ်းရှင်းလင်းရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်

ပို့ကုန်သွင်းကုန် ကုန်စည်များအတွက် ဆိပ်ကမ်းရှင်းလင်းချိန်ကို ထက်ဝက်လျှော့ချရန်နဲ့ အိန္ဒိယကုန်သည်များအတွက် လုပ်ငန်းဆောင်ရွက်ချိန်ကို လျှော့ချနိုင်ရန်အတွက် ဆောင်ရွက်ရာမှာ အကူအညီပေးရန် အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တိုင်းမ်အော့အိန္ဒိယသတင်းမှာ ဖော်ပြပါတယ်။

နယ်နိမိတ်ဖြတ်ကျော်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေတဲ့ နိုင်ငံပေါင်း ၁၈၀ ရှိတဲ့အနက် အိန္ဒိယနိုင်ငံရဲ့အဆင့်နေရာက အဆင့် ၁၃၃ မှာရှိကြောင်း ကမ္ဘာ့ဘဏ်ရဲ့လေ့လာချက်စာတမ်းမှာ ဖော်ပြပါတယ်။ ပို့ကုန်လုပ်ငန်းရှင်တစ်ယောက်ကပျမ်းမျှခြင်းအားဖြင့် စာရွက်စာတမ်းများ ပြင်ဆင်တာနဲ့ နယ်နိမိတ်ဖြတ်ကျော်ရေး စည်းမျဉ်းဥပဒေများအတွက် ကိစ္စအဝဝဆောင်ရွက်ရာမှာ နာရီ ၁၅၀ နီးပါးသို့မဟုတ် ခြောက်ရက်ခန့်ကြာပါတယ်။ ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေထဲမှာ ဆိပ်ကမ်း၊ အကောက်ခွန်နဲ့ အခြားကြီးကြပ်ထိန်းသိမ်းရေးဆိုင်ရာရုံးလုပ်ငန်းအဝဝမှသည် ပို့ကုန်ရှင်းလင်းရေးလုပ်ငန်းအထိ ပါဝင်ပါတယ်။ သွင်းကုန်လုပ်ငန်းရှင်များအတွက်မူ နာရီ ၃၈၀ သို့မဟုတ် ၁၆ ရက်ကြာမြင့်ပါတယ်။ နိုင်ငံတစ်နိုင်ငံလုပ်ငန်းဆောင်ရွက်ရလွယ်ကူမှု အဆင့်သတ်မှတ်ချက် "Ease of Doing Business" ရေးသားဖော်ပြရာမှာ ပြဿနာကို အရှိထက်ပိုမိုဖော်ပြထားတယ်လို့ အကောက်ခွန်အရာရှိများက ပြောပေမယ့် ဒီစနစ်တွေကိုပြုပြင်ဖို့အတွက် နရိန္ဒရာမိုးဒီအစိုးရ စတင်ဆောင်ရွက် နေပါပြီ။

ပြဿနာအရပ်ရပ်ကို စိစစ်ဖော်ထုတ်ရန်အတွက်ဝန်ကြီးအဖွဲ့ အတွင်းဝန်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးအတွင်းဝန် ရီတာတီးအိုရှားကို ခေါင်းဆောင်စေပြီး ခုံအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဆောင်ရွက်ရမယ့် ကိစ္စတွေထဲမှာ စာရွက်စာတမ်းများ ရယူရေးမှသည် စက်ရုံတွင်းထုပ်ပိုးမှုစသည့် လုပ်ငန်းတွေပါဝင်ပါတယ်။ ဤကဲ့သို့ ဆောင်ရွက်နိုင်ခြင်းအားဖြင့် ပို့ကုန်များကို မိမိစက်ရုံထဲမှာအကောက်ခွန်ရှင်းလင်းမှုကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

## Middle East

# လုပ်သားလစာပေးကြန့်ကြာမှုကြောင့် ဆော်ဒီအာရေးဘီးယားကို နိုင်ငံခြားအစိုးရများက ဖိအားပေး

ဆော်ဒီအာရေးဘီးယား ပြည်တွင်းဆောက်လုပ်ရေး လုပ်ငန်းများက လုပ်သား ထောင်ပေါင်းများစွာအတွက် လစာပေး နှောင့်နှေးကြန့်ကြာနေတာကြောင့် နိုင်ငံခြားအစိုးရများက ဆော်ဒီအာရေးဘီးယား အာဏာပိုင်များကို ဖိအားပေးလျက်ရှိရာ ရေနံစိမ်းဈေးနှုန်းကျဆင်းမှုကြောင့် ဆော်ဒီအာရေးဘီးယားနိုင်ငံရဲ့ စီးပွားရေးကို ဖိအားပေးတဲ့ လက္ခဏာတစ်ရပ်သဖွယ် ဖြစ်လာကြောင်း ရိုက်တာသတင်းမှာ ဖော်ပြထားပါတယ်။

ယခင်နှစ် နှောင်းပိုင်းမှစပြီး နှစ်စဉ်ဘတ်ဂျက်လိုငွေ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ခန့်ကို ထိန်းချုပ်နိုင်ရေးအတွက် အစိုးရအသုံးစရိတ်ကို လျှော့ချခြင်းအားဖြင့် ဆော်ဒီအာရေးဘီးယားအစိုးရက ရေနံဝင်ငွေကျဆင်းမှုကို တုံ့ပြန်ဆောင်ရွက်ခဲ့ပါတယ်။ ဤကဲ့သို့ဆောင်ရွက်ခဲ့ရတဲ့ အတွက် ဆော်ဒီအာရေးဘီးယားရှိ ဆောက်လုပ်ရေးလုပ်ငန်းများကို လည်ပင်းညှစ်သကဲ့သို့ဖြစ်ခဲ့ရပြီး ဆောက်လုပ်ရေးလုပ်ငန်းများမှာ အစိုးရထံမှငွေအရနည်းကာ နိုင်ငံခြားလုပ်သား ထောင်ပေါင်းများစွာအတွက် လစာပေးနှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။ တချို့ဝန်ထမ်းများ လစာမရသည်မှာ လပေါင်းများစွာကြာနေပြီဖြစ်ပါတယ်။

ဆော်ဒီအာရေးဘီးယားတွင် အလုပ်လုပ်ကိုင်နေသူမှာ ၁၀ သန်းခန့်ရှိပြီး အများစုမှာ တောင်အာရှ၊ အရှေ့တောင်အာရှနဲ့ အရှေ့အလယ်ပိုင်းဒေသတို့မှ လာရောက်သူများ ဖြစ်ပါတယ်။ အများစုမှာ လစာနည်းဝန်ထမ်းများဖြစ်ပြီး ဆော်ဒီအာရေးဘီးယားနိုင်ငံသားတို့ မလုပ်လိုတဲ့ လုပ်ငန်းကဏ္ဍများဖြစ်တဲ့ ဆောက်လုပ်ရေး၊ အိမ်ဖော်နဲ့ လက်လီလုပ်ငန်းတွေမှာ ဝင်ရောက်နေတာ ဖြစ်ပါတယ်။ လစာပေးနှောင့်နှေးကြန့်ကြာ မှုကို ဖြေရှင်းပေးလျက်ရှိတဲ့ နိုင်ငံများ တွင် ဖိလစ်ပိုင်နိုင်ငံလည်း ပါဝင်ပါ တယ်။ ဆော်ဒီအာရေးဘီးယားမြို့တော်ရီးယဒ်ရှိ ဖိလစ်ပိုင် သံရုံးက အဆိုပါပြဿနာကို ဖြေရှင်းရန် ဆော်ဒီအာဏာပိုင်တို့နဲ့ ဆက်သွယ်ဆောင်ရွက်နေကြောင်း အလုပ်သမားဝန်ကြီးက ပြောပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

တရုတ်ဗဟိုဘဏ်က ယွမ်ငွေကြေးရဲ့ နေ့စဉ်ငွေကြေးဖလှယ်နှုန်းမှာ ယွမ်တန်ဖိုးကို တိုးမြှင့်သတ်မှတ်လိုက်ပြီးနောက်ပိုင်း ယွမ်ငွေကြေးတန်ဖိုးက ၂၀၁၆ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးအထိ ရောက်ရှိလာတဲ့ အတွက် မတ် ၁၁ ရက်မှာ အာရှငွေကြေးများရဲ့ တန်ဖိုးတွေ မြင့်တက်လာခဲ့ပါတယ်။ ဥရောပ ဗဟိုဘဏ် (အီးစီ ဘီ)ကအတိုးနှုန်းများကို လျှော့ချပေးတော့မှာဖြစ်ကြောင်း ကြေညာလိုက်ပြီးနောက်ပိုင်း အီးစီဘီရဲ့ ဆောင်ရွက်မှုကြောင့် အာရှဒေသရှိ ထွန်းသစ်စ ဈေးကွက်များအတွင်းရှိ မတည်ရင်းနှီးငွေတွေစီးဝင်လာအောင် တွန်းအားပေးခဲ့ပါတယ်။ မတ် ၁၀ ရက်မှာ ဒေါ်လာနဲ့ဖလှယ်တဲ့ အခါ ယူရို တန်ဖိုး မြင့်တက်လာပြီး နောက်ပိုင်း ယွမ်ငွေကြေးတန်ဖိုးကလည်း လိုက်ပါ မြင့်တက် ခဲ့ပါတယ်။

### တရုတ်ယွမ်

တရုတ်ဈေးကွက်တွေ မဖွင့်မီ တရုတ်ဗဟိုဘဏ်က တရားဝင်ယွမ်/ဒေါ်လာပျမ်းမျှဖလှယ်နှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ၆ ဒသမ ၄၉၀၅ ယွမ်သတ်မှတ်ပေးခဲ့ပါတယ်။ သတ်မှတ်လိုက်တဲ့နှုန်းထားက ၂၀၁၆ ခုနှစ်အတွင်းအမြင့်ဆုံးဖြစ်ပြီး တရုတ်ယွမ်ငွေကြေးအပေါ် ယုံကြည်မှုပိုမိုမြင့်တက်စေခဲ့ကြောင်း ကုန်သည်တွေက ပြောပါတယ်။ တရုတ်ပြည်တွင်းဈေးကွက်မှာယွမ်ငွေကြေးဖလှယ်နှုန်းက အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၄၈၆၆ ယွမ်နှုန်းအထိမြင့်တက်ခဲ့ရာ ဒီဇင် ဘာနောက်ပိုင်း အမြင့်ဆုံးနှုန်း ဖြစ်ခဲ့ပါတယ်။

### အိန္ဒိယရူပီး

အိန္ဒိယပြည်တွင်းဈေးကွက်မှာ သွင်းကုန်လုပ်ငန်းရှင်များရဲ့ ဒေါ်လာဝယ်လိုအား ပိုမိုမြင့်တက်လာတဲ့ အတွက် မတ် ၁၁ ရက်နံနက်ပိုင်းမှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရူပီးတန်ဖိုးက သုည ဒသမ ၁၁ ရူပီး နှုန်းကျဆင်းပြီး တစ်ဒေါ်လာကို ၆၇ ဒသမ ၁၈ ရူပီးနှုန်း ရှိခဲ့ပါတယ်။ ဒါပေမယ့် ဈေးပိတ်ချိန်မှာတော့ နိုင်ငံခြားငွေတွေစီးဝင်မှုကောင်းမွန်လာတဲ့ အတွက် ဘဏ်တွေရဲ့ ပို့ကုန်လုပ်ငန်းရှင်တွေက ဒေါ်လာကိုပြန်လည်ရောင်းချလာတဲ့ အတွက် ရူပီးတန်ဖိုး သုည ဒသမ ၄ ရူပီးနှုန်းမြင့်တက်ပြီး အမေရိကန်တစ်ဒေါ်လာကို ၆၇ ဒသမ ဝ၇ ရူပီးနှုန်း ဖြစ်ခဲ့ပါတယ်။ စောစောပိုင်းက ရူပီးတန်ဖိုး ကျဆင်းရတာက ဒေါ်လာဝယ်လိုအားကောင်းမွန်လို့ဖြစ်ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဒါပေမယ့် ဈေးအဖွင့်မှာ ပြည်တွင်းရှယ်ယာဈေးတွေမြင့်တက်မှုကြောင့် ရူပီးတန်ဖိုးကျဆင်းမှုသက်သာစေခဲ့ပါတယ်။

### ဂျပန်ယန်း

ဥရောပဗဟိုဘဏ်က အက်ဆက် (Asset)ဝယ်ယူမှုအစီအစဉ်ကို မူလက တစ်လလျှင် ယူရို ဘီလီယံ ၆၀ (အမေရိကန် ဒေါ်လာ ၆၆ ဒသမ ၈၁ ဘီလီယံ) ဝယ်ယူခဲ့ရာမှ ဧပြီလကစပြီး တစ်လကို ယူရိုဘီလီယံ ၈၀ (အမေရိကန်ဒေါ်လာ ၈၉ ဒသမ ဝ၈ ဘီလီယံ) ဝယ်ယူမယ်လို့ ကြေညာပြီးနောက်ပိုင်း မတ်လ ၁၁ ရက်မှာ ယူရိုတန်ဖိုးကျဆင်းပြီး ဒေါ်လာတန်ဖိုးမြင့်တက်ခဲ့ပါတယ်။ နယူးယောက်ဈေးကွက်မှာ မတ် ၁၀ ရက်က တစ်ယူရိုကို ၁ ဒသမ ၁၂၀၆ ဒေါ်လာနှုန်းရှိရာမှ နောက်တစ်နေ့မှာ ၁ ဒသမ ၁၁၅၅ ဒေါ်လာနှုန်းအထိရောက်ရှိခဲ့ပါတယ်။

ဒေါ်လာ/ယန်း ဖလှယ်နှုန်းက တစ်ဒေါ်လာကို ၁၁၃ ဒသမ ၇ ယန်းနှုန်းရှိခဲ့တဲ့အတွက် ယခင်နေ့ကရှိခဲ့တဲ့ ၁၁၂ ဒသမ ၉၉ ယန်းနှုန်းထက် အမေရိကန်ဒေါ်လာတန်ဖိုး မြင့်တက်ခဲ့ပါတယ်။ ယူရိုယန်းဖလှယ်နှုန်းက တစ်ယူရိုကို ၁၂၆ ဒသမ ၈၃ ယန်းနှုန်းရှိခဲ့ပြီး ရက်သတ္တပတ်သုံးပတ်အတွင်းအမြင့်ဆုံးဖြစ်ပါတယ်။

### မလေးရှားရင်းဂစ်

ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်းတွေ အနည်းငယ် ကျဆင်းမှုကြောင့် ပြည်တွင်းငွေကြေးအပေါ်ယုံကြည်မှု ကျဆင်းခဲ့တဲ့အတွက် မတ် ၁၁ ရက် နံနက်ပိုင်းမှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်ရာမှာ ရင်းဂစ်ငွေကြေးတန်ဖိုး ကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။

ရင်းဂစ်တန်ဖိုးက မတ် ၁၀ ရက် ညနေ ၅ နာရီက တစ်ဒေါ်လာကို ၄ ဒသမ ဝ၉၅ဝ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့နံနက် ၉ နာရီ ၂ မိနစ်မှာတစ်ဒေါ်လာကို ၄ ဒသမ ၁၁၈ဝ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ အခြားအဓိကငွေကြေးများနဲ့ ဖလှယ်ရာမှာလည်း ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

ဥရောပဗဟိုဘဏ်ရဲ့ ဘွန်းစာချုပ်ဝယ်ယူရေးအစီအစဉ်ကို ရင်းနှီးမြှုပ်နှံသူတွေက အပြုသဘောတုံ့ပြန်ခဲ့တဲ့အတွက် နည်းပညာကုမ္ပဏီများနဲ့ မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီများအပါအဝင် တောင်ကိုရီးယား ရှယ်ယာဈေးတွေ မတ် ၁၁ ရက်က မြင့်တက်ခဲ့ပါတယ်။ ဒေါ်လာနဲ့ဖလှယ်ရာမှာ ပြည်တွင်းငွေကြေးတန်ဖိုးလည်း မြင့်တက်ခဲ့ပါတယ်။

တောင်ကိုရီးယားဝမ်နဲ့ အမေရိကန်ဒေါ်လာဖလှယ်ရာမှာ ဝမ်တန်ဖိုးက ယခင်နေ့ကထက် ၁၂ ဒသမ ၇ ဝမ်နှုန်းမြင့်တက်ပြီး မတ် ၁၁ ရက်မှာ တစ်ဒေါ်လာကို ၁၂ဝ၃ ဒသမ ၅ ဝမ်နှုန်းရှိခဲ့ပါတယ်။

### ထိုင်းဘတ်

အီးစီဘီရဲ့ ငွေကြေးမူဝါဒလျှော့ချတဲ့အစီအမံကြောင့် ထိုင်းနိုင်ငံရဲ့ စတော့အိတ်ချိန်းအညွှန်းကိန်းမြင့်တက်ခဲ့တဲ့နည်းတူ ထိုင်းဘတ်တန်ဖိုးကလည်း မတ် ၁၁ ရက်က ငါးလအတွင်း အမြင့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။ ဘတ်ငွေတန်ဖိုးက ဈေးကွက်အဖွင့်မှာ အမေရိကန် တစ်ဒေါ်လာကို ၃၅ ဒသမ ဝ၈ နှုန်း ရှိခဲ့ပါတယ်။ ထိုင်းဘတ်တန်ဖိုး က နှစ်စမှ မတ် ၁၂ ရက်အထိ ၂ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်



## အီးစီဘီက စီးပွားရေးလှုံ့ဆော်အားပေးရေး အစီအစဉ်များကို တိုးမြှင့်

ယူရိုဇုန်ငွေကြေးဖောင်းပွမှုနှုန်းကျဆင်းလာပြီး စီးပွားရေးအလားအလာကလည်း ဆက်လက်မှေးမှိန်နေတဲ့အတွက် ယခုရက်သတ္တပတ်မူဝါဒ အစည်းအဝေးမှာ ဥရောပဗဟိုဘဏ်က စီးပွားရေးလှုံ့ဆော်အားပေးမှုအစီအမံသစ်များကို ဥရောပဗဟိုဘဏ် (အီးစီဘီ) ရဲ့ ကြေညာလေ့လာဆန်းစစ်သူတို့က ပြောကြောင်း အေအက်ဖ်ပီသတင်းမှာ ဖော်ပြပါတယ်။

ဒီဇင်ဘာလအတွင်းကလည်း လှုံ့ဆော် အားပေးရေး စီမံကိန်းကိုကြေညာခဲ့ပေမယ့် ဘဏ္ဍာရေးဈေးကွက်တွေမှာ စိတ်ပျက်စရာတွေနဲ့သာ ကြုံတွေ့ခဲ့ရပြီးနောက်ပိုင်း ယခုတစ်ကြိမ်မှာ အီးစီဘီအကြီးအကဲ မာရီယို ဒရပ်ဂီကပိုမိုရဲရင့်တဲ့ မူဝါဒတွေ ကြေညာလိမ့်မယ်လို့ဗဟိုဘဏ်လေ့လာ အကဲခတ်သမားတွေက ခန့်မှန်းကြပါတယ်။

ဗဟိုဘဏ်ကြေညာချက်မှာ အတိုးနှုန်းတွေထပ်မံလျှော့ချဖို့ ဗဟိုဘဏ်က ဝယ်ယူနေတဲ့ ဘွန်းစာချုပ်ပမာဏကိုတိုးမြှင့်ပေးဖို့ ဖြစ်ပါတယ်။

“လာမယ့် အစည်းအဝေးမှာ ငွေကြေးမူဝါဒကိုလျှော့ချဖို့ အချက်ပြနေပါတယ်’လို့ Capital Economics မှ စီးပွားရေးပညာရှင် ဂျိုနသန်လုံးက ပြောပါတယ်။

ဒေသတစ်ခုလုံးရဲ့ ငွေကြေးဖောင်းပွမှုနှုန်းက ဖေဖော်ဝါရီမှာ ငါးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် အနုတ် သုည ဒသမ ၂ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့တဲ့အတွက် ယူရိုဇုန်ရဲ့ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက လောလောဆယ်မှာ ပြန်လည်မြင့်တက်လာဦးမှာ မဟုတ်တဲ့အတွက် နောက်ထပ်စီးပွားရေး လှုံ့ဆော်အားပေးမှု အစီအစဉ်ထပ်လုပ်ရန်သေချာကြောင်း ဘယ်ရင်းဘတ်ဘဏ်မှ စီးပွားရေးပညာရှင် ဟိုလ်ဂါရှမီဒင်းက ပြောပါတယ်။

## ဗဟိုဘဏ်အတိုးနှုန်း သုည ရာခိုင်နှုန်းအောက်အထိကျဆင်းမှုကြောင့် ဂျပန်စီးပွားရေးလုပ်ငန်းများက ကာလရှည်ဘွန်းစာချုပ်များ ထုတ်ဝေ

ဂျပန်ဗဟိုဘဏ်က အတိုးနှုန်းကို သုည ရာခိုင်နှုန်းအောက်သို့လျှော့ချရန် ဆုံးဖြတ်ချက်ချမှတ်မှုကြောင့် တချို့ကုမ္ပဏီတွေက အချိန်ကာလကြာမြင့်မှ အချိန်စေ့ရောက်မယ့် ဘွန်းစာချုပ်တွေကို ထုတ်ဝေလာကြကြောင်း စထရိတ်တိုင်းမ် သတင်းမှာ ဖော်ပြထားပါတယ်။

တစ်ချိန်ကဆိုလျှင် ဒီလို ကာလရှည်ဘွန်းစာချုပ် တွေကို ရင်းနှီးမြှုပ်နှံသူတွေက ရှောင်ကြပါတယ်။ အစဉ်အလာအားဖြင့် ၁၀ နှစ်ကျော်မှ အချိန်စေ့ရောက်တဲ့ ဘွန်းစာချုပ်တွေကို ပြည်သူ့အသုံး အဆောင်လုပ်ငန်းနဲ့ မီးရထားကော်ပိုရေးရှင်းတို့ကဲ့သို့သော ကုမ္ပဏီအနည်းငယ်သာ ထုတ်ဝေကြပြီး ရင်းနှီးမြှုပ်နှံသူတွေကလည်း အဲဒီလိုစိတ်ချလောက် အောင်ဝင်ငွေရရှိတဲ့ အဖွဲ့အစည်းတွေက ထုတ်ဝေမှသာ စိတ်ချရတယ်လို့ ယူဆကြပါတယ်။

ဒါပေမယ့် ဂျပန်စီးပွားရေး ပြန်လည်ရှင်သန်လာဖို့ အတွက် ဂျပန်ဗဟိုဘဏ်အတိုးနှုန်းကို သုည ရာခိုင်နှုန်းအောက်သို့လျှော့ချပြီးနောက် ကာလတိုဘွန်းစာချုပ်တွေရဲ့ အတိုး နှုန်းတွေလွင့်ပါးပျောက်ကွယ်ခဲ့ရပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေကလည်း အကျိုးအမြတ်ပိုမိုရှိလာမယ့် ကာလရှည်ဘွန်းစာချုပ်တွေမှာ ရင်းနှီးမြှုပ်နှံလာကြပါတယ်။

မကြာသေးမီက ရထားလုပ်ငန်းတွေက ကာလရှည်သက်တမ်းစေ့ရောက်မယ့် ဘွန်းစာချုပ်တွေထုတ်ဝေခဲ့ပါတယ်။ အလားတူပဲ အစားအစာ ကုမ္ပဏီတွေနဲ့ Discount Company Groups ကလည်း ထုတ်ဝေခဲ့ကြပါတယ်။

ဖေဖော်ဝါရီလအတွင်းက အနောက်ပိုင်းဂျပန် မီးရထားကုမ္ပဏီကစာချုပ်ယန်း ၁၀ ဘီလီယံဖိုးရှိ နှစ်လေးဆယ်ဘွန်းစာချုပ်ကို ထုတ်ဝေခဲ့ရာ ဂျပန်ကုမ္ပဏီက ထုတ်ဝေခဲ့တဲ့ ဘွန်းစာချုပ်တွေအနက် သက်တမ်းအရှည်ဆုံးဖြစ်ကြောင်း သွမ်မဆင်းရိုက်တာသတင်းဌာနက ပြောပါတယ်။

## NS NGWE TAIK SOE Co., LTD.

**U TIN HTUN**
*Managing Director*

No. 7-D, Ayetharyar Street,
Baukhtaw, Tarmwe Township,
Yangon Myanmar.
E-mail - ngwetaiksoecompany@gmail.com

Tel : 545599, 545672,
540338, 401285,
Fax : 553823, 09-6803364,
HP : 095018533



## NEW GOLDEN GATE
(1991) Co., Ltd
**EXPORT & IMPORT**

ပဲ၊ နှမ်းများကို အခြောက်ခံခြင်းနှင့်အရောင်ခွဲပေးခြင်း လုပ်ငန်းအား
ခေတ်မီစက်ကြီးများအသုံးပြု၍ သင့်တော်သောဈေးနှုန်းဖြင့်
ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ပေးပါသည်။



Khit Thit (Shwe Pyi Thar Warehouse)
No-49/50, Satsayar U Tun Street,
Industrial Zone (4),
Shwe Pyi Thar Township, Yangon.
Ph: 680451, 680567, 680568







## AM AUNG MYINT MARR CO.,LTD

**DAW AYE THANDAR HTUN**
**Managing Director**

No. 7-D, Ayetharyar Street,
Baukhtaw, Tarmwe Township,
Yangon Myanmar.
E-mail : aungmyintmarr@googlemail.com

Tel : 01-545599, 545672,
540338, 401285,
Fax : 553823, 09-6803364,
HP : 09-2006460



## SWY Group Co.,Ltd























SHWE WAH YAUNG
Agriculture Production Co.,Ltd

SHWE WAH YAUNG
General Services Co.,Ltd

**Office :** Nya/73, Yuzana Street, Bayint Naung (1) Ward, Mayangone Township, Yangon, Myanmar
☎ : 01-680 803 , 01-686 158 , 01-686 251 Fax : 01-686 251

**Warehouse :** No(465/A), Corner of Yaw Ah Twin Win U Pho Hlaing Street & Kannar Street,
Shwe Lin Pan Industrial Zone, Hlaing Tharyar Township, Yangon, Myanmar
☎ : 01-680 803 , 01-686 158 , 01-686 251 Fax : 01-686 251

website : www.swygroup.com , Email : lumawmm@swygroup.com



TOKYO PIPE & KYOTO ELECTRONIC
uPVC Pipes အမျိုးမျိုး
ပိုက်ဆက်ပစ္စည်းအမျိုးမျိုး
HDPE Pipe
HDPE Pipe Fitting များ
HDPE Pipe များ
Screen Pipe & Casing Pipe များ
Super Spring Hose
Super Braid Hose & Water Discharge Hose
33 KV, 11 KV, 0.4 KV Wire Cables အမျိုးမျိုး
Electrical Conduits Pipe & Fitting များ
Nickel Coatted Copper
H-Bean များ
ဘိလပ်မြေများ
သံချောင်းများ(Deformed Bar)
Submersible Pump & Expension Joint များ
Corner ချောင်းများ
PVC Car Pets
ကော်စေ့များ
Manual/Electric Stacker
Electric Chain Hoist
လုပ်ငန်းသုံး Inkjet Printer
Imperial Leather Soap & Products
Hotel နှင့် အိမ်သုံး Kyoto Electronic အမျိုးမျိုး
YAMAHA
Multi Passenger & Personal Transportation Vehicle
MYANMAR PIPES & ACCESSORIES CO., LTD.
Excel Treasure Tower
Tel : 95-1-559 744, 09-500 1326
Fax: 95-1-558 869

## ပူပြင်းခြောက်သွေ့မှုဒဏ်ကို ခံစားနေရတဲ့ လယ်သမားများအတွက် ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကူညီရေးနည်းလမ်းများရှာ

ယခုနှစ်မှာ ထိုင်းနိုင်ငံရှိ ပြည်နယ် ၂၂ ခုမှာ ပြင်းထန်တဲ့ မိုးခေါင်ခြောက်သွေ့မှုဒဏ်ကို ခံစားရပြီး အဆိုပါမိုးခေါင်ခြောက်သွေ့မှုဒဏ်ကို ခံနိုင်ရည်ရှိစေဖို့အတွက် တောင်သူလယ်သမားများက သီးနှံများကို ပြောင်းလဲစိုက်ပျိုးခဲ့ရပါတယ်။ ဒီလိုပြောင်းလဲစိုက်ပျိုးရာမှာ အောင်မြင်မှုရရှိစေနိုင်ဖို့ ထိုင်းစီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

အပိုဝင်ငွေရရှိရေးအတွက် လယ်သမားများက ယခုနှစ်အတွင်း ကျေးလက်ထုတ်ကုန်တွေ ရောင်းချရာမှာလည်း ဝန်ကြီးဌာနက အကူအညီပေးသွားမှာ ဖြစ်ပါတယ်။ ပဲမျိုးစုံ၊ မြေပဲ၊ ပြောင်း၊ ပီလောပီနံ၊ လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်၊ စပါးလင်၊ ဖရုံသီး၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ အုန်းသီး၊ ဒူးရင်းနဲ့ ငှက်ပျောသီး စတဲ့ သီးနှံတွေရဲ့ ဈေးကွက်တည်ငြိမ်ရေးအတွက်လည်း ဝန်ကြီးဌာနက အကူအညီပေးနေကြောင်း လက်ထောက်အမြဲတမ်းအတွင်းဝန် ဆွမ်ချပ်ဆရွိုင်းသောင်းက ပြောပါတယ်။

ရေနဲ့ မနီးတဲ့ သို့မဟုတ် ရေသွင်းစိုက်ပျိုးမှုမရှိတဲ့ သို့မဟုတ် အစားထိုးသီးနှံမစိုက်ပျိုးနိုင်တဲ့ နယ်မြေ ဒေသတွေမှာ လယ်သမားများရဲ့ ဝင်ငွေဆုံးရှုံးမှုကို ကာမိစေဖို့အတွက် လယ်သမားများက သူတို့ကျေးလက်ဒေသတွေနဲ့ အထူးကိုက်ညီတဲ့ ထုတ်ကုန်တွေထုတ်လုပ်နိုင်ရေးအတွက် စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ခံပြည်နယ်ရုံးများက အကူအညီပေးဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

အဆိုပါ ထုတ်ကုန်တွေထဲမှာ အထည်ရက်လုပ်ခြင်းနဲ့ တောင်းများရက်လုပ်ခြင်းမှ အစပြုပြီး သစ်သားထွင်းထုခြင်း၊ အသုံးအဆောင်ပစ္စည်း ထုတ်လုပ်ခြင်း နဲ့ အလှဆင်လုပ်ငန်းများအထိပါဝင်ပါတယ်။ ဝန်ကြီးဌာနက ဒီလိုထုတ်ကုန်တွေအတွက် ဝယ်လက်များရရှိအောင် အကူအညီပေးသလို ဝယ်လိုအားရှိတဲ့ ကုန်ပစ္စည်းတွေကို လယ်သမားများက ထုတ်လုပ်ပြီး ဈေးကွက်များရရှိအောင်ဆောင်ရွက်နိုင်ရေးအတွက် ပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးပါတယ်။ ယခုနှစ်အတွင်း ရောင်းလိုအား ကျဆင်းနိုင်တဲ့အတွက် လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီး၊ ဥနဲ့ ဝက်သားဈေးတွေ သာမန်ထက်ပိုမို မြင့်မားမယ်လို့ ဆွမ်ချတ်က ယုံကြည်ထားပါတယ်။ ဒါပေမယ့် ပစ္စည်းရှားပါးပြတ်လပ်မှုလျော့ပါးသက်သာစေဖို့နဲ့ ဈေးနှုန်းတွေ အဆမတန်မြင့်တက်မသွားစေဖို့အတွက် ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါတယ်။

ဈေးနှုန်းတွေမြင့်တက်စေရန် ရည်ရွယ်ချက်နဲ့ ကုန်သည်တွေက ကုန်ပစ္စည်းတွေ သိုလှောင်ထားမှာကို တားဆီးပြီး စားသုံးသူများကို အကာအကွယ်ပေးနိုင်ဖို့အတွက် နိုင်ငံတစ်ဝန်းရှိဝန်ကြီးဌာနရဲ့ ပြည်နယ် ရုံးများက ကုန်စည်နဲ့ ဝန်ဆောင်မှုဈေးနှုန်းများကို စောင့်ကြည့်လေ့လာလျက်ရှိပါတယ်။

## ပြည်ပမှလာရောက်နေထိုင်သူများအတွက် စင်ကာပူနိုင်ငံက ကမ္ဘာမှာ ကုန်ကျစရိတ်အမြင့်မားဆုံးဖြစ်

၁၉၇၀ ပြည့်လွန်နှစ်များမှစပြီး စင်ကာပူနိုင်ငံရဲ့ စားသုံးသူဈေးနှုန်းများ ကျဆင်းခဲ့တာ ကာလရှည်ကြာလှပြီဖြစ်ပေမယ့် ပြည်ပမှလာရောက်နေထိုင်သူတွေအတွက် ကမ္ဘာမှာ ကုန်ကျစရိတ်အများဆုံးနိုင်ငံဆိုတဲ့ ဂုဏ်ပုဒ်ကို စင်ကာပူက ထိန်းသိမ်းလာခဲ့တာ သုံးနှစ်ဆက်တိုက်ရှိခဲ့ပြီဖြစ်ကြောင်း စထရိတ်တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

၂၀၁၆ ခုနှစ် ကမ္ဘာ့တစ်ဝန်း နေထိုင်စရိတ်အမြင့်မားဆုံးစစ်တမ်းကို Economist Intelligence Unit (EIU) က မတ် ၁၀ ရက်က ထုတ်ပြန်ခဲ့ရာ စင်ကာပူနိုင်ငံရဲ့အဆင့်က ဇူးရစ်၊ ဟောင်ကောင်၊ ဂျနီဗာနဲ့ ပဲရစ်တို့ရဲ့ရှေ့ကို ရောက်ရှိနေပြီး ထိပ်ဆုံးမှာရှိနေကြောင်း စစ်တမ်းမှာ ဖော်ပြထားပါတယ်။

ကုန်ပစ္စည်းအမျိုးအစား ၁၆၀ ရဲ့ ကုန်ကျစရိတ် နဲ့ ပတ်သက်ပြီး ကမ္ဘာတစ်ဝန်းရှိ မြို့ကြီးပေါင်း ၁၃၃ မြို့ကို နှိုင်းယှဉ်တွက်ချက်ရာ စင်ကာပူက ကုန်ကျစရိတ် အများဆုံးဖြစ်ပြီး လန်ဒန်က ဆဋ္ဌမနဲ့ နယူးယောက်က သတ္တမနေရာမှာ ရှိပါတယ်။ ထည့်သွင်းတွက်ချက်တဲ့ ကုန်ပစ္စည်းအမယ်တွေထဲမှာ အစားအစာ၊ ရေချိုးခန်းနဲ့ အဝတ်အစားမှအစပြုပြီး အိမ်ဖော်အတွက် ကုန်ကျစရိတ်အထိ ပါဝင်ပါတယ်။

နေထိုင်စရိတ် အသက်သာဆုံးမြို့မှာ ဇမ်ဘီယာနိုင်ငံမြို့တော် လူဆာကာမြို့ဖြစ်ပြီး သူ့နောက်မှာ အိန္ဒိယနိုင်ငံ ဘင်ဂါလိုနဲ့ မွမ်ဘိုင်းတို့ဖြစ်ကြောင်း EIU က ပြောပါတယ်။

စစ်တမ်းကောက်ယူတဲ့ ရည်ရွယ်ချက်က လူသားအရင်းအမြစ်ဆိုင်ရာ (HR) မန်နေဂျာများနဲ့ ဘဏ္ဍာရေးဆိုင်ရာမန်နေဂျာများက ပြည်ပမှ လာရောက်လုပ်ကိုင်သူများရဲ့ စီးပွားရေးလုပ်ငန်းနဲ့ ခရီးသွားသူများအတွက် နေထိုင်မှုစရိတ်နဲ့ လစာမှအပ အကျိုးခံစားခွင့်များ တွက်ချက်ရာမှာ အထောက်အကူရစေဖို့ ဖြစ်ပါတယ်။

စစ်တမ်းကောက်ယူပြီး နှိုင်းယှဉ်တွက်ချက်ရာမှာ နယူးယောက်မြို့ကို အခြေခံအဖြစ်ထားရှိကာ တွက်ချက်ခြင်း ဖြစ်ပါတယ်။ စင်ကာပူရဲ့ နေထိုင်မှုစရိတ်က ယမန်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ကျဆင်းခဲ့ပေမယ့် စင်ကာပူနိုင်ငံက ကုန်ကျစရိတ်အများဆုံး နိုင်ငံအဖြစ်ရှိနေဆဲဖြစ်ပါတယ်။

အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်မှု၊ ငွေတန်ဖိုးချမှုနဲ့ ရေနံစိမ်းနဲ့ ကုန်စည်ဈေးတွေ ကျဆင်းမှုကြောင့် ကမ္ဘာတစ်ဝန်းရှိ ကုန်ကျစရိတ်တွေ အဆ မတန်မတည်မငြိမ်ရှိနေဆဲဖြစ်ကြောင်းလည်း စစ်တမ်းမှာ ဖော်ပြထားပါတယ်။



ဉာဏ်တင်-စုစည်းတင်ပြသည်

Japan, Korea, Singapore, Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 14th March 2016

<< March And April Sailing Schedule >>

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

JAPAN / MYANMAR

| VESSEL | Height (m) | | | | | | JAPAN | | | | | | | MYANMAR | THAILAND |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A | B | C | D | E | SHANGHI | YOKOSUKA | KOBE | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON | LAEM CHABANG |
| MV.CITY OF MUMBAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | 18.2.2016 | 17.2.2016 | 16.2.2016 | | | 27.2.2016 | 3.3.2016 | |
| | S/O CUT | | | | | | | 14.2.2016 | 13.2.2016 | 12.2.2016 | | | | | |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 10.3.2016 | 11.3.2016 | 12.3.2016 | | | 20.3.2016 | 23.3.2016 | |
| | S/O CUT | | | | | | | 6.3.2016 | 7.3.2016 | 8.3.2016 | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 25.3.2016 | 26.3.2016 | 24.3.2016 | | 3.4.2016 | 6.4.2016 | |
| | S/O CUT | | | | | | | | 21.3.2016 | 22.3.2016 | 20.3.2016 | | | | |
| MV.HOEGH CHENNAI V.23 | 1.55 | 1.90 | 2.20 | 3.50 | | | | | 11.2.2016 | 12.4.2016 | 10.4.2016 | | 23.4.2016 | 27.4.2016 | |
| | S/O CUT | | | | | | | | 7.4.2016 | 8.4.2016 | 6.4.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်္ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။